www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

ဘီအေချစ်သူ

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ် (၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃
ဆုမြတ်မွန်မွန်
ဘီအေချစ်သူ ၊ ဆုမြတ်မွန်မွန် (ရန်ကုန်)
စေတနာစာပေ
၂၈၈-စာ (၅×၇)
(၁) ဘီအေချစ်သူ



# ဆုမြတ်မွန်မွန်



ဘီအေချစ်သူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

ဆိုင်ကယ်တွေ စက်ဘီးတွေ အရှမ်းရှုပ်၊ အရှမ်းကျပ်ခြင်းမှ လွတ်မြောက်လာသော်လည်း အလုံးစုံတော့ ရှင်းမသွားသေးပါ။ ပန်သည် မန္တလေးမြို့ထဲမှာ ကားမောင်းရတာကို တော်တော်စိတ်မရှည်။ ဒါဆို ရန်ကုန်မှာကျတော့ရော စိတ်ရှည်သလားဆိုတော့လည်း ရန်ကုန်ကတော့ ရှုးပြီး ထွက်ပြေးချင်စိတ် ပေါက်သွားအောင် ကားကျပ်သော နေရာမျိုး၊ မန္တလေးကျတော့လည်း ဗိယက်နမ်အလား တူလာတော့မည့် နေရာမျိုး မျက်စိထဲတွင် (မောင်းကျင့်မရှိတာမို့လားမသိ) အတော်မျက်စိရှုပ်သည်ဟု ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ ... မြန်မာနိုင်ငံရဲ့ အထင်ကရမြို့တော်ကြီးတွေ ဆိုတော့လည်း ယာဉ်ပိတ်ဆို့တာတွေ ယာဉ်ကြောရှုပ်ထွေးတာတွေဟာ အဆန်းတော့မဟုတ်ချေ။ အခုတော့ မန္တလေးမြို့ကနေ မြို့ပြင်ကို တဖြည်းဖြည်း ထွက်ခွာလာပြီမို့ မျက်လုံးထဲမှာ ဆိုင်ကယ်တွေက အတော်ရှင်းလာပြီ။ လန်းဆန်းလတ်ဆတ်သောလေကို အားရပါးရ ရှူရှိုက်လိုက်ရသဖြင့် ပြင်ဦးလွင်အထွက်လမ်းသို့ ရောက်လာပြီဆိုတာ စိတ်ကလည်း အလိုလို သိလိုက်ပါသည်။

အောင်ပင်လယ်ကို ကျော်လွန်သည်နှင့် အော်ရစ်ရှားပင်များသည် လမ်းဘေးနှစ်ဖက်စလုံး ထူထပ်စွာ သိပ်သည်းစွာ အုပ်မိုးထားမှုကြောင့် အပူရှိန်သည်လည်း အလိုအလျောက်နည်းပါးသွားတော့သည်။ အောင်ပင်လယ်ကို ဖြတ်ကျော်တိုက်ခတ်သည့်လေသည် ပန့်ရဲ့ရင်ကို ခေတ္တငြိမ်းအေးစေသလို အခြားတစ်ဦးတစ်ယောက်အတွက်လည်း ငြိမ်းအေးစေအောင် ဆောင်ရွက်ပေးနိုင်ခြင်း ဟုတ်,မဟုတ်ဆိုတာ ပြန်စဉ်းစားနေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သဘာဝရဲ့ပတ်ဝန်းကျင်ရှုခင်းများဟာ လူတစ်ယောက်ရဲ့စိတ်ကိုတော့ အနည်းနဲ့အများ ပြောင်းလဲပေးတာပဲလေ။ ၁က ကားကိုဖြည်းဖြည်းသာမောင်းရင်း ခံတွင်း





ချဉ်လာသဖြင့် စီးကရက်တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာလိုက်သည်။ ပြီးတော့ မှုတ်ထုတ်လိုက်လျှင် အဲဒီ စီးကရက်အခိုးငွေ့တွေကြားမှာ မျက်နှာတစ်ခုက ဝေဝေဝါးဝါး ပေါ်လာသည်။ သူက မျက်မှောင်တစ်ချက် ကြုတ်လိုက်ကာ ခေါင်းကို သွက်သွက်ခါယမ်းပစ်လိုက်သည်။ တော်စမ်းပါကွာ။ ချက်ချင်းပဲ သူ့အာရုံတွေကို လက်ရှိမှာ ပြန်ထည့်ထားလိုက်သည်။

တောင်ခြေကိုကျော်ပြီး (၁၉)မိုင်တိုင် ရောက်လျှင် မြေညီညာသော တောင်ကြောပြန့်ကြီးကို အရှိန်ပြင်းစွာ ဖြတ်ကျော်လိုက်သည်။

ကားအနည်းငယ်ရှင်းနေသဖြင့် သူက ဆေးလိပ်ကို ပြာငြိမ်းပြီး ခွက်ထဲပြန်ထည့်ထားလိုက်ကာ ကားကို ခပ်သွက်သွက်မောင်းလာခဲ့သည်။ (၂၁)မိုင် ရောက်လာပြီဆိုတော့ ပြင်ဦးလွင်ကို မြန်မြန်ရောက်ချင်လာပြီဖြစ်သည်။ အဲဒီအချိန်မှာပဲ ပန်ဟာ သူ့ရှေ့သို့ ရောက်နေသော Honda CRV ကားတစ်စီးကို ကျော်တက်ဖို့ရာ လမ်းတောင်းလိုက်သည်။

Honda CRV က သူ့ကို လမ်းမပေးချေ။ ရှေ့ကနေ ကိုးရိုးကားရား လာလုပ်နေသည်။ လမ်းကလည်း တစ်ခွ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ကျဉ်းသွားပြီး ခက်ခဲသောကြောင့် သူကလည်း ဖွတ် မတောင်းမိဘဲ အသာမေးထားမိသည်။ ဒါပေမဲ့ လမ်းကျယ်သွားပြီး ရှေ့က ဆယ်ဘီးကား၊ ဆယ့်နှစ်ဘီးကားကြီးတွေကိုတောင် မကျော်ဘဲ မေးလိုက်နေသောအခါ သူက စိတ်မရှည်ချင် ဖြစ်လာသည်။ ဒီကားကြီးတွေ နောက်ကနေ အိပ့် အိပ့် လိုက်နေလို့က တော့ ဘယ်လိုလုပ် ခရီးရောက်တော့မလဲ။ သူက စိတ်မရှည်စွာဖြင့် ဟွန်းကို ဖိတီးလိုက်မိသည်။ သူ pressure ပေးလွန်းလို့လား တော့ မသိချေ။

ရှေ့က ကားသမားက ဆယ်ဘီးကားကြီးကို ကျော်ဖို့ကြိုးစားသည်။ သို့သော် ကြောက်ရဲ ကြောက်ရဲ လုပ်နေသဖြင့် လမ်းကကျဉ်းသွားသောအခါ ကွေ့လို့မရနိုင်ပြန်တော့ချေ။ သူက စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုတ်သပ်မိသည် ဘယ်လိုများ ကား မောင်းနေပါလိမ့်။ မောင်းရော မောင်းတတ်ရဲ့လား မသိပါချေ။ ဒီလိုပုံစံမျိုးဟာ ကျွမ်းကျင်သော ကားမောင်းသူ မဟုတ်ဘူးဆို တာတော့ သိသာစေပါသည်။

"ဟင်း ... ငါ့နှယ်နော်။ သူ့ လုပ်ပုံနဲ့တော့ ဒီကားကြီးတွေကို ကျော်လို့ရမှာ မဟုတ်တော့ဘူး"





သူက လေပူတစ်ချက်ကို မှုတ်ထုတ်ကာ ရှေ့ကားကို ရအောင်ကျော်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် တောင်တက်လမ်းတွေ ဖြစ်နေသဖြင့် ကျော်ဖို့ရာ ဘယ်လိုမှ အဆင်မပြေချေ။ လိမ်ဖယ် လိမ်ဖယ်ဖြင့် နောက်ကသာ စိတ်မရှည်စွာ လိုက်နေရသည်။ စိတ်တိုလာပြီ ဖြစ်သောကြောင့် ကားနံပါတ်ကိုတောင် အသေအချာ မှတ်မိထားလေသည်။ တောင်တက်လမ်းတွေကို ကျော်လွန်သွားသောအခါ မြေနည်းနည်းပြန့်သော နေရာအရောက်မှာတော့ သူက အနားကို ဖွတ်ကပ်ပြီး မရမက လမ်းတောင်းလိုက်သည်။

လမ်းက ပေးပါသည်။ သို့သော် လွတ်လွတ်ကင်းကင်းလည်း မဟုတ်သောကြောင့် သူက အတင်းဖြတ်ကျော်တက်လိုက်ရာ တစ်ဖက်ကားမှာ လူးသလိုဖြစ်သွားပြီးနောက် လမ်းဘေးသို့ ထိုးဆင်းသွားပြီးနောက် ဘရိတ်အုပ်သံ ကျွီခနဲ သံကျယ်ကြောင့် သူက နောက်ကြည့်မှန်မှတစ်ဆင့် စိုက်ကြည့်နေမိသည်။ CRV ကတော့ တုပ်တုပ်မလှုပ်ဘဲ ရပ်သွားသည်။ ကိုယ်နဲ့ဘာမှ မဆိုင်သော်လည်း ကိုယ့်ပယောဂမကင်းသလို ခံစားရတာမို့ သူက ကားရပ်ကာ CRV ထံသို့ လျှောက်လာခဲ့သည်။ အနီးနားရောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ခြင်လာရတာက CRV ကို မောင်းနှင်လာသူမှာ မိန်းကလေး တစ်ယောက် ဖြစ်တာကို သိလာရသည်။ ဖရောဖွင့်ကာ ရေကို အငမ်းမရ မော့သောက်နေသော တစ်ယောက်ရှိသည့် ကားနံဘေး နားသို့ သူက ရောက်သွားပြီး ကားမှန်ကို ခေါက်လိုက်သည်။

ရေမော့သောက်နေသော မိန်းကလေးက ရပ်တန့် သွားပြီး သူ့ဘက်သို့ လှည့်ကြည့်လာသည်။ ခပ်ဝိုင်းဝိုင်း မျက်လုံး များက ထက်မြက်သော မိန်းကလေးတစ်ယောက်အဖြစ် မထင်ရ ဘူးဟု သူက မှတ်ချက်ချမိသည်။ တစ်ခဏအတွင်းမှာပဲ ကား အတွင်းသို့ သူ ဝေ့ဝဲကြည့်မိသလောက်ကတော့ တခြားအပိုလူ လည်း မပါ,ပါ။ ကားပေါ်မှ မိန်းကလေးက မှန်ကိုချကာ သူ့ကို ကြည့်သည်။ နောက် ရှေ့မှာရပ်ထားသော သူ့ကားကိုကြည့်ကာ အခြေအနေတစ်ခုကို သဘောပေါက်သွားသလိုဖြင့် မျက်နှာက တော့ နည်းနည်း အရောင်ပြောင်းသွားသည်။

"အဆင်ပြေရဲ့လား"

သူမက သူ့ကို တစ်ချက်ကြည့်သည်။ ကြည့်သည် ဆိုတာကလည်း အကဲခတ်သလို အကြည့်မျိုးမို့ သူ သဘောပေါက် လေသည်။ နက်ပြာရောင်ရင့်ရင့် ဖစ်တင်ရှပ်အင်္ကျီကို လက်ခေါက်





ဝတ်ထားပြီး မျက်မှန်အမည်း တပ်ထားသော သူ့ပုံစံကို သူမက လက်ခံသွားနိုင်လောက်သော အနေအထားဖြင့် ခေါင်းတစ်ချက် ညိတ်ပြသည်။

"ကားက ရတယ်နော်။ အိုခေ ? "

"........"

သူမက ယောင်ပြီး ခေါင်းညိတ်ပြသည်။ ပြီးတော့မှ ပျာပျာသလဲလဲ အသံနှင့် ...

"အဲ ... ရှ့မရ မသိသေးဘူး။ စက်နှိုးကြည့်လိုက်ဦးမယ်"

သူမက စက်ကို ကမန်းကတန်း ကောက်နှိုးသည်။ စက်က ဝေါခနဲ နိုးသွားပါသည်။ ဝင်းနှစ်နေသော လက်ချောင်း ဖော်င်းဖောင်းများက စင်တီရာတိုင်ကို သဘောကျသလို ပုတ် လိုက်တာကို သတိပြုမိလိုက်သေးသည်။

"အိုခေ ... ရတယ်"

"ဒါဆို ခွင့်ပြုပါဦး။ take care "

သူ့အပြောကို သူမက ငေးကြည့်နေသည်။ သူ လှည့်အထွက်မှာပဲ သူ့နားထဲသို့ သူမအသံက ကပျာကယာတိုး ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ … ဒီမှာရှင့်"

သူက လှည့်ကြည့်လိုက်လျှင် သူမက လက်ညှိုးတစ်ချောင်းထောင်ကာ …

"ကျွန်မကို စောင့်ခေါ်သွားပေးပါလား"

"ဘယ်လို"

"ဟိုလေ … ရှင်လည်း ပြင်ဦးလွင်ထိ သွားမှာမဟုတ်လား။ ကျွန်မကို စောင့်ခေါ်သွားပါလားလို့"

"ဟင် … ခင်ဗျားကားနဲ့ ခင်ဗျား မောင်းလာတာကို ကျွန်တော်က ဘာကိစ္စ စောင့်ခေါ်ရမှာလဲ"

"ဟို … တစ်ခုခု ဖြစ်မှာစိုးလို့ပါ၊ ကျွန်မ ဒီလမ်းကိုတစ်ခါမှလည်း မမောင်းဘူးလို့"

မျက်လုံးဝိုင်းများသည် တစ်စုံတစ်ယောက်ကို အကူအညီတောင်းခံရာတွင် ပို၍ဝိုင်းလာသည်ဟု ထင်မိသည်။ သူမစကားအရဆိုလျှင် ဒီလမ်းကို တစ်ခါမှ မမောင်းဘူးရုံမကဘဲ ကားကိုတောင် တစ်ခါမှ မမောင်းဖူးသလို ဖြစ်နေသည်။

"ခင်ဗျား ကားမောင်းတာရော ကျွမ်းကျင်ရဲ့လား"

"ရှင် ! ဩော် … ကျွမ်းသလိုလိုပါပဲ"





သူက စိတ်ထဲက နှာခေါင်းရှုံ့မိသွားသည်။ ခင်ဗျားမောင်းနေတာဟာ ကျွမ်းကျင်ဖို့ဝေးစွ သာမန်အဆင့်တောင်မရှိဘူးဟု ပြောပစ်ချင်စိတ်အား ထိန်းချုပ်ထားရလေသည်။ မိန်းကလေးတန်မဲ့ ကားမောင်းကျွမ်းကျင်သော တစ်စုံတစ်ယောက်ကို သွားသတိရမိလျှင်တော့ သူ့ကိုယ်သူ ကျိန်ဆဲမိချင်သွားသည်။

"ဘယ်လိုလဲဟင် ? ဖြစ်တယ်မှလား"

"အင်း … မောင်းကြည့်လာလေ၊ ကျွန်တော်ကတော့ ဖြည်းဖြည်းမမောင်းတတ်ဘူး"

ပြောပြီးသွားမှ သူ မောင်းသလို မြန်မြန်လိုက်မောင်းပြီး တစ်ခုခု ဖြစ်သွားမှာကလည်း စိုးရိမ်ရသေးသည်။ အိုတော်ပြီကွာ … သူမဟာ သူမ ဘယ်လိုပဲမောင်းမောင်း သူနဲ့ဘာမှမဆိုင်။ ကားမောင်းလည်း မကျွမ်းကျင်သေးဘဲနှင့် ဒီလိုခရီးလမ်းကို တစ်ကိုယ်တော် လွှင့်လာသည့် မိန်းကလေးတစ်ယောက်အတွက် သက်ဆိုင်ရာမိဘတွေမှာသာ စိတ်ပူစရာ တာဝန်ရှိပေလိမ့်မည်။

သူက ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ နောက်ကြည့်မှန်ကတစ်ဆင့် မြင်နေရတာကတော့ သူမကား၏



www.burmeseclassic.com

www.burmeseclassic.com



လာတယ်ဆိုတာပဲဖြစ်သည်။ အမယ် ... ရှေ့ကသွားရင်တော့ နောက်ကနေ ဖြောင့်ဖြောင့်လိုက်တတ်သလားတော့ မပြောတတ်။ သူ့ကားနောက်ကနေ CRV သည် အနည်းငယ်ပဲကွာလျက် ထက်ကြပ်မကွာ လိုက်လာသည်။ (၆)ထပ်ကွေ့အကျော်က မြေပြန့်သွားပြီမို့ သူ့ကားက သွက်သွက်သွားလျှင် နောက်ကကားကလည်း သွက်သွက်ပါလာသည်။ ပြင်မိုးလွင်အဝင်သို့ အရောက်မှာတော့ သူက ဆယ်ဘီးကားကြီးတစ်စီးကို ဖြတ်ကျော်ရင်း နောက်ကကားကို မျက်ခြည်ပြတ်လာခဲ့လေသည်။

ကုန်ကားကြီးကို ကျော်တက်အပြီး နောက်မှာတော့ သူမ CRV ကို ဆက်မတွေ့ရတော့ချေ။ သူက သွားမည့်နေရာသို့ ဦးတည်ပြီး ကားကို ဆက်မောင်းလာခဲ့သည်။ အဲဒီနေရာကို တစ်ခါရောက်ဖူးပြီးသား ဖြစ်သည့်အတွက် သူ့အတွက် သွားရေးလာရေးမှာ အခက်အခဲ တစ်စုံတစ်ရာ မရှိခဲ့ပါ။





## ၂

အခက်အခဲဆိုတာ ကျွန်မသော်ဒါဟု ပြောရလောက်အောင်ပင် ကျေးရဲ့ဘဝ၌ အခက်အခဲတွေဟာ စဉ်ဆက်မပြတ်ရောက်လာတာမျိုး ငယ်ငယ်တုန်းတည်းက ကြုံခဲ့ရဖူးသည်။ ဖေဖေ အလုပ်အဆင်မပြေချိန်က အခက်အခဲကတစ်မျိုး၊ အဆင်ပြေသွားပြီးတော့လည်း ဘဝအမောတွေ ပြေမယ်မကြံသေး ဖေဖေ ဆုံးသွားခဲ့သောအခါ အခက်အခဲကတစ်မျိုး။ ဒါပေမဲ့ ဖခင်မရှိတော့ခြင်းသာ ပြောစရာဖြစ်ပြီး ဖေဖေ့အရှိန်ကြောင့် ဖေဖေ ရှိစဉ်ကထက်တောင် လူမှုရေးဘက်မှာတော့ ပြည့်စုံခဲ့သည်။

ဒါပေမဲ့လည်း ကျေး အတွက်တော့ အရာရာတိုင်းဟာ ခက်ခဲဆဲ ခက်ခဲမြဲပဲလေ။ ကျေး အတွက်တော့ သင်ယူစရာ



www.burmeseclassic.com

www.burmeseclassic.com



တွေက အများကြီး။ သို့သော် ကျေး ပျော်သည်။ ဒါကြောင့်လည်း ကားမောင်းသင်ပြီး သိပ်ပြီးအကျွမ်းတလည် မဖြစ်သေးခင်မှာပဲ ရန်ကုန်မှ ပြင်ဦးလွင်သို့ ကျေး တစ်ယောက်တည်း ဇွန့်ဇွန့်စားစား မောင်းလာခဲ့ခြင်း ဖြစ်သည်။ အမြန်လမ်းမှာတော့ တဖြောင့်တည်း မောင်းရသည်မို့ သိပ်ပြဿနာမရှိဘဲ မန္တလေးကနေ ပြင်ဦးလွင်သို့ တက်သောအချိန်မှာတော့ အခက်အခဲဆိုတာ ရှိခဲ့သည်။ သို့သော်လည်း လိမ်ဖယ် လိမ်ဖယ်ဖြင့် ပြင်ဦးလွင်ကိုတော့ ရောက်လာခဲ့ပြီ။

ပါးစပ်ပါ ရွာရောက်သည် ဟူသော စကားကို လက်ကိုင်ထားလျက် ကျေးသည် ဆယ်နှစ်နှစ်သမီးဘဝက တစ်ခါသာရောက်ဖူးသော ပြင်ဦးလွင်ကို သိသလိုလို တတ်သလိုလို လုပ်မနေတော့ဘဲ မြို့အဝင်ဝ ရောက်တာနှင့် ကိုယ်သွားမည့်နေရာကို အနီးပါးက ဆိုင်ကယ် Taxi သမားတစ်ယောက်ထံ စုံစမ်းလိုက်သည်။ ကျေး အကူအညီတောင်းခဲ့သော ကားကိုတော့ အမြီးတောင် မမြင်ရတော့။ အေးပေါ့လေ ... လူတွေဟာ ကိုယ့်သောကနဲ့ကိုယ်၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ပေပဲ။ ခရီးသွားရင်း အမှတ်တမဲ့တွေ့တဲ့ မိန်းကလေးတစ်ယောက်အပေါ် ဘယ်လိုမှ ဆက်





လက်မပတ်သက်တာကိုပဲ သူရဲကောင်းဟု လေးစားရမလား။ ဒါမှမဟုတ် ငါကပဲ မလှတာကြောင့်များလား။

အဲဒီလိုတွေးမိလျှင် ကျေးက ပခုံးတွန့်ပြီး ပြုံးမိသွားသည်။

"အိုး ... လှလိုက်တာ ပန်းတွေ ... ကြည့်စမ်း"

ပြင်ဦးလွင်တွင် လမ်းဘေးကပန်းတောင် လှနေသည်။ ဆောင်းအကုန် နွေအကူးကာလမို့ ပန်းတွေက ပိုပြီးဝေဆာစွာ ဖူးပွင့်နေသလားတောင် ထင်ရသည်။ ပြင်ဦးလွင်၏ Air Con ဖွင့်ထားသလို ရာသီဥတုနှင့် ရှင်းသန့်လှပသော မြင်ကွင်းများသည် ကျေးရဲ့စိတ်ကို အလွန်တရာ အေးချမ်းစေပါသည်။ ကျေးက ငေးရင်း ငေးရင်း ကားကို ဖြည်းဖြည်းမောင်းလာခဲ့သည်။

"ဒီမှာရှင့် ... ကျေးဇူးပြု၍ ကျူးလစ်ပ်ဟိုတယ်ကို ဘယ်လမ်းကနေ သွားရမလဲ"

"ဪ ... ဒီကနေ ကန်တော်ကြီးကို သွားတဲ့လမ်းကနေ သွား၊ ရောက်ခါနီးရင် သစ္စာနွယ်လမ်း ဆိုတာကိုတွေ့ရင် တွေ့လိုက်လေ၊ အဲဒီလမ်းထိပ်ကနေ နည်းနည်းသွားလိုက်ရင် ကျူးလစ်ပ်ဟိုတယ်ကို ရောက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... သင့်ခ်ယူနော်"

ကျေးက ကားကိုဆက်မောင်းလာခဲ့သည်။ အင်မတန်ကားကျပ်ကာ လူနေထူထပ်သော၊ သူ့ဘာ၀ရှုခင်းရှုကွက်များ လုံး၀မရှိသော လူတွေရဲ့ဘ၀အမောတွေနဲ့သာ ပင့်သက်ရှိုက်နေရသော ရန်ကုန်နှင့် ဘာမှမဆိုင်ဘဲ အင်မတန်အေးချမ်းလှပသည့် ပြင်ဦးလွင်သို့ တာ၀န်ဖြင့် သွားရောက်ရမည်ဆိုတော့ ကျေး တကယ် ကျေနပ်ကာ ပျော်သွားခဲ့သည်။

နယ်ရဲ့အငွေ့အသက်ကို ကျေး ကြိုက်သည်။ ကျေး ငယ်ငယ်ကလည်း မုံရွာမှာ နေခဲ့ဖူးသောကြောင့် အစစအရာရာ ငြိမ်းချမ်းသက်သာသော နယ်သူနယ်သားတွေရဲ့ Life Style ကိုလည်း ကျေးက ကြိုက်ရပါသည်။ ဒီမြို့လေးကတော့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်းများစွာတည်းကမှ ပေါ်ပြူလာအဖြစ်ဆုံးနှင့် အသန့်ရှင်းဆုံးမြို့ ဟူလည်း မမှားပါ။ ရာသီဥတုအနေအထားက အားအသာဆုံး အနေအထားမှာရှိပြီး မြို့ရဲ့တည်ဆောက်ပုံက ဘိုဆန်ကာ အင်္ဂလိပ်ခေတ်က အငွေ့အသက်များကိုယနေ့ထက်ထိ မြင်တွေ့နိုင်တာလည်း ထူးခြားမှုတစ်ခုပါပင်။





ကျေး သွားရောက်ရမည့် ကျူးလစ်ပ်ဟိုတယ်သို့ သွားရာလမ်းလေးမှာ အင်္ဂလိပ်ခေတ်ထဲက ဘုရားရှိခိုးကျောင်း၊ ဥရောပဆန်ဆန်အိမ်နှင့် ခြံ၀င်းကျယ်ကြီးမှာ နေပြောက်မထိုးနိုင်သော အရိပ်ရသစ်ပင်ကြီးများ၊ လှပစွာဖူးပွင့်နေသော ၀န်းရောင်စုံများ စသဖြင့် ကျေးဟာ ခေါင်းတခါခါ လည်တခါခါဖြင့် ငေးမဆုံးနိုင်အောင် ရှိရသည်။

နောက်ဆုံးတော့လည်း ကျေးဟာ ကျူးလစ်ပ်ဟိုတယ်သို့ ရောက်လာခဲ့ပါတော့သည်။ ကျူးလစ်ပ်ဟိုတယ်သည် လွန်ခဲ့သော အင်္ဂလိပ်ခေတ်လောက်တည်းက ဟိုတယ်ဖြစ်ကာ ဟိုတယ်အနေနဲ့တော့ သိပ်အကြီးကြီး မဟုတ်လှ။ သို့သော် ခြံ၀င်းကြီးကတော့ အကျယ်ကြီးဖြစ်သည်။ ယခုနောက်ပိုင်း ပြင်ဦးလွင်ကို တော်တော်များများက အာရုံကျလာကြကာ အပန်းဖြေအနားယူသူတွေလည်း ပိုများပြားလာတာမို့ ကျူးလစ်ပ်ကို ဒီထက်မြှင့်တင်ချင်သည်။

ဒီအတွက် ကျူးလစ်ပ်ကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်ကြီးက ကျေးကို တာ၀န်ပေးလာခဲ့တာဖြစ်သည်။

"ကျူးလစ်ပ်ဟိုတယ်က တို့တွေ အမှတ်တမဲ့ ယူထားလိုက်တဲ့ ဟိုတယ်ပဲ ကျေးကျေး။ နောင်တစ်ခေတ်မှာ အလား



www.burmeseclassic.com

www.burmeseclassic.com



လာကောင်းမယ်ထင်လို့ ယူထားပေမယ့် အဲဒီဘက်ကို လှည့်မကြည့်နိုင်ဘူး ...

ခုတော့ ပြင်ဦးလွင်က Hot ဖြစ်လာပြီဆိုတော့ ကျူးလစ်ပ်ကို ပြင်ဦးလွင်ရဲ့ အောင်မြင်သော ဟိုတယ် တစ်ခုဖြစ်ဖို့ မျှော်လင့်တယ်၊ အဲဒီအတွက် ညည်း တာဝန် ယူနိုင်မလား"

အဲဒီမေးခွန်းအတွက် ကျေးက တစ်စက်လေးမှ တွန့်ဆုတ်ခြင်းမရှိဘဲ သွက်သွက်ကြီး ခေါင်းညိတ်ပြလိုက်မိသည်။ ဥက္ကဋ္ဌက ကျေးကို မျက်ခုံးတစ်ချက်ပင့်ကြည့်ကာ "ဖြစ်ပါ့မလား" ဟု အသံတိတ်စကားကို ဆိုသည်။

"ကျေး အစွမ်းကုန် ကြိုးစားမှာပါ ဥက္ကဋ္ဌ၊ ဘာတွေကြုံလာ ရမလဲဆိုတာ ကျေး မသိပါဘူး။ ဒါပေမဲ့ ဘာပဲကြုံလာ ကြုံလာ ကျေး ကြိုးစားကျော်ဖြတ်သွားမှာပါ"

ဥက္ကဋ္ဌက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ညည်းကို အခု မန်နေဂျာရာထူးနဲ့ လွှတ်လိုက်တာနော်၊ အလုပ်တစ်ခါမှ မလုပ်ဘူးတဲ့ အသက်နှစ်ဆယ့်လေးနှစ် အရွယ် မိန်းကလေးတစ်ယောက်ကို အဲဒီဟိုတယ်မှာ အကြီး ဆုံးရာထူးကို ပေးလိုက်တာ ...





ဒါပေမဲ့ ကျွန်မနဲ့ မထိုက်တန်သေးပါဘူးဆိုလည်း ရတယ်။ ညည်း စဉ်းစားလို့ ရသေးတယ်။ ညည်းအတွက် သိပ်တာဝန်ကြီးနေမယ် ဆိုရင်ပေါ့"

"တာဝန်တော့ ကြီးပါတယ်။ ဒါပေမဲ့ ကျေး ကြိုးစားကြည့် ချင်ပါတယ် ဥက္ကဋ္ဌ"

"အင်းပေါ့လေ စာတွေ့နဲ့ လက်တွေ့ဟာ ဘယ်လိုကွာလဲ ညည်း ကွင်းဆင်းကြည့်ဦးပေါ့"

ဥက္ကဋ္ဌက ကျေး ရထားသော Hotel Management ဒီပလိုမာကို ရည်ညွှန်းကာ ပြောခြင်းဖြစ်သည်။ ကျေး သွားရမည့် ကျူးလစ်ပ်ကို အသွင်ဒီဇိုင်းသစ်ဖြင့် ပြောင်းလဲပြင်ဆင်ဖို့ ကြံစည် နေသလို ဘန်ဂလိုတွေလည်း ထပ်ဆောက်ဦးမှာဖြစ်သည်။ ဥက္ကဋ္ဌ သည် ကျူးလစ်ပ်ကို ပြင်ဦးလွင်၏ အထင်ကရ အောင်မြင်သော ဟိုတယ်တစ်ခု ဖြစ်လာစေဖို့ ဆန္ဒရှိပုံ ရပါသည်။ အားလုံးပြီးစီး သွားလျှင် Royal Tulip Hotel အဖြစ် အမည်ပြောင်းမည်ဟု ပြောပြသည်။

Tulip မှသည် Royal Tulip ဖြစ်ဖို့အရေး ကျေး အများကြီး ကြိုးစားရဦးမည်။ အဲဒီအတွက်လည်း ကျေးသည်



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာရာထူးအတွက် လျှပ်ရှားတက်ကြွလို့နေသည်။ ကိုယ့်အသက်အရွယ်နှင့် ဒီရာထူးကို ရခဲ့သည့်အတွက်လည်း လူငယ်ပီပီ ဂုဏ်ယူလက်မထောင်ချင်စိတ်လည်း ရှိသလို အဲဒီအပေါ်မှာလည်း လွတ်ထွက်မသွားသော အသိနဲ့ သတိစိတ်က ရှိသေးသည်။ ဖေဖေ့ရဲ့အရိပ်ကြောင့် ဘယ်လိုမှ မထင်မှတ်ဘဲ ရလာခဲ့သည့် ဒီအလုပ်နှင့် ဒီတာဝန်ပေါ်မှာ ကျေးက အပြတ်အသတ် တာဝန်ကျေချင်ခဲ့ပါသည်။

Tulip Hotel ရှေ့သို့ ရောက်သွားလျှင် ကျေးက ငေးမောသွားရသည်။ Tulip သည် ကျယ်ဝန်းသော ခြံကျယ်ကြီးဖြစ်ကာ Hotel အဆောက်အအုံကတော့ အလယ်ကောင်ကုန်းမို့မို့လေးပေါ်တွင် တည်ရှိပြီး ဥရောပပုံစံအဆောက်အအုံတစ်လုံးဖြစ်ပါသည်။ ကျေး မြင်ဖူးထားသော တခြားဟိုတယ်တွေလို အပျံစားသားနားတာမျိုးတော့ ရှိမနေဘဲ ဟိုတယ်တစ်ခု၏ အဆင့်အတန်း အင်္ဂါရပ်နှင့်တော့ ညီမျှသည်။ ပြင်ဦးလွင်မှာ ယခုနောက်ပိုင်း ပေါ်ထွက်လာသည့် Hotel New တွေနဲ့စာလျှင် ကျူးလစ်ပ်သည် နည်းနည်းရိုးနေသည်ဟု ပြောလို့ရသော်လည်း အဲဒါကိုက စွဲဆောင်မှုတစ်ခုတော့ ဖြစ်ပါလိမ့်မည်။





ဒါကို ဒီ Hotel ကို ကျေးက အောင်မြင်အောင် လုပ်ရမတဲ့။ ဥက္ကဋ္ဌတို့ရဲ့ စီးပွားရေးလုပ်ငန်းစုကြီးထဲက ပမ္မားဟိုတယ်လေးကို ကျေး ဘယ်လိုအောင်မြင်အောင် လုပ်ရမလဲ၊ ကျေးက ပခုံးပဲ တွန့်မိသည်။ အဲဒီနောက် ဟိုတယ်ထဲသို့ ဖြည်းဖြည်းမောင်းဝင်လာခဲ့ပါသည်။ ရီဆပ်ရှင်မှာ ဆင်းပြီး ကျေးက အကျိုးအကြောင်းပြော နှုတ်ဆက်လိုက်လျှင် ကောင်တာမှ အစ်မကြီးက ဝမ်းပန်းတသာ နှုတ်ဆက်သည်။

"ဟယ် ... အစ်မတို့က မျှော်နေတာ။ ကျေးကျေးကျော်ကို မနေ့ကတည်းက ရောက်မယ် ထင်နေတာလေ။ လမ်းခရီးမှာရော အဆင်ပြေရဲ့လား"

အဆင်မပြေတာလေးတွေ ရှိခဲ့ပေမယ့်လည်း ခုချိန်မှာတော့ ဓာချဲ့မပြချင်တော့ပါ အဆင်ပြေပါတယ် ဟူ၍သာပြောလိုက်ရတော့သည်။

"ကျေး အတွက် ပြင်ဦးလွင်က နည်းနည်းစိမ်းပါတယ်၊ အလုပ်ကလည်း လေ့လာရင်းနဲ့ သင်ယူရဦးမှာပါ။ ကျေးကို ကူညီပေးပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကူညီရမှာပေါ့။ ဒီမှာ အားလုံးက မိသားစုလိုပါပဲ၊ သိပ်မကြာခင် အသားကျသွားမှာပါ"

"ဟုတ် ... ကျေးဇူးတင်ပါတယ် အစ်မ ...... ?"

"ဩော် ... အစ်မနာမည်က ချိုသဲခင်ပါ။ ဒီမှာတော့ အကြီးတန်းဝန်ထမ်းပေါ့။ အစ်မတာဝန်က ရီဆပ်ရှင်မှာပါပဲ။ House keeping ဘက်ကိုလည်း ကိုင်ပါတယ် ...

ညီမလေးက အစ်မနဲ့အတူ နေရမှာလေ။ အစ်မနဲ့ ကပ်ရပ်အခန်းမှာပေါ့။ လာ ... ညီမလေး၊ အစ်မလိုက်ပို့ပေးမယ်။ ပီစီရေ ... ဒီကအစ်မအိတ်တွေ ပစ္စည်းတွေ သယ်ပေးမယ်ဟော့"

Bell man ကလေးတွေက ရောက်လာကြပြီး ကျေးရဲ့အထုပ်တွေကို လှည်းနှင့်သယ်ဆောင်သွားကြသည်။ ကျေးနဲ့ မချိုသဲက လမ်းလျှောက်ပြီး လိုက်လာခဲ့ကြပါသည်။ ကျေးတို့ နေရမည့်နေရာက Hotel ရဲ့အနောက်ဘက်က ခြံထောင့်နားမှာဖြစ်သည်။ အခန်းလေးခန်းတွဲ ပုံစံဖြင့် တည်ဆောက်ထားပြီး အရှေ့မှာ ပန်းပင်များ စိုက်ပျိုးထားကာ အတော်လေး လှပချစ်စဖွယ်ကောင်းပေသည်။





"ပန်းတွေက လှလိုက်တာနော်"

"အဟင်း ... ဒီတစ်မြို့လုံးကတော့ ပန်းတွေချည်းပဲ ကျေးကျေးရေ။ တန်ဖိုးထားတတ်တဲ့ လူအတွက်တော့ စိတ်ချမ်းသာစရာပေါ့"

"မချိုသဲက ဒီဇာတိပဲလား"

"No ... ဘယ်ဟုတ်မလဲ ညီမရဲ့။ အစ်မက မန္တလေးက။ ဒီမြို့ခံဆို ဒီမှာ အခန်းဘယ်ရမလဲ"

"အင်းနော်"

မချိုသဲက အခန်းတံခါးကိုဖွင့်ကာ ဦးဆောင်ခေါ်သွားသည်။ အခန်းထဲရောက်လျှင် ပြတင်းပေါက်တွေကိုဖွင့်သည်။ အလင်းရောင် ဝင်ရောက်လာသော အခန်းထဲတွင် လင်းချင်းပြီး မြင်ကွင်းက ပိုအသက်ဝင်သွားသည်။ တစ်ယောက်တည်းနေရမှာဖြစ်သော်လည်း အခန်းက အတော်အသင့် ကျယ်ဝန်းကာ နှစ်ယောက်အိပ်ခုတင်ကိုပါ စီစဉ်ပေးထားသည်။ TV ၊ စာရေးစားပွဲ၊ အဝတ်ဗီရို၊ ရေချိုးခန်း စသဖြင့် တော်တော်လေး ပြည့်စုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျေးကျေး နေရမယ့် အခန်းပဲ။ လိုအပ်တာရှိရင်လည်း အစ်မကို ပြောပါ။ ရန်ကုန်ကနေ အဝေးကြီးကလာခဲ့ရတာဆိုတော့ အစ်မကို ကိုယ့်အစ်မတစ်ယောက်လိုပဲ ရင်းရင်းနှီးနှီးနေနော် ညီမလေး"

ကျေးကျေးက အဲဒီစကားကို အလှပဆုံး ပြုံးပြကာ ခေါင်းညိတ်ပြလိုက်သည်။

"ကျေးကျေး နားချင်နားလိုက်လေ။ ခဏနေရင် နေ့လယ်စာစားဖို့ စီစဉ်ထားလိုက်မယ်"

"ဟုတ်ကဲ့ ... မချိုသဲ"

"ဝန်ထမ်းတွေနဲ့ မိတ်ဆက်ပွဲမျိုးလေးပေါ့၊ အဲဒီလိုမျိုးလေးလုပ်ဖို့တော့ စဉ်းစားထားတယ်။ ကျေးကျေးရော ဘယ်လိုဆန္ဒရှိလဲ"

"ကောင်းပါတယ် မချိုသဲ၊ ကျေးလည်း အဲဒီလို စဉ်းစားထားတာပါ။ ညနေခြောက်နာရီလောက် လုပ်ကြတာပေါ့"

"အိုခေ ကျေး။ ဒါဆိုရင် အစ်မ စီစဉ်ထားလိုက်မယ်။ နားလိုက်ဦး ညီမလေး"





မချိုသဲ ထွက်သွားတာနှင့် ကျေးက လွတ်လပ်ပေါ့ပါးသော အဝတ်အစားကို ချက်ချင်းလဲလိုက်သည်။ နောက်တော့ မေမေ့ဆီ ဖုန်းခေါ်လိုက်ပါသည်။

"မေမေရေ ... ကျေး အခု ကျူးလစ်ပ်က ကိုယ့်အခန်းထဲမှာ ရောက်နေပြီ၊ ကျေး ပြင်ဦးလွင်ကို တစ်ယောက်တည်း ကားမောင်းပြီး ရောက်အောင်လာနိုင်ခဲ့ပြီ မေမေ"

ကျေးက ဝမ်းသာအားရပြောလျှင် မေမေက မယုံသလို ဆွံ့အနေသေးသည်။ ပြီးတော့မှ အသံထွက်လာသည်။

"မိကျေး ... ဟုတ်ရော ဟုတ်ရဲ့လားဟယ်။ ဘယ်လို ... ဘယ်လိုများ ...။ ညည်းက ရန်ကုန်မှာတောင် ကားမောင်းတာ ဟိုတိုး ဒီတိုက်နဲ့ ပြင်ဦးလွင်ထိ ဘယ်လိုများမောင်းသွားရတာလဲ။ လမ်းမှာ ဘာမှမတိုက်မိဘူးပေါ့"

"အာ ... မေမေကလည်း။ ဘယ်လိုပြောလိုက်တာလဲ။ အမြန်လမ်းမကြီးမှာ တိုက်မိနေရင် မေမေ့သမီး ခုလောက်ဆို နတ်ပြည်က ဆက်နေရမှာပေါ့ ..."

ရန်ကုန်မှာ ဟိုတိုက် ဒီတိုက် ဖြစ်တာ ကားတွေက ဒီလောက်ကျပ်နေတဲ့ဟာကို၊ ဒီမှာက ဒီလောက်ရှင်းဖြောင့်နေတာ ဘာကို သွားတိုက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“အမယ်လေး … ပြောလိုက်မှဖြင့်။ ကဲ … ကဲ … ရောက်ရင်လည်း ပြီးရော၊ ငါ့မှာ တထင့်ထင့်နဲ့ စိတ်ပူနေရတာ။ ဖုန်းလည်းမဆက်ရဲဘူး။ ကားမောင်းရင်း ဖုန်းကိုင်ရင် အာရုံများမှာစိုးလို့”

“အင်းပါ မမေရဲ့။ ဒီမှာလေ ရာသီဥတုက သိပ်သာယာတာပဲ သိလား။ တစ်မြို့လုံးကို Air Con ဖွင့်ထားသလို စိမ့်စိမ့်လေး။ ပန်းတွေဆိုတာလည်း လှလိုက်တာ ပြောမနေနဲ့တော့ …

ဒါကြောင့် မမေ့ကို လိုက်ခဲ့ဖို့ ပြောတဲ့ဟာ၊ ဒီက ရှေ့လျှောက် ရန်ကုန်မှာလည်း တအားပူတော့မယ့်ဟာ”

“ကျေးရယ် … မမေ သထုံမှာ တရားစခန်းဝင်မှာ သိရက်နဲ့ ဘာလို့ထပ်ပြောနေတာလဲ။ သထုံလည်းပဲ ဘုရားရိပ် တရားရိပ်မို့ ပြင်ဦးလွင်ထက်မနည်းတော့ အေးချမ်းတာပဲလေ”

မမေက ဖေဖေ ဆုံးပြီးတည်းက ဘာသာရေးဘက်ကိုပဲ အာရုံစူးစိုက်တော့သည်မို့ အားလျှင် တရားစခန်းတွေပဲ ဝင်နေတတ်တော့တာမျိုး ဖြစ်သည်။ ကျေးတို့က မောင်နှမနှစ်ယောက်





ပဲရှိကာ ကိုကြီးကလည်း သူ့အိမ်ထောင်နှင့်သူ သီးခြားနေသည်။ ကျေးတို့မိသားစုသုံးယောက်မှာ ဖေဖေက ဆုံးသွားသောအခါ ကျေးနဲ့ မမေ နောက် အန်တီအပျိုကြီးတစ်ယောက်ကပါ လာနေပေးသည်။

ယခု ကျေးက ပြင်ဦးလွင်မှာ တာဝန်ကျသောအခါ တရားစခန်းပဲ ဝင်ချင်နေတော့သည့် မမေနှင့် အန်တီလည်း အဆင်ပြေသွားတော့သည်။

“ဟုတ်ပါတယ် မမေရယ်။ ဒါပေမဲ့ ကျေးရှိတဲ့နေရာလေး ကျေး အလုပ်လုပ်တဲ့ နေရာလေးကိုတော့ တစ်ခေါက်လောက်တော့ ရောက်စေချင်တာပေါ့”

“အေးပါ မိကျေးရယ်။ ညည်းဘာသာညည်း အခြေတကျဖြစ်အောင် အရင်လုပ်စမ်းပါဦး။ ကိုယ့်ဟာကိုယ်တောင် မတန်မရာ,ရာထူး ယူထားပြီးတော့”

“အာ … မမေနော်၊ ကိုယ့်သမီးကိုယ် အဲလိုပဲပြောရလား”

“ဟုတ်တယ်လေ။ ညည်းအေ … အလုပ်လည်း တစ်ခါမှ မလုပ်ဘူးဘဲနဲ့ မန်နေဂျာရာထူးကို ချက်ချင်းတက်ယူရဲတာ အံ့ပါရဲ့ …



www.burmeseclassic.com

www.burmeseclassic.com



ညည်း အခု ဘယ်ကနေ ဘာကို စ,လုပ်မှာလဲ”

“ဟာ … မေမေကလည်း။ ဘာကို စလုပ်ရမှာလဲ။ ရန်ကုန်မှာတည်းက ကျေး ဉက္ကဋ္ဌတို့ ဟိုတယ်တစ်ခုမှာ တစ်လဆင်းခဲ့သေးတာပဲ။ ဘာကို ဘယ်လိုလုပ်ရမယ် ဆိုတာသိပါတယ် မေမေရဲ့”

“အေးပါအေ … သိရင်လည်း ပြီးရော၊ ညည်းအကြောင်း မေမေ တွေးရမှာ လန့်လွန်းလို့။ အတတ်နိုင်ဆုံးသာ ကြိုးစားလုပ်။ အဆင်ပြေအောင်နေ ကြားလား”

“အဲဒီလောက်မှ စိတ်မချရင်လည်း မေမေ လိုက်လာခဲ့ပါလား။ တစ်ယောက်တည်းကျတော့ စိတ်ချလက်ချ လွှတ်ပြီးတော့”

“ဟဲ့ … အဲဒါမှ ညည်း အောက်သက်ကျေပြီး ကိုယ့်အားကိုယ်ကိုးတတ်အောင်လို့ပေါ့ဟဲ့”

“ဟက် … တော်ပါ မေမေရာ။ ကျေးကို မေမေ့ရဲ့မသိစိတ်ကနေ အထင်ကြီးနေတယ်ဆိုလည်း ကြီးတယ်ပေါ့”

“အေးပါ … ညည်း စိတ်ချမ်းသာသလိုသာ တွေးပါတော့။ ကဲ … ကဲ … ဒါပဲ … ဒါပဲ။ ကျန်းမာရေးကို ဂရုစိုက်၊ အစစအရာရာ ဂရုစိုက် ကြားလား”





မေမေက လိုအပ်သည်များကို မှာစား အဲလေ မှာကြားပြီးနောက် ဖုန်းချသွားလေသည်။ မေမေ့ရဲ့စိတ်ထဲမှာ ကျေးကို အထင်လည်းကြီးသလို ကျေးဟာ မနိုင်ဝန်တွေ ထမ်းတတ်ပြီး တစ်ခါတစ်ရံမှာလည်း ရှုပ်ပြာ ရှုပ်ပြာနိုင်တာကို ရတက်မအေးဖြစ်နိုင်တာဖြစ်သည်။ ကျေးကတော့ မနိုင်ဝန် ထမ်းသည်ပဲဆိုဆို ကိုယ့်ကို ပေးလာသော အခွင့်အရေးတစ်ခုအား လုပ်ပြချင်စိတ်၊ ကြိုးစားချင်စိတ်တို့က အပြည့်အဝ ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



❧ ၃ ❧

"မောနင်း ဆရာ"

"အေး ... မောနင်းပါကွာ"

သူက ဂိတ်စောင့်ကောင်လေးရဲ့ နှုတ်ဆက်စကားကြောင့် ပြေးလက်စ အရှိန်ကို ရပ်တန့်လိုက်ကာ ပြန်လည်နှုတ်ဆက်လိုက်သည်။ အားကစားကို ကျန်းမာလိုက်စားသောသူပီပီ ရန်ကုန်မှာလည်း တစ်ပတ်မှာ ငါးရက် Gym ဆော့ပြီး သူ့တစ်ကိုယ်လုံးမှာ ချွေးတွေ နှင့်မစွဲနေရင် မနေတတ်ခဲ့ပါ။ အခုလည်းပဲ Gym မဆော့ရသောအခါ မနက်စောစော ထပြေးဖြစ်ခဲ့သည်။ ပြင်ဦးလွင် နံနက်ခင်းဟာ သူ တွေ့ဖူးသမျှ နံနက်ခင်းတွေထဲ၌ အလှဆုံး နံနက်ခင်း ဖြစ်ခဲ့ပါသည်။





"Breakfast က Hotel ဘက်မှာ စားရမှာပါ ဆရာ။ ကျွန်တော် လိုက်ပို့ပေးရမလား ဒါမှမဟုတ် အခန်းကိုလာပို့ခိုင်းလည်း ရပါတယ်"

"နေ ... နေ ...၊ ရေမိုးချိုးပြီးမှပဲ ဒိုင်းနင်းရွမ်းမှာ ကိုယ့်ဘာသာ သွားစားလိုက်မယ်"

"ဟုတ်ကဲ့ပါ ဆရာ။ လိုအပ်တာရှိရင် ကျွန်တော့်ကိုပြောပါ"

"ကောင်းပါပြီ"

ပန်းက တဘက်နှင့် ချွေးတွေကို ဖွဖွသုတ်ရင်း သူတို့အတွက် ပေးထားသော ညဲ့ရိပ်သာဘက် လျှောက်လာခဲ့သည်။ အခန်းရှေ့မှာ စိုက်ပျိုးပေးထားသော ဒေလီယာ၊ ကျားပါးစပ်၊ တခြား သူ မသိသော ပန်းပင်များက လေတိုက်ရာ ယိမ်းနွဲ့နေကာ သူ့ကို ကြိုဆိုပေးနေသလိုပဲဖြစ်သည်။ သစ်ပင် ပန်းမန်တွေဟာ လူ့စိတ်ကို နူးညံ့စေသလား။ သူက လေပြေကားထစ်လေးများကို နင်းဖြတ်ရင်း ပန်းလေးတစ်ပွင့်ကို ထိတော်ဆော့ကစားမိသည်။

ဘယ်လိုပဲဖြစ်ဖြစ်မှ သာယာလှပသော ပတ်ဝန်းကျင်သည် မေ့ထားချင်သော အရာအားလုံးကို မေ့ထားဖို့ စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးနိုင်သည်ဟု ထင်ပါသည်။ သူက ရေပန်းအောက်ဝင်ကာ ရေကို အားပါးတရ ချိုးပစ်လိုက်သည်။ အနည်းငယ် ချမ်းလာသည်အထိ ချိုးပြီးတော့မှ Breakfast စားအပြီး လုပ်ငန်းခွင်တစ်ခါတည်းဝင်နိုင်ရန် အဝတ်အစားလဲသည်။ သူက လူငယ်ဆန်ဆန် ဝတ်စားရတာကို သဘောကျပြီး လုပ်ငန်းခွင်လည်း ဝင်နေရသူမို့ အဲဒီနှစ်ခု မျှတအောင် ဖက်ရှင်ကို ချိန်ဆရသည်မှာ အနည်းငယ်တော့ ဦးနှောက်စားရသည်။ သို့သော် သူ စိတ်ဝင်စားသော ဘာသာရပ်မို့ ပျော်ပါသည်။

အခုလည်း စပို့ရှပ်ပန်းခရမ်းရင့်ရောင် စိုတောက်တောက်ကို ဂျင်း(န်)အနက်ဖြင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ သူ့ဆံပင်ကို ဂျယ်လ်နှင့်ပုံသွင်းပြီးသောအခါ သူ သုံးနေကျ CK Aqua ဆွတ်သည်။

ယောကျ်ားလေးတို့ရဲ့ အဆင်တန်ဆာဖြစ်သော သူ့စိတ်ကြိုက် AC Brand နာရီ ပတ်ပြီးသွားသောအခါ သူ အပြင်ထွက်ဖို့ အဆင်သင့် ဖြစ်သွားပြီဖြစ်သည်။

Hotel ဘက်သို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်လာရင်းမှ သူက Tulip Hotel ကို ဟိုဝေး ဒီဝေး ကြည့်မိသည်။





Tulip Hotel သည် အင်္ဂလိပ်ခေတ်တည်းက အပန်းဖြေရိပ်သာတစ်ခု ဖြစ်ခဲ့ပြီး လွန်ခဲ့သော တစ်နှစ်ကျော်ခန့်ကမှ သူတို့သူဌေးက ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းရယူခဲ့တာဖြစ်သည်။ တခြား Hotel အသစ်တွေ အပြိုင်အဆိုင် ထွန်းကားနေချိန်ဝယ် Tulip သည် ငြိမ်သက်အေးဆေးစွာ ရှိနေသည်။ သူတို့ကုမ္ပဏီအုပ်စုပိုင် ဟိုတယ်တွေက တခြား အထင်ကရ နေရာတွေမှာ ပထမတန်းစား ဖြစ်နေချိန်ဝယ် Tulip ကို ဥက္ကဋ္ဌက Royael Tulip ဖြစ်စေချင်လေသည်။

ထပ်မံတိုးချဲ့ကာ ဒီဇိုင်းသစ် ဘန်ဂလိုများ ဆောက်ဖို့ရာအတွက် သူက တာဝန်ခံအင်ဂျင်နီယာအဖြစ် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်၊ သူကိုယ်တိုင် ဒီဇိုင်းထုတ်ကာ ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ဖို့ ဥက္ကဋ္ဌက တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ ရန်ကုန်မှာ အတွယ်အတာ မကျန်ရစ်ခဲ့သူ တစ်ယောက်အတွက်တော့ ပြင်ဦးလွင်ဟာ သူ့အတွက် ရင်ကိုအေးမြစေပါလိမ့်မည်။ အေးအေးဆေးဆေး နေရတာကို နှစ်သက်သော သူ့အတွက်တော့ ငြိမ်းချမ်းသော တစ်နေရာစာ ဖြစ်ပါလိမ့်မည်။

“မောနင်း အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းနှင်းရှမ်းမှ ဝန်ထမ်းလေးက နှုတ်ဆက်သည်။ သူက ပြန်နှုတ်ဆက်လိုက်လျှင် ကောင်လေးက ခေါင်းတစ်ချက်ညွှတ်ပြီး ...

"အစ်ကို ဘာသုံးဆောင်မလဲ ခင်ဗျ"

"ဘာတွေ ရလို့လဲကွ၊ ဘူဖေး မရဘူးလား"

ကောင်လေးက ရယ်ကျဲကျဲနှင့် ခေါင်းကုတ်ကာ ...

"ဆောရီးပါ အစ်ကို၊ ဒီမှာက ဘူဖေးတော့ မရပါဘူး။ ထမင်းကြော်ရယ်၊ ယူရိုပီယန်ဖုဒ်ရယ်၊ လက်ဖက်ရည်၊ ကော်ဖီ အဲဒါတွေ ရပါတယ်"

"အိုခေ ... ယူရိုပီယန်ပဲ ယူလာခဲ့၊ နောက် ကော်ဖီသောက်မယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

ကောင်လေးက ထွက်ခွာသွားပါသည်။ ဘူဖေးမရဘူးဆိုတာ သူ သိပါသည်။ ဘူဖေးကျွေးဖို့ ကျယ်ဝန်းသော ဒိုင်းနှင်းရှမ်းကို အခုမှ သူက ဆောက်မှာလေ၊ Breakfast မလာခင် သူက ညီညီ့ထံ ဖုန်းဆက်လိုက်သည်။

"ဝေး ... ဟေ့ကောင် ... နိုးပြီလား"





"အင်း ... နိုးတော့ နိုးပြီ။ နှပ်နေတာ"

"မင်း ဘယ်တော့ ထွက်လာမှာလဲ"

"ဟ ... ငါ ... ဒီမှာ ဥက္ကဋ္ဌ လာတာကို စောင့်ရမယ့်ဟာ။ ဥက္ကဋ္ဌကမှ မလာသေးတဲ့ဟာ"

"ကျွတ် ... မင်းကလည်း အားမကိုးရဘူးကွာ"

"ဟာ ... ဘာကို အားကိုးချင်တာလဲ။ မင်းတောင် မနေ့ကမှ ရောက်တာပါကွာ။ ဘာလဲ ... တစ်ရက်တည်းနဲ့ကို ပျင်းနေပြီလား"

"ပျင်းတယ်လည်း မဟုတ်ပါဘူး။ မင်းများ ရောက်လာတော့မလားလို့"

"ဥက္ကဋ္ဌ လာပြီး အားလုံး စစ်ဆေးပြီးမှ ငါက လာလို့ရမှာလေကွာ။ အဲဒီမှာ အေးဆေးပဲ မဟုတ်လား"

"အေးဆေးပေါ့ ... ဘာက မအေးဆေးရမှာလဲ"

သူ့ရဲ့ ဘုတော ဘောက်ဆတ်ဆတ်လေသံကို ညီညီက တဟားဟား အော်ရယ်သည်၊ အဲဒီရယ်သံဟာ ရှုံးနိမ့်သူကို တနားနားလည်ပါသည် ဟူသော လေသံမျိုး ထွက်နေသာဖြင့် သူက ပို၍ ရှူးရှူးရှဲရှဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘာအသံနဲ့ ရယ်နေတာလဲ"

"ပန်ကြီးရာ ... မင်းစိတ်ကို လျှော့ထားစမ်းပါ။ ဘယ်သူမဆို အသည်းကွဲတယ်ဆိုရင် ခံစားရတာက ဘယ်သက်သာမလဲကွာ။ ဒါကို ငါ နားလည်ပါတယ်"

"ဟော့ကောင် ... မင်းက ပြောလေ ဆိုးလေ ဖြစ်နေပြီ"

"မဆိုးပါဘူးကွာ။ တကယ်လည်း ချစ်ခဲ့ကြရဲ့သားနဲ့ အကြောင်းတစ်ခုကြောင့် ရှေ့ဆက်လက်တွဲလို့ မဖြစ်နိုင်တော့တဲ့ ချစ်သူတွေ လမ်းခွဲကြတဲ့အခါ ဓာခြားပုံစံမျိုးနဲ့ ခွဲရတာထက် ပိုနာကျင်ရတတ်တယ်လေ ...

အဲဒါမျိုးက အသည်းစစ်စစ်ကြီး ကွဲတာမျိုးလည်း မဟုတ်ဘဲ ပိုမခံမရပ်နိုင် ဖြစ်ကြတာမျိုးပါ"

"တော်ပါပြီကွာ ... အဲဒီအကြောင်းတွေ မပြောပါနဲ့တော့။ မင်း သတင်းထူးရင်သာ ဖုန်းဆက်လိုက်"

"အိုခေပါ ... အိုခေ။ အေးဆေးပါ ပန်ကြီးရာ၊ မင်းအတွက် ဒီကိစ္စဆိုတာ အေးဆေးကျော်ဖြတ်လို့ ရသွားမယ့် အနေအထားပါ"





သူက မချိပြုံး ပြုံးမိကာ ညီညီကို နှုတ်ဆက်ရင်း ဖုန်းချလိုက်သည်။ သူ့ရှေ့မှာ ရောက်လာနေပြီဖြစ်သော ပါမုန့်မီးကင်၊ ကြက်ဥဟာပ်ဖရိုက်ဒ်၊ အသားပြားကြော်တို့ကို စားသောက်နေရင်းမှ ဘယ်လိုတောင် ဖြစ်သွားလဲဆိုတာ ရုတ်တရက်ပင် မသိလိုက်ချေ။ ပါးစပ်ထဲသို့ ထည့်လက်စ ပေါင်မုန့်ဘာ အွတ်ခနဲ ပါးစပ်ကနေ ပြန်ထွက်သွားပြီး သူ့ကို တစ်စုံတစ်ယောက်က နောက်ကနေ ဆောင့်တွန်းလိုက်သလို ရှိလေသည်၊ သူ့ပါးစပ်ထဲ ဝင်တော့မည့် ပေါင်မုန့်က ကြမ်းပြင်ပေါ်သို့ ပုတ်ခနဲ၊ ထို့အတူ လူတစ်ယောက်ဟာလည်း ရှေ့သို့ ဟပ်ထိုးလဲကျမတတ် ယက်ကန် ယက်ကန်နှင့် ဖြစ်သွားသည်။

သူ တအံ့တသြ ဖြစ်သွားပြီး ကောင်းကောင်းကြီး သဘောပေါက်သွားသည်မှာ သူ့လက်တွာစ်ဖက်ကို မိန်းကလေး တစ်ယောက်က ဟပ်ထိုးဝင်တိုက်ကာ ခလုတ်တိုက်ခြင်းဖြစ်သည်။ လူတစ်ယောက်လုံးကိုတောင် မမြင်နိုင်ဘဲ ခလုတ်တိုက်သော မိန်းကလေးကို သူက အံ့သြခြင်းကြီးစွာ ကြည့်မိသည်။ အောက်က ခင်းထားသော ကြွေပြားနှင့် မျက်နှာချင်း အပ်မိမတတ် ရှေ့ကို ဟပ်ထိုးဖြစ်သွားသော မိန်းကလေးမှာ သူ့အရှိန်သူ မနည်းထိန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လဲကျမသွားအောင် လက်နှစ်ဖက်ကို ရေကူးသလို ကားယား ကားယား လုပ်တာကိုလည်း အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

"မင်း ... မင်း"

သူက ပြန်လှည့်လာသော မိန်းကလေးကိုမြင်လျှင် မျက်ခုံးပင့်ပြီး တအံ့တဩ ကြည့်မိသည်။ မိန်းကလေးက သူ့ကို လက်နှစ်ဖက်စလုံး ကာပြကာ ခဏဟူသော သဘောနှင့်အမော ဖြေနေသည်။ ညဝတ်အိပ်သလို ပန်းရောင်နှင့် အဖြူအစင်းကြား ဘောင်းဘီရှည်ပွပွ၊ ဆွယ်တာပန်းရောင်နှင့် ဆံပင်ပွယောင်းယောင်း မိန်းကလေးဟာ အခုမှ ကမူးရှူးထိုး အိပ်ရာက ထလာခဲ့တဲ့ပုံပါပဲ။ မျက်နှာက အိပ်ရေးဝသလိုဖြင့် ပြည့်အင့်ကာ နေသည်။ နေပါဦး ဒီ မိန်းကလေးကို သူ ဘယ်မှာတွေ့ဖူးပါလိမ့်။ သူမ မျက်လုံး တွေကလည်း သူ့ကိုတွေ့စဉ်မှာ ဖျတ်ခနဲ ဖြစ်သွားကြတာမို့ သူတို့နှစ်ယောက်ဟာ ဆုံဖူးကြတယ်ဆိုတာ သေချာသွားပြီ။ အဲဒီလို တွေးနေတာလေးတွေဟာ စက္ကန့်ပိုင်းလောက်မှသာ ဖြစ်ပျက်နေလျက် နောက်ဆုံးတော့ သူမကို သူ မှတ်မိသွားသည်။ သူမသည်လည်း မှတ်မိလိမ့်မယ် ထင်ပါသည်။





"ဆော ... ဆောရီးပါရှင်။ ကျွန်မ ဘယ်လိုဖြစ်သွားလဲ မသိပါဘူး။ ရုတ်တရက်လေ အဟင်း ... အားနာလိုက်တာ"

ရပါတယ်ဟု သူ ချက်ချင်းပြန်မပြောမိချေ။ ဆယ် ကျော်သက် အပျိုဖြန်းလေးလည်း မဟုတ်ဘဲ ဤမျှ နမော်နမဲ့နိုင် သော မိန်းကလေးမျိုးကို မတွေ့ဘူး၍ ဖြစ်သည်။

"ဟို ... ဟိုလေ။ ကျွန်မတို့ တွေ့ဖူးကြတယ် ထင်တယ် နော်"

အဲဒီလောက် ပြောလာပြီဆိုတော့ ပြန်မပြောလို့ မကောင်းသဖြင့် သူက ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ သူမ မျက်လုံးများက ပိုမိုဝိုင်းလက်သွားကြကာ ...

"ဩော် ... ရှင်ကိုး။ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတယ် လို့။ အဟင်း ... နှစ်ခါလုံး ရှင့်ကို ပြဿနာရှာမိသလို ဖြစ်နေတယ်။ ဆောရီးပါ"

"ရပါတယ်"

"အဟင်း ... ရှင့်ကြည့်ရတာ ပါးစပ်ဝ ရောက်ခါနီးမှ ပုတ်ချခံလိုက်ရသလို သိပ်အရသာမကြေဘူးနဲ့ တူတယ်။ ကျွန်မမှာ တာဝန်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမိန်းကလေးပါလိမ့်။ စကားပြောတာက လည်း ပြောချင်ရာ ပြောချလိုက်တာပါလား။ ကျွန်မမှာ တာဝန် ရှိပါတယ်လို့ ပြောပုံကလည်း ဘာကယ်ကို တာဝန်ရှိသူကြီးအလား။

"ဝိတ်တာ ... Please "

သူမက မလှမ်းမကမ်းမှာ ရပ်နေသော ဝိတ်တာ တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ရောက်လာသော ဝိတ်တာ ကို သူ့စားပွဲအား လက်ညှိုးညွှန်ပြပြီး ...

"ဒီဧည့်သည်အတွက် Breakfast အသစ် ပြင်ပေးလိုက်ပါ နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဪ ... တစ်လက်စတည်း တို့အတွက်ပါ ထမင်းကြော် နဲ့ ကော်ဖီ စီစဉ်ခဲ့ပါ"

"ဟုတ်ကဲ့ခင်ဗျ"

ဝိတ်တာက ရိုကျိုးစွာ ထွက်ခွာသွားသည်။ အံ့မယ် ! ဟု သူ့စိတ်ထဲကနေ ရေရွတ်မိသည်။ အိပ်ရေးဝနေသော မျက်နှာ နှင့် သူမက သူ့ဘက်သို့ တစ်ချက်လှည့်ပြီး ပြုံးပြကာ ...

"ဒီမှာ တည်းနေတဲ့ ဧည့်သည်နဲ့တူတယ်"

"ဟုတ်တယ်"





"ဪ ... ဒီ Hotel ရဲ့ဝန်ဆောင်မှုကို ကြိုက်ပါရဲ့လား ရှင့်"

"ဗျာ"

ဘာတွေ လာမေးနေပါလိမ့်ဟု သူက အူကြောင် ကြောင် ဖြစ်သွားရသည်။ သူမက ဘာမို့လဲ။ ဒီဟိုတယ်တစ်ခု လုံးကို လွှမ်းမိုးမှုရှိသလို မျက်နှာထားဖြင့် (သို့သော် အဲဒီမျက်နှာ ထားမှာ မာန်တွေမပါဘဲ၊ တာဝန်ရှိသည်ဟူသော ခံယူထားပုံမျိုး ဖြင့်) မေးနေသော မိန်းကလေးကိုကြည့်ကာ သူ ဘာပြန်ပြောရ မှန်း မသိပါ။ ဒီမိန်းကလေးဟာ တစ်မျိုးတော့ တစ်မျိုးပါပဲလား။

"Hotel ရဲ့ Service ကို သဘောကျရဲ့လားလို့ မေးတာ ပါ"

"မပြောတတ်ဘူးဗျ"

သူ့စကားကို သူမက ဘယ်လိုသဘောပေါက်သွား လဲတော့ မသိ။ သိပြီ ဟူသောပုံစံမျိုးဖြင့် လက်တစ်ဖက်ထောင် ပြကာ ...

"ဆောရီး ... အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပါ။ ကျွန်မက ရှင့်ကို ကူညီပေးချင်လို့ မေးတာပါ။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဒီဟိုတယ်ရဲ့တာဝန်ခံမန်နေဂျာပါ။ ကျေးကျေးကျော်လို့ ခေါ်ပါတယ် ...

Have a rice day ... See you"

သူက ပါးစပ်အဟောင်းသားပွင့်ကာ ကျန်ခဲ့သည်။ ဘာတဲ့ ... ဒီလို အိပ်ချင်မူးတူးနဲ့ သူများခြေထောက်ကို ဝင်တိုက်တဲ့ မိန်းကလေးဟာ ကျူးလစ်ပ်ရဲ့တာဝန်ခံမန်နေဂျာ ... တဲ့။ ဟုတ်ပါ့မလား။

"အဲဒီမှာ မန်နေဂျာလည်း ရှိတာမို့ ဘာကိစ္စပဲဖြစ်ဖြစ် မန်နေဂျာနဲ့ တိုင်ပင်ညှိနှိုင်းပြီးလုပ်ပါ။ ပူးပေါင်းဆောင်ရွက်ပေါ့ကွာ"ဟု ပြောလိုက်သော ဦးကြွင်ရဲ့စကားသံကို နားထဲမှာ ပြန်လည်ကြားယောင်လာသလိုပါပဲ။ လမ်းမှာ ကားကို ကိုးရိုးကားရားမောင်းသော၊ လူကို ခလုတ်လာတိုက်သော ဒီလိုမိန်းကလေးဟာ ကျူးလစ်ပ်ရဲ့မန်နေဂျာ ဆိုပါလား။ သူတို့ရဲ့အင်မတန်တော်သော ဦးကြွင်တစ်ယောက် ဘာတွေများ လုပ်လိုက်ပြီလဲ မသိတော့။

○ ❦ ○





❦ ၄ ❦

"ဘယ်လိုမှန်းတော့ မသိဘူး မချိုသဲရဲ့၊ ကျေးဘဝမှာလေ တစ်ဖက်က သင်ယူရင်း တစ်ဖက်မှာလည်း အဲဒါကို ပြန်အသုံးချရင်း စရိုးဆက်လာရတာ များတယ် ...

ခုဆို ကျေး ပညာတွေသာ သင်ထားတယ်။ လုပ်ငန်းခွင်အတွေ့အကြုံ ဘာမှမရှိဘူးလေ။ UFL မှာ ကျောင်းတက်တယ်။ ဘွဲ့ရပြီး Hotel Management ဆက်တက်တယ်။ အဲဒါ တက်နေတုန်းပဲ ဖေဖေဆုံးသွားတယ် ...

ဖေဖေ့မျက်နှာကြောင့်ပဲ ဦးကြွင်က ဒီနေရာကိုပေးလိုက်တယ်။ ကျေးဟာ ရေကူးတတ်ဖို့ ရေနစ်နေတုန်းမှာ လာသင်ပေးခံရသလိုပါပဲ၊ ကျေးအတွက် ရွေးစရာလမ်းမရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မချိုသဲက ထိုစကားကို အေးအေးလေး ပြောနေသော ကျေးကျေးအား ငေးငေးလေး ကြည့်နေမိသည်၊ ကျောလယ်ခန့် လောက်ရှိသည့် ဖြောင့်စင်းနေသော ဆံနွယ်နက်နက်လေးတွေက ကျေးကို ပို၍ရှင်းသန့်စေသည်ဟု ထင်မိသည်။ မျက်လုံးထဲမှာ ဆံပင်အနီရောင်တွေ ရွှေရောင်တွေကိုပဲ မြင်နေရတာကြောင့်လား တော့ မသိ။ ဆံပင်နက်နက်ပျော့ပျော့လေးတွေကို ဘီးကုပ်အပြား ကြီးနှင့် ပင့်တင်ထားကာ မျက်နှာဝိုင်းဝိုင်းလေးသာ ထင်ထင်ရှား ရှားပေါ်နေသော ဒီကောင်မလေးဟာ မန်နေဂျာတစ်ယောက်နှင့် တော့ သိပ်မတူဘူးဟု ချိုသဲလည်း တွေးမိသားပဲ။

"ကျေးအဖေက ဥက္ကဋ္ဌအတွက် တော်တော်အားကိုးခဲ့ရမယ် ထင်တယ်နော်"

"အင်း ... ဟုတ်တယ်၊ ဖေဖေက မိသားစုထက် အလုပ်ကို တောင် ပိုချစ် ပိုဦးစားပေးခဲ့တယ်။ ကုမ္ပဏီကို သူ့ကုမ္ပဏီ လို သဘောထားပြီး အလုပ်တအားလုပ်ခဲ့တာလေ။ ဖေဖေ့ ကြောင့် ဥက္ကဋ္ဌမှာ အကျိုးအမြတ်တွေ အရမ်းများခဲ့တာ လည်း ဥက္ကဋ္ဌ အသိပါပဲ ...





ဒါကြောင့် အလုပ်ပင်ပန်းတာတွေပေါင်းပြီး ရုတ်တရက် Heart Attack နဲ့ ဆုံးသွားတော့ ဥက္ကဋ္ဌက ကျေးနဲ့ မေမေ့နေ့ရေးအတွက် တစ်သက်တာ အာမခံချက်ရ အောင် စီစဉ်ပေးခဲ့တာပါ။ ဒါတွေဟာလည်း မိသားစု အတွက် နောက်ဆုံးအချိန်အထိ ဖေဖေ တာဝန်ကျေခဲ့တယ် လို့ပဲ ယူဆပါတယ်"

အေးအေးလေး ပြောနေတော့လည်း ကျေးကျေးဟာ သနားစရာပဲ ကောင်းလာသလိုလို။ ဘယ်လိုပဲဖြစ်ဖြစ် ကြုံလာတွေ ကို အကောင်းဆုံးဖြစ်အောင် လုပ်မည်ဟူသော ကျေးရဲ့စိတ်ကူး ကတော့ မျက်နှာမှာ အထင်းသား ပေါ်လွင်နေပါသည်။ အခုလည်း လက်ရှိ ကျူးလစ်ပ်ကို 'လူစိတ်ဝင်စားလာအောင် ဘယ်လိုဝန် ဆောင်မှုတွေ ပေးမလဲ၊ ဘယ်လို လူသိအောင် ထပ်လုပ်မလဲဆို တာကို မချိုသဲနှင့် လာတိုင်ပင်နေခြင်းဖြစ်သည်။

အရင်နှစ်တွေက လာရောက်တည်းခိုခဲ့သူ စစ်တမ်း တွေကို ပြန်ကောက်ရင်း ကျေးကျေးရဲ့ပုံစံက အလုပ်ထဲမှာ စိတ် ဝင်စားမှု အပြည့်ရှိတယ်ဆိုတာ သိသာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဓိက,ကကြော်ငြာပဲ မချိုသဲရဲ့။ ရာသီလိုက် Promotion နဲ့ ကြော်ငြာဖို့ လိုတယ်။ ပြီးတော့ ဧည့်သည်အပေါ်မှာ Service ကောင်းဖို့ လိုအပ်တယ်။ တစ်ခါလာတည်းဖူးပြီး သွားရင် နောက်တစ်ခါ ပြန်လာတည်းချင်တဲ့ Service မျိုး ဖြစ်ရမှာပေါ့။ အဲဒီအတွက် ဝန်ထမ်းတွေကို ထရိန်နင် ပေးဖို့ လိုအပ်တယ် ...

ဪ ... ဧည့်သည်တွေကို တစ်သက်မမေ့နိုင်စရာ Service ပေးတယ်ဆိုလို့ မနေ့ကပဲ ကျော် ဧည့်သည်တစ် ယောက်ကို ခေလုတ်တိုက်မိသေးတယ်။ အားနာစရာကောင်း လိုက်တာဆိုတာလေ။ ကျွတ် ... တစ်ခါတလေကျတော့ လည်း ကျော် ဘယ်လိုမှ သတိမထားမိအောင် အမှတ်တမဲ့ ဖြစ်သွားတာမျိုးတွေလည်း ရှိတယ်"

"ဂရုစိုက်ပေါ့ ကျော်ရယ်။ တစ်ခါတစ်ရံမှာ လုပ်ချင်တာ တွေ အရမ်းများနေရင်လည်း တလွဲတချော်တွေ ဖြစ်တတ် ပါတယ်"

"အဟင်း ဟင်း ... ဟုတ်ပါ့ ကျော် လုပ်ချင်တာတွေ သိပ် များနေတယ် မချိုသဲရဲ့။ တကယ်တော့လေ ကျော်လည်း ပေဖေ့သမီး။ ဖေဖေ့သွေး အပြည့်ပါတာပဲ ...





ကျူးလစ်ပ်ကို ကိုယ့်ဟိုတယ်လို သဘောထားပြီး အရမ်းအောင်မြင်စေချင်တယ်။ အချိန်တန် လစာရတာပဲ ဆိုတဲ့ စိတ်မျိုးမထားဘဲ စေတနာအပြည့်အဝ ထားချင် တာ"

"ကောင်းပါတယ် ... ဥက္ကဋ္ဌကလည်း ကျော်ကို ယုံကြည် လို့သာ ဒီနေရာကို လွှတ်လိုက်တာ နေမှာပေါ့၊ ကျော်ကို လုပ်ပိုင်ခွင့် အပြည့်အဝ ပေးထားတယ် မဟုတ်လား"

"ပေးထားတယ်။ ဒါကြောင့် ကျော်က လောလောဆယ် ထိရောက်တဲ့ ကြော်ငြာနည်း နှစ်ခုကိုတောင် စီစဉ်ထား တယ်လေ"

လက်နှစ်ချောင်းကို ထောင်ပြကာ အားပါးတရ အပြုံးကြီးနဲ့ပြောသော ကျော်ကိုကြည့်လျက် မချိုသဲက မျက်ခုံးပင့် မိသည်။ သူမမှာ အကြံကောင်းတစ်ခု ရှိသည့်ပုံနှယ် မျက်နှာက ဝင်းပနေသည်။

"ဘယ်လိုများလဲ"

"အဟီး ... ဒါကတော့ ပိတ်ကားပေါ်မှာ ဆက်လက်ရှုစား ပါရှင်။ ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ချိုလွင်သော ရယ်သံလေးနှင့်အတူ လက်ကလေး တစ်ဖက်ကပါ ဆန့်တန်းပါလို့ ဟန်ပန်အမူအရာနှင့်ပြောသော ကျေးကျေးကိုကြည့်ကာ မချိုသဲက မျက်ခုံးပင့်ရသည်။ ငယ်ရွယ် နုပျိုခြင်း၊ ပညာလေး ပြည့်စုံကောင်းမွန်မှုရှိခြင်း၊ တက်ကြွဖျတ် လတ်မှု ရှိခြင်းတို့ကြောင့် ဒီကောင်မလေး အလုပ်လုပ်တာ တော် မည်ဟုတော့ ထင်သည်။

ဒါပေမဲ့ လွဲတာလေးတော့ ရှိမည်ဟု ထင်ထားခဲ့ပါ သည်။





၅

"တောက် ... သော်က်တလွဲကွာ။ ဒါတွေနဲ့ ငါက ဘယ်လို အလုပ်သွားလုပ်ရမလဲ"

မနက်ခင်း မိုးလင်း၍ လုပ်ငန်းခွင်ဝင်ရန် ဆိုက်ထဲ သို့ ဆင်းလာပြီဖြစ်သော ပန်သည် ဘာမှန်းမသိသော လူတစ်စု ကို မြင်သောအခါ မျက်ခုံးကြုတ်၍ ဘာတွေလဲဟု အတွေးထဲမှာ မေးမိသွားသည်။ ဟိုတယ်ဆောက်ဖို့ရာအတွက် မြေတူး၊ ဖောင် ဒေးရှင်း ချထားသောနေရာမှာ ရုပ်ရှင်ရိုက်သလို ကင်မရာတွေ၊ လူတွေ စသဖြင့် ရှန်းစု ရှန်းစု တွေ့ရသောအခါ သူ ဘယ်လိုမှ နားမလည်နိုင်ချေ။ ကိုယ့်ကိုယ်ကိုယ်တောင် နေရာများ မှားရောက် သွားသလားဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်လိုမှ မှားစရာအကြောင်းလည်း မရှိပါ။ သူနေသော နေရာကနေ ဒီဆိုက်ရှိရာသို့ ငါးမိနစ်လောက် လမ်းလျှောက်လာလျှင် ရောက်ပြီး ဒီအဝန်းအဝိုင်းထဲမှာ ရှိသောကြောင့် မှားစရာကား ဘယ်နည်းနဲ့မှ မရှိနိုင်။ နောက်တော့မှ သိရသည်ကား ဒါဟာ ရှုတင်အဖွဲ့ဆိုပဲ။ ဗီဒီယို လာရိုက်တာဟု သိလျှင် ဘယ်လိုမှ နားမလည်နိုင်အောင်ပဲ ဖြစ်ရသည်။

"နေပါဦး ... ဒီရှုတင်အဖွဲ့က ဘယ်လိုလုပ် ရောက်လာတာလဲ"

"မသိဘူး ခင်ဗျ၊ ကျွန်တော်တို့ရောက်တော့ သူတို့က ရောက်တောင် ရောက်နေပြီ။ ကျွန်တော်တို့က ကိုပန်သိတယ်တောင် ထင်နေတာ"

သူ မသိ။ သူ ဘာမှမသိရပါ။ အဲဒီအခိုက်တွင် သူ့မျက်လုံးထဲမှာ ဖျတ်ခနဲ ပြေးမြင်တာက မန်နေဂျာပါ ဆိုသူတစ်ယောက်ကိုဖြစ်သည်။ မျက်လုံးဝိုင်းဝိုင်းနှင့် ထင်ရာမြင်ရာကို လုပ်တတ်မည့်ပုံပေါ်သော မိန်းကလေးတစ်ယောက်ဆီသို့ သူ့ကိုယ်သူတောင် မသိလိုက်ခင်မှာပဲ ဘယ်လိုခြေလှမ်းရောက်သွားမှန်တောင် မသိတော့ချေ။





မန်နေဂျာ ဘယ်မှာလဲဟု မေးပြီးသွားရသော သူ့မှာ သူမကို ဒေါသထွက်အောင်ပင် ရှာရသည်။ မရွှေချောက ရုံးခန်းမှာလည်း ရှိမနေဘဲ ဘယ်နေရာမှာ ရှိနေသလဲဆိုလျှင် လောင်ဒရီဆားဗစ်နေရာမှာ ရှိနေသည်။ ဟူး ... ဘာလဲကွာ။ အလုပ်သမားမိန်းကလေးတစ်ယောက် လျှော်ဖွပ်နေတာကို ဘေးကနေ ရပ်ကြည့်နေသော မိန်းကလေးဟာ မန်နေဂျာတဲ့လား။ ဟိုတယ်မန်နေဂျာဟာ အဝတ်လျှော်တာကအစ လိုက်ကြည့်သတဲ့လား။ အဲဒါတွေထက် လောလောဆယ်မှာတော့ သူ့ကိစ္စက ပိုအရေးကြီးနေသည်။

"ဒီမှာ ..."

သူ့ရဲ့ခပ်ဆတ်ဆတ် ခေါ်သံကြောင့် သူမက လှည့်ကြည့်သည်။ လူတစ်ယောက်ကို ကြည့်လိုက်တာနှင့် မျက်လုံးတွေဝိုင်းဝိုင်းပြူနေတာက သူမရဲ့ဘာမှမသိနားမလည်သော အမှတ်အသားပဲ ဖြစ်လိမ့်မည်။ သူ့ကို မြင်သွားတာနှင့် မှတ်မိသော အမူအရာပြကာ ...

"ပြောပါ ... ကျွန်မ ဘာကူညီရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘန်ဂလိုတွေ ဆောက်နေတဲ့ဆိုက်ထဲမှာ ရှုတင်အဖွဲ့ကို ဗီဒီယိုရိုက်ဖို့ ခင်ဗျား ခွင့်ပြုခဲ့တာလား"

"ဩော် ... ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ အဲဒါက လူကြီးမင်းကို ဘယ်လိုများ အနှောင့်အယှက် ဖြစ်စေလို့လဲ ရှင့်"

အမယ်လေး ... အမယ်လေး ... ပြန်မေးပုံက သူငယ်တန်းကျောင်းသူက တက္ကသိုလ်ကျောင်းသူစတိုင်လ် တေးသရုပ်ဖော် က,နေတဲ့အတိုင်း။ သူက စိတ်ပျက်လက်ပျက်နှင့် သူမကိုကြည့်မိကာ ...

"ဖြစ်စေတယ် ... သိပ်ဖြစ်စေတယ်။ အဲဒါ အလုပ်လုပ်နေတဲ့ဆိုက်လေ။ အလုပ် လုပ်နေတာလေ။ အလုပ် လုပ်မှာလေ ...

ခင်ဗျား အဲဒီလို လုပ်ခွင့်ပေးလိုက်တော့ အလုပ်လုပ်တဲ့လူတွေက ဘယ်လိုသွားပြီး အလုပ်လုပ်တော့မလဲ"

"နေ ... နေပါဦး။ ရှင်က ဘယ်သူလဲ"

"ကျွန်တော်က အဲဒီဆိုက်ကို ဦးစီးဆောက်လုပ်နေတဲ့ တာဝန်ခံအင်ဂျင်နီယာပဲ"





အိုးခနဲ အသံနှင့်အတူ ပြူးဝိုင်းသွားသော မျက်လုံးတွေက သူ့ကို စိုက်ကြည့်ရင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပုံရသည်။ မယုံကြည်နိုင်ခြင်းနှင့်အတူ ငါမှားသွားပြီလားဟူသော အတွေးက သူမမျက်လုံးတွေထဲမှာ အထင်းသား ပေါ်လွင်လာတာကို မြင်ရလျှင် သူ တော်တော်စိတ်ပျက်သွားရသည်။

ဒါလား ... မန်နေဂျာကောင်းတစ်ယောက်ရဲ့ပုံစံ။

"ဟို ... ဒီလိုပါ။ ဒါကလေ ကျွန်မ ဒီဟိုတယ်ရဲ့အကျိုးအတွက် ခွင့်ပြုလိုက်တာပါ"

"ဘယ်လို ...။ ဒီဟိုတယ်ရဲ့အကျိုးအတွက် ဟုတ်လား"

"ဟုတ်တယ်လေ။ ကျွန်မတို့ဟိုတယ်မှာ ဗီဒီယိုလာရိုက်ကယ်ဆိုရင် သတင်းထောက်တွေကလည်း လာတယ်၊ အင်တာဗျူးမယ်လေ။ မင်းသား၊ မင်းသမီးကို ဘယ်မှာ ရိုက်နေတာလဲမေးရင် ကျူးလစ်ပ်မှာလို့ ပြောမယ် ...

ဒါလည်း ကြော်ငြာခြင်းတစ်မျိုးပဲ မဟုတ်လား။ လူတွေက မင်းသားမင်းသမီး ဗီဒီယိုရိုက်တဲ့ ဟိုတယ်ဆို စိတ်ဝင်စားကြတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆိုလည်း ဟိုတယ်ဘက်မှာပဲ ရိုက်လေဗျာ။ ဘာလို့ ဒီအလုပ်လုပ်နေတဲ့ဆိုက်ထဲကို လာရိုက်ခိုင်းရတာလဲ"

"ဟို ... ဒါကတော့ ဇာတ်လမ်းသဘောအရမို့ပါရှင်။ ဇာတ်ဝင်ခန်းအရ မင်းသားက ဒီမှာပဲ အဲလို ရိုက်ရမှာမို့ပါ"

"ဘာဗျာ။ အဲဒီလိုဆိုတိုင်း ရရောလား။ ဒီမှာ အမိ"

"အို ... ကျွန်မနာမည် အမိမဟုတ်ပါဘူး။ ကျေးကျေးကျော်ပါ"

"မသိဘူးဗျာ။ ခင်ဗျားနာမည်ထက် ကျုပ်စိတ်ဝင်စားတာ အဲဒီရှုတင်မရှိတော့ဖို့ပဲ။ အခု ကျုပ်တို့ အလုပ်လုပ်မယ်။ အဲဒီရှုတင် ရှိနေတဲ့အတွက် အလုပ်လုပ်လို့ မရဘူး။ အဲဒါကို ခင်ဗျား ဘယ်လိုရှင်းပေးမှာလဲ ... ပြော"

"ဟို ... ဟိုလေ ... အဲဒါကတော့ ..."

ဘာစကားမှ ထွက်မလာနိုင်ခြင်း၊ မျက်လုံးများဝိုင်းဝိုင်းလည်နေခြင်းကတော့ သူမရဲ့အသံတိတ်အဖြေပဲ ဖြစ်တော့မည်။ သူက တစ်လိပ်ချင်း ထွက်လာသော ဒေါသများကို ပြန်မျိုချရင်း ပြောချင်သော စကားများကို ပြောဖြစ်အောင်တော့ လေသံအေးဖြင့် ပြောလိုက်သေးသည်။





"ခင်ဗျား အလုပ်လုပ်ပုံက မဟုတ်သေးဘူး။ နေရာတိုင်းမှာ သူ့အကန့်နဲ့သူ ရှိတယ်လေဗျာ။ ခင်ဗျားက ကျူးလစ်ပ်ရဲ့မန်နေဂျာ ဒါကြီးတစ်ခုလုံးကို ခင်ဗျား manage လုပ်လို့ရတယ် ဆိုပေမယ့် ဒီမှာ ဟိုတယ်အသစ်ဆောက်နေတယ် ...

အဲဒါကတော့ သူ့ရဲ့ကြီးကြပ်သူတာဝန်ခံ အင်ဂျင်နီယာ ရှိမယ်။ ဒီလူကိုတော့ ခင်ဗျား လာရောက်ညှိရမယ်လေ။ ဒီဘက်က အပိုင်းက ခင်ဗျားအပိုင်းမှ မဟုတ်တော့တာ။ ခင်ဗျား တွေးတတ်ဖို့ ကောင်းတယ် ...

အခု ကျုပ်က ကျုပ်အလုပ် ကျုပ် ဆက်လုပ်မယ်။ ခင်ဗျား ဘာလုပ်မလဲ"

ဝိုင်းဝိုင်းလည်နေသော မျက်လုံးများက ကလယ်ကလယ်ဖြစ်နေပြီး နောက်ဆုံးတော့ ဆင်ခြေရှာသွားသည့် ကလေးတစ်ယောက်နှယ် လက်ညှိုးတစ်ချောင်းထောင်ကာ ပြောသည်။

"သူတို့ဟာသူတို့ရိုက် ရှင်လည်း ရှင့်ဟာရှင် ဆောက်လေ။ အဲလို ရတာပဲ"

"ဟက် ... ခင်ဗျား တော်တော်ခေါင်းကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဒေါသထွက်သလို ကြည့်လာသော မျက်လုံးများကြောင့် သူက ဆက်ပြောလိုက်သည်။

"ခင်ဗျား ပြောသလို ဒီဘက်က ကျုပ်အလုပ်သမားတွေက အလုပ်လုပ်ပါပြီတဲ့ အသံထွက်မယ်။ ဟိုဘက်က ရိုက်မှာမို့ ငြိမ်ပါ ဆိုတာနဲ့ ကျုပ်တို့က လုပ်လက်စတွေ ရပ်တန့်ပြီး ဝစီပိတ်နေရတော့မှာလား"

"အဲ ..."

သူမက အဲခနဲ ဖြစ်သွားလျှင် သူက မဲ့ပြုံးတစ်ချက်ပြုံးကာ လှည့်ထွက်လာခဲ့သည်။ ဘာမှကို ဆက်ပြောချင်စိတ်မရှိတော့၍ ဖြစ်သည်။ ပြောလည်း ဘာလုပ်လို့ ရမှာလဲ။ ကိုယ့်ဘက်ကလူက အမှားလုပ်ထားတာကို။ ခုမှ ရှုတင်ဖျက်ခိုင်းရင်လည်း ကိုယ့်ဟိုတယ်ပဲ နာမည်ပျက်ရဦးမည်။ ဒီမှာ အေးအေးချမ်းချမ်း အလုပ်လုပ်ဖို့ မျှော်လင့်စိတ်ကူးထားခဲ့သော သူ့စိတ်ကူးတွေဟာ ပျက်ယွင်းတော့မည်ဟု ထင်ပါသည်။

"ဒီ ... ဒီမှာ ..."





သူ့နောက်က ပြေးလိုက်လာသော အသံနှင့် ခြေသံကို ကြားရသည်။ သူက လှည့်မကြည့်ဘဲ ရပ်တောင်မရပ်ဘဲ ဆက်လျှောက်လာတာမို့ သူမက သူ့ရှေ့သို့ ကျော်ရပ်ကာ ...

"ကျွန်မပြောတာ နားထောင်ပါဦး"

သူက မှုန်တေတေဖြင့် ပြန်ကြည့်မိသည်။ သူမက သူ့ကို မော့ကြည့်ကာ တဲတွေးကိုမျိုချကာ အားယူနေရသော သဏ္ဌာန်ဖြင့် ...

"ဟို ... ဒီတစ်ခါတော့ ကျွန်မကို ခွင့်လွှတ်ပေးပါနော်။ နောက်တစ်ခါ ဒီလိုမျိုး မဖြစ်စေရပါဘူး။ အခု ဒီလိုဖြစ်တယ် ဆိုတာကလည်း ဟိုတယ်ကို ကောင်းစေချင်တဲ့ နာမည်ရစေချင်တဲ့ ကျွန်မရဲ့ စေတနာပါ။ စေတနာက တလွဲဖြစ်သွားရတာပါ ...

ဒီဗီဒီယိုကား ထွက်လာရင် ကျေးဇူးတင်လွှာမှာ ကျွန်မတို့ နာမည်ပါမှာရယ်၊ နောက် ... ဓာတ်လမ်းထဲမှာလည်း ထည့်ပြောပေးဦးမှာ ဆိုတော့လေ အဲ ... အဲဒါတွေက ဟိုတယ်ကို Promotion လုပ်တာနဲ့ အတူတူပဲဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အမိ။ အဲဒီ ဗီဒီယိုကားက အလွန်ဆုံး စောထွက်နောက်ခြောက်လဲဗျ မှတ်ထား။ ဒီဟိုတယ်တောင် ပြီးသွားနိုင်သေးတယ် ...

နောက်ကို ကိစ္စတစ်ခု လုပ်မယ်ဆိုရင် ဦးနှောက်ဉာဏ်ကို ဒီ့ထက်နည်းနည်း ပိုစဉ်းစားပြီး ဆင့်ဆင်ခြင်ခြင်လုပ်ပါ"

"ဘာလဲ ... ရှင်က ဒါဆိုရင် အခု ကျွန်မက ဦးနှောက်ဉာဏ်နဲ့ မစဉ်းစားဘဲ လုပ်လိုက်တာလို့ ပြောချင်တာလား"

"အင်းလေ ... ခင်ဗျား အဲဒီလိုပဲ ဖြစ်နေတာပဲ မဟုတ်လား"

သူမက သူ့ကိုကြည့်သော အကြည့်များမှာ စိတ်ဆိုးဒေါသထွက်သွားတယ် ဆိုတာထက် မခံချင်သလို ဖြစ်သွားသောကလေးတစ်ယောက်ပုံနှယ် ပိုတူပါသည်။ တရှုရှု ပြင်နေသောနှုတ်ခမ်းများက တစ်စုံတစ်ခုကိုပြောဖို့ ပြင်ဆင်နေသော်လည်းဘာစကားမှ ထွက်မလာချေ။ သူကလည်း ဘာပြောမလဲဟုစောင့်စားနေမိသည်။ နောက်တော့ တရှုရှုပြင်နေသည့် နှုတ်ခမ်းများသည် တင်းတင်းစေ့ပိတ်သွားကြကာ ချာခနဲ လှည့်ထွက်သွား





တော့သည်။ သူက ခါးထောက်ကာ စိတ်ပျက်လက်ပျက်ပြုံးရင်းကျန်ရစ်ခဲ့သည်။ တစ်ခါတလေတော့လည်း ဒီအတိုင်းဆိုလျှင်ပျင်းဖို့ကောင်းလှ၍ ကံဇာတ်ဆရာက အသစ်အဆန်းများကိုဖန်တီးပေးသည်ဟုသာ ယူဆလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟား ဟား ... ကျေးကျေးက ဖြစ်လိုက်ရင် အဆန်းချည်းပဲကွယ်၊ အင်းလေ ... ကျေးရဲ့စိတ်ထဲမှာလည်း ကျူးလစ်ပ်ကို တိုးတက်အောင်မြင်ဖို့ပဲ ရှိတာဆိုတော့ သတိမမူ ဂူမမြင် ဖြစ်သွားတာပေါ့ ...

စေတနာအလွဲတွေပါ ဖြစ်တတ်ပါတယ်"

မချိုသဲက မြီးရှည်လုပ်စားဖို့ရာ ပဲပင်ပေါက်တွေကို အညှာခြွေနေရင်းမှ ကျေး ပြောသမျှ နားထောင်ကာ ပြန်ပြောနေခြင်းဖြစ်သည်။

ကျေးက ဝက်သားတွေကို လှီးနေရင်းမှ မျက်လုံးထဲတွင် တစ်ဖက်သားကို သူ့လောက်မှ မတော်ဘူး၊ မတတ်ဘူး





ဟူသော ပုံစံနှင့် ကြည့်တတ်သည့် ယောက်ျားတစ်ယောက်ကို မြင်ယောင်လာသည်။ မျက်ခုံးထူထူမှာ အညိုရောင် မျက်လုံးတွေက တစ်ဖက်သားကို အပြစ်ရှာတတ်သည့် မျက်လုံးများဟု ထင်မိသည်။

သူ့မျက်လုံးထဲတွင် ကျေးကို အထင်မကြီးသလို၊ အထင်သေးသလို လှောင်ပြောင်နေသည့် အသွင်သဏ္ဍာန်တွေ တွေ့နေရပါသည်။

"ကျေးပုံစံက အထင်မကြီးစရာ အဲ ... အထင်သေးစရာများ ဖြစ်နေလား မချိုသဲရယ်"

လေသံပျော့လေးနှင့် မေးလာသော ကျေးကို မချိုသဲက ကြင်နာသလို တစ်ချက်ပြုံးကြည့်ကာ ငေးမိသည်။ အသက်ကငယ်ငယ်၊ အတွေ့အကြုံကမရှိ၊ ရာထူးကကြီးကြီး သို့သော် လုပ်ချင်စိတ်ကလည်း အများကြီး၊ ဒီမိန်းကလေးမှာ အမှားအယွင်းကတော့ ရှိနိုင်သည်။ ဒါကလည်း နောက်ကျရင်တော့ အားလုံး အဆင်ပြေသွားမည်ဟု ထင်ပါသည်။

"မဖြစ်ပါဘူး ကျေးရယ်။ အစ်မ အမြင်မှာတော့ ကျေးဟာ Active ဖြစ်တဲ့လူပါ"



www.burmeseclassic.com

www.burmeseclassic.com



"Active ဖြစ်တယ် ဆိုတာထက် ကျေးက အလုပ်တစ်ခုကို သင်ယူရင်း မတတ်တတတ်အချိန်မှာပဲ အဲဒီဟာကို Heavy အသုံးချရမှာမျိုး အမြဲကြုံတယ် မချိုသဲရဲ့ ...

ကျေး သိတယ်။ ကျေးရဲ့ပင်ကိုစိတ်က ကျေးကသိပ်ထက်ထက်မြက်မြက်ထဲက မဟုတ်ပါဘူး။ ကျေးက ထက်မြက်တဲ့လူတစ်ယောက်တော့ သိပ်ဖြစ်ချင်တယ်၊ အကုန်သိအကုန်တတ်ချင်နေတော့တာပဲ"

"အဲဒါကိုက ထက်မြက်လို့ အရာရာကို စူးစမ်းနေတာ မဟုတ်ဘူးလား ကျေးရဲ့"

"ဟင့်အင်း ... မဟုတ်ပါဘူး။ ကျေးသာ တကယ်တမ်း Sharp ဖြစ်တဲ့သူဆိုရင် ကျေး လုပ်တဲ့ကိုင်တဲ့ နေရာမှာ တလွဲတွေ ဘယ်ဖြစ်မလဲ"

"ကျေးရယ်"

မချိုသဲက ပြောစရာစကား မရှိသူလို ရေရွတ်မိသည်။ ကျေးကတော့ ယောကျ်ားကြီးတန်မဲ့နှင့် ကိုယ့်ကို မညှာမတာ ပြောသွားသော လူတစ်ယောက်ကို မျက်လုံးထဲမှာ တရေးရေး ပြန်မြင်ယောင်လာသည်။ သဘောဆိုးဆိုးလူ၊ တစ်ဖက်သားကို အပြစ်ရှာချင်တဲ့လူ လို့ပဲ ကျေးကတော့ သတ်မှတ်ချင်ပါသည်။





"နေရာတိုင်းမှာ မချိုသဲလို နားလည်တဲ့လူတွေ ရှိရင်တော့လည်း ကောင်းတာပေါ့ မချိုသဲရယ်။ တချို့ကျတော့လည်း ကျေးကို မတန်မရာ နေရာရထားလားဆိုပြီး အထင်သေးချင်တဲ့ အကြည့်နဲ့ ကြည့်တဲ့လူတွေလည်း ရှိသေးတယ်လေ"

"ဟား ဟား ... ကျေးပြောနေတာ ဟို အင်ဂျင်နီယာကိုလား"

မချိုသဲရဲ့အမေးကို ကျေးက နှာခေါင်းတစ်ချက်ရှုံ့ပြမိသည်။

"အဲဒီလူနဲ့ ကျေးနဲ့က မြင်ဦးလွှင်ကို တစ်ရက်တည်း အတူတူ ရောက်တာ မချိုသဲရဲ့"

"ဟင် ... ဟုတ်လား။ ဒါကို ကျေးက သူ့ကို မသိဘူးလား"

"အဲလို မဟုတ်ဘူး မချိုသဲရဲ့ ... ဒီလို"

ကျေးက လမ်းမှာကြုံလာရသည့် အဖြစ်သနစ်စုံကို ပြောပြလိုက်လျှင် မချိုသဲမှာ အံ့ဩတကြီး နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတည်းက သူက ကျေးကို အထင်မကြီးတဲ့ပုံစံ ရှိနေမှာပေါ့။ မောင်းလုံည် မမောင်းတတ်ဘဲနဲ့ ကိုးရိုးကားရား တက်မောင်းနေတယ် ဆိုပြီး ...

နောက် အခုတစ်ခါ ထပ်ဖြစ်တော့ ပြီးပါလေရော၊ လူကို ဘာမှမလုပ်တတ်ဘဲ ဝင်လုပ်နေတယ်၊ ဦးနှောက်မရှိဘူးလို့ ပြောချင်နေတဲ့ မျက်လုံးတွေနဲ့ အကြည့်ခံရတာက အဆိုးဆုံးပဲ"

"ကဲပါ ကျေးရယ်။ အဲလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ ဒါကြောင့် အစ်မက အဆင်ပြေအောင် မုန့်လုပ်စားရင်း မိတ်ဆွေစစ်စစ် ဖြစ်သွားအောင်လုပ်ဖို့ စိတ်ကူးတာလေ ...

မနက်ကပဲ နောက်ထပ် အင်ဂျင်နီယာတစ်ယောက် ရောက်လာတယ်။ ဒါကြောင့် ကျေးနဲ့လည်း မိတ်ဆက်ပေးရင်း အဆင်ပြေအောင် လုပ်ပေးမလို့ ...

ကဲ ... ကဲ ... ကျေး ရေသွားချိုးတော့၊ ခဏနေ သူတို့ ရောက်လာမယ်"

"အမယ်လေး ... သူတို့လာမှာများ ရေချိုးပြီး ကြိုစရာမလိုပါဘူး မချိုသဲရယ်"





"ကြည့်ပါလား ... ဒီကောင်မလေးဟာ။ ဒီပုံနဲ့ အတူမုန့်စားမယ်ပေါ့လေ"

မချိုသဲက ကျေး ဝတ်ထားတာကို မေးငေါ့ပြလျှင် ကျေးက ဘာဖြစ်လဲဟူသော ပုံစံဖြင့် ပခုံးတွန့်ပြသည်။ တရုတ်ဘောင်းဘီရှည်၊ ရှပ်အင်္ကျီပွတို့ဖြင့် ဆံပင်ကို ဘီးကုပ်ဖြင့် ပင့်တင်ထားသော ကျေးပုံစံမှာ မန်နေဂျာ ဆိုတာထက် စိုးစံဘော်ဒါက ဆယ်တန်းနှစ်ရှည်ကျ ကျောင်းသူပုံစံနှင့် ပိုတူနေသည်။

"ကျေးရယ် ... ခုပုံစံက မန်နေဂျာနဲ့ မတူလို့ ပြောနေတာပါ"

"ဟင် ... တကယ်လား"

အဲဒီလိုဆိုရင်တော့ ကျေးက လက်မခံနိုင်ပါချေ။ ချက်ချင်းပဲ အခန်းသို့ ပြန်လာကာ ရေချိုးသည်။ ပြင်ဦးလွင်ရေကလည်း ဘယ်အချိန်ပဲချိုးချိုး အေးစိမ့်နေတာကြောင့် ကြာကြာမချိုးနိုင်ပါ။ ရေချိုးပြီးစ ကျေးဟာ lotion အမြန်လိမ်းပြီး မျက်နှာကိုတော့သုံးနေကြ TONIMOLY Snail Set ကို သုံးကာ နှုတ်ခမ်းနီအသားရောင်ပါးပါးလေးကို ဆိုးလိုက်လျှင် မျက်နှာကိစ္စက ပြီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားကတော့ မိန်းမဝတ် စပို့ရှပ်သား ဘလောက်စ်တစ်ထည်ကို ဂျင်း(န်)တစ်ထည်နှင့် တွဲဖက်ပြီးလျှင် ဤတွင်လည်း အဝတ်အစားဝတ်ရာ၌ နိတ္တိတံလေ၏။ CK Sheer Beauty ရေမွှေး ဆွတ်ပြီးနောက် မချိုသဲရှေ့သို့ တစ်ဖန်ပြန်ရောက် လာလျှင် မချိုသဲက ကျေးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"တော်တော် အချိန်ပေးပြီး ပြင်ဆင်လာတာပဲ"ဟု ရွဲ့သလိုလိုနှင့် ပြောလေသည်။ သူတို့နဲ့ တွေ့မှာများ ဘာပြင်စရာ လိုလဲဟု ကျေး စိတ်ထဲက ပြောနေသလို မချိုသဲ စိတ်ထဲမှာလည်း ကိုရိုးယားကားထဲက မန်နေဂျာမျိုးတွေနှင့် ကွာလိုက်တာဟု ပြော နေတာဖြစ်သည်။ ခဏကြာသောအခါ ဘဲလ်မန်းလေးတစ်ယောက် က ဧည့်သည်နှစ်ယောက်ကို ခေါ်ဆောင်လာသည်။

မချိုသဲကတော့ ကြားနေသမား၊ စိနီယာသမားပီပီ အပြုံးနှင့်ကြိုဆိုသည်။ ကျေးကတော့ မသိသလိုလို သိသလိုလို လုပ်နေမိသည်။ ကိုယ့်ကို အထင်သေးသလို ဆက်ဆံသော ထိုလူ ကို စိတ်ထဲမှာ တကယ်ပဲ တယ်မကြည်ချင်ပေ။

"သြော် ... ကိုနေခြည်ပန်တို့ ရောက်လာပြီ။ လာ ... လာ ထိုင်ကြ။ ထိုင် ... ထိုင် ... မောင်လေးလည်း ထိုင်"





ဟင်း ... နာမည်ကလည်း နေခြည်ပန်တဲ့။ ဘာကြီး မှန်းလဲ မသိ။ ကျေးက စိတ်ထဲကနေ ဝေဖန်နေတုန်းမှာပဲ သူတို့ က စားပွဲမှာ ဝင်ထိုင်သည်။

"နောက်ထပ် အင်ဂျင်နီယာတစ်ယောက်လည်း ရောက်မယ် ဆိုတော့လေ အဲဒါ အစ်မက အားလုံးအတူတူ ဆုံပြီးစားပွဲ လေးလည်း ဖြစ်သွားအောင် ကျေးကျေးနဲ့ တိုင်ပင်ပြီး မြီးရှည်လေး စီစဉ်ထားတာ ... အဟင်း ဟင်း"

"ဟာ ... ကျွန်တော်လာမယ်ဆိုလို့ မြီးရှည်တောင် စီစဉ် ထားတယ်ပေါ့။ ပန်ကြီးရောက်လာတုန်းက ဘာမှမစီစဉ် ဖြစ်ဘူးမလား အစ်မ"

သူ့ဘေးက နောက်ထပ် တစ်ယောက်ကတော့ သူ့ ထက် မျက်နှာပိုချိုကာ သွက်သွက်လက်လက် ရှိသည်။ ချက်ချင်း ပဲ ဖော်ရွေပုံက မချိုသဲကို အကြိုက်တွေ့သွားစေမှန်း ကျေးကတော့ သိလိုက်လေသည်။

"ဟင်း ... အဲလိုလည်း မဟုတ်ပါဘူးကွယ်၊ နေခြည်ပန် ရောက်ခါစက အစ်မလည်း မသိလိုက်တာရယ်၊ အလုပ် ရှုပ်တာရယ် ပေါင်းပြီးတော့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ခဏထိုင်ဦးနော်၊ အစ်မ မုန့်ပွဲပြင်လိုက်ဦးမယ်”

မချိုသဲက မျက်ရိပ်ပြပြီး ထ,သွားလျှင် ကျေးက ကိုယ့်ရှေ့မှာထိုင်နေသော လူနှစ်ယောက်ကို မသိမသာ အကဲခတ်မိသည်။ ကိုကြီးကျယ်ကတော့ ဟိုကြည့်သလို ဒီကြည့်သလို လုပ်နေပြီး ကျန်တစ်ယောက်ကတော့ ကျေးကိုပဲ တည့်တည့်ကြည့်နေတာမို့ ကျေးမှာ အယောင်ယောင် အမှားမှားနဲ့ပဲ ပြုံးပြလိုက်ရသည်။ ဒီတော့မှ သူကလည်း ခေါင်းတစ်ချက်ဆတ်ပြီး ပြုံးပြလာကာ မိတ်ဆက်သည်။

“မင်္ဂလာပါ ... ကျွန်တော်က ညီမင်းသူပါ။ ညီညီလို့လည်း ခေါ်ကြတယ်။ ကျူးလစ်ပ်ကို ထပ်တိုးချဲ့ဖို့ ရောက်လာတဲ့ တာဝန်ခံအင်ဂျင်နီယာပေါ့”

“ဟုတ် ... ကျွန်မနာမည် ကျေးကျေးကျော်ပါ။ ကျူးလစ်ပ်ရဲ့ မန်နေဂျာပါ”

“ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် ဥက္ကဋ္ဌရဲ့မိသားစုဝင်တွေပါပဲ၊ လိုအပ်တာမှန်သမျှ အကူအညီတောင်းပါ။ ဘာပဲလိုလိုပေါ့”





ကျေးက အပြုံးနှင့် ခေါင်းညိတ်ပြလိုက်သည်။ တစ်ဖက်က ကိုကြီးကျယ်ကတော့ ဘာမှမပြောဘဲ နှုတ်ဆိတ်နေသဖြင့် ကျေးက မသိမသာ မျက်လုံးစွေကြည့်မိသည်။ သူကတော့ ဘယ်သူ့ကိုမှ ကြည့်မနေဘဲ ဖုန်းကိုဖွင့်ကာ အလုပ်ရှုပ်ချင်ဟန်ဆောင်နေသည်။ ခဏနေတော့ မချိုသဲက အကူကောင်မလေးတစ်ယောက်နှင့် မုန့်ပန်းကန်တွေမ,ကာ ရောက်လာသည်။

“ကဲ ... စားကြရအောင်၊ ဪ ... မောင်လေးတို့ ဝက်သားတော့ စားပါတယ်နော်”

“ဟား ... စားပါတယ် ... စားပါတယ်၊ မြီးရှည်ဆိုတာ တကယ်တော့လည်း ဝက်သားနဲ့ အလိုက်ဖက်ဆုံးပဲလေ”

ညီညီ ဆိုသော တစ်ယောက်က ဝင်ပြောသည်။ သင်းပျံ့သော မြီးရှည်နံ့နှင့်အတူ ဝက်ရိုးဟင်းချိုနံ့ကပါ အခန်းထဲမှာ မွှေးပျံ့သွားပြီမို့ ကိုကြီးကျယ်ရဲ့မျက်လုံးများက ဖုန်းပေါ်က နေခွာကာ စားပွဲပေါ်က မြီးရှည်ပန်းကန်ဆီ ရောက်လာပြီ။ ဒါကို ကျေးကလည်း မြင်ဖြစ်အောင် မြင်လိုက်လေသည်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကနေ လွှတ်ခနဲ ထွက်သွားသေးသည်။

"မချိုသဲကလည်း မြီးရှည်ကို ဝက်သားနဲ့ပြင်ပြီးမှ ဝက်သားစားလား သွားမေးနေတယ်နော်။ မစားခဲ့ရင်တော့ မမေးဘဲ ဝက်သားနဲ့ ပြင်လိုက်ရလားလို့ အပြစ်တင်စကားက အလကားနေ ရောက်လာဦးမယ်"

"ဟေ ... အဲဒီလိုလား"

မချိုသဲက ဟိုကြည့် ဒီကြည့် ဖြစ်သွားသည်။ ကိုကြီးကျယ်ထံမှ အဟမ်း အဟမ်းသံ ထွက်လာသည်။ ညီညီကတော့ ပြုံးစိစိဖြင့် မြီးရှည်ပန်းကန်ကို အရင်ဆုံး နယ်ဖတ်သည်။

"ခင်ဗျား ကျွန်တော့်ကို စောင်းပြောနေတာလား"

"စောင်းမပြောပါဘူး တည့်တည့်ပဲ"

"ဘာတည့်တာလဲ"

"ဟုတ်တယ်လေ။ စိတ်ထဲက အဲလိုပဲ ပြောနေနိုင်တာပဲ"

"ဩော် ... လက်စသတ်တော့ ခင်ဗျားက ကျွန်တော့်ကို ခုထိ အစာမကြေနိုင်သေးဘူး ထင်တယ်"





"ဟင့်အင်း ... မကြေ မရှိပါဘူးရှင်။ ကျွန်မက ကိုယ့်ကို ပြောထားရင် မှတ်ထားတတ်တဲ့ အကျင့်လေး ရှိရုံပါ"

သူက ကျေးကို အတန်ကြာ စိုက်ကြည့်သည်။ အဲဒီလိုကြည့်လျှင် မျက်လုံးမလွှဲတတ်သော ကျေးကလည်း တုံ့ပြန်ကြည့်နေမိသည်။ မချိုသဲရဲ့ အသံကြားမှသာ မျက်လုံးလွှဲမိကြသည်။

"ကဲ ... စားကြတော့လေ။ ကော်ရည်တွေ ခဲကုန်ဦးမယ်။ သမ္မတကြီးထံပေးစာကိစ္စတွေ လုပ်မနေကြတော့ဘဲ သမ္မတကြီးရဲ့စကားအတိုင်းပဲ လုပ်ကြပါ ...

တူတာတွေ တွဲလုပ် မတူတာတွေ ခွဲလုပ်ကြတဲ့ပေါ့။ အချင်းချင်း နားလည်မှုနဲ့ အဆင်ပြေအောင် နေကြဖို့ အစ်မက ကြားတည်းကပဲ မေတ္တာရပ်ခံပါတယ်ကွယ်"

"ဟဲ ... ဟဲ ... စိတ်ချပါ အစ်မ။ အားလုံး ပျော်ပျော်ရွှင်ရွှင် ခရီးဆက်ကြမှာပါ၊ အစ်မလက်ရာလား မြီးရှည်ကတော့ တကယ်ကောင်းတယ် ...

စားဖူးသမျှထဲမှာ အကောင်းဆုံးပဲ။ နော် ... ပန်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ညီညီ ဆိုသူက စာရင်း သွက်သွက်လက်လက်ပြောလျှင် ဟိုတစ်ယောက်က ခေါင်းညိတ်ပြသည်။ ကျေးလည်း မချိုသဲရဲ့လက်ရာကို အခုမှ စားဖူးတာဖြစ်သည်။ မချိုသဲရဲ့မြီးရှည်ဟာ မန္တလေးမြီးရှည်လည်းမကျ၊ မိုးကုတ်မြီးရှည်လည်း စစ်စစ်မဟုတ်ဘဲ သူ့စတိုင်လ် သူထွင်ထားကာ တစ်မျိုးစားကောင်းလှသည်။

"စားကောင်းရင် များများစားကြ။ အားမနာနဲ့"

"ကျေးဇူးတင်ပါတယ် အစ်မ။ တော်တော်စားကောင်းပါတယ်"

နေခြည်ပန် ဆိုသောသူထံမှ အသံထွက်လာသည်။ ကျေးက ဟင်းချိုတစ်ဇွန်းခပ်သောက်ရင်းမှ ညီညီ ဆိုသောလူထံသာ ဦးတည်ပြီး မေးလိုက်သည်။

"အခု ဆောက်နေတာတွေက ဘယ်တော့လောက် ပြီးမလဲ ဟင်"

"ဟဲ ဟဲ ... မြန်မြန်ပြီးစေချင်ပြီနဲ့ တူတယ်။ ကျွန်တော်တို့ကိုမတွေ့ချင်တော့ဘူးလား"

"ဟင် ... အဲလို မဟုတ်ပါဘူး။ ကျေး သိချင်ရုံ သက်သက်ပါ"





"အင်း ... ကျွန်တော်တို့ နှစ်ယောက်ပေါင်း ဆိုရင်တော့ အားလုံး အချောအပြီးအစီးဆို ခုနှစ်လ ရှစ်လလောက် သွားကျမယ် ထင်တယ် ...

ဒီရှေ့မှာ စိုက်မယ့် အပင်ပုံစံကအစ ဒီဇိုင်းထုတ်ထားပြီးသား၊ ဥက္ကဋ္ဌကို ပြထားတဲ့ ဒီဇိုင်းအတိုင်း ဆောက်ရမှာ ဆိုတော့လေ"

"ဘာတွေပါမလဲ ... တခြား ဟိုတယ်ဖစ်ဆစ်လတီတွေက"

"ဒိုင်းနင်းရှမ်း ပါမယ်၊ Bar ပါမယ်၊ နောက် ကာရာအိုကေ နှစ်ခန်းပါမယ်။ Beauty Saloon ပါမယ်"

"ဩော် ... Beauty Saloon တောင် ပါမှာလား"

"ဟုတ်ကဲ့ ... ပုံစံဆွဲတော့ နေရာလေး နည်းနည်းပိုနေတာနဲ့ ပန်ကြီးက ဩော် ... ပန်ကြီး ဆိုတာ သူ့ကိုပြောတာနော်။ နေခြည်ပန် ဆိုတဲ့ ဒီပုဂ္ဂိုလ်က Beauty Saloon နဲ့ Spa လေး ထည့်လိုက်ပါလားဆိုပြီး ဒီဇိုင်းထည့်ဆွဲတော့ ပါသွားတာ ...



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်အနည်းငယ် ကြာရင်တော့ အသုံးဝင်လာမှာပေါ့၊ အနည်းဆုံးတော့ မကျေးကျေးကျော်တို့ မချိုသဲတို့အတွက်တော့ အသုံးဝင်မှာပေါ့"

"ဟုတ်တယ် ဝင်နိုင်တယ်၊ အဲ ... အလှသွားဖြင်ဖို့တော့ မဟုတ်ဘူး။ ကိုယ်တိုင်ပြင်ပေးတာကို ဝါသနာပါတာ။ ကျေး တစ်ခု စဉ်းစားမိတယ် မချိုသဲ ...

မချိုသဲလည်း အလှပြင်ပေးရတာ ဝါသနာပါတာပဲဟာ။ မချိုသဲကမှ ကျေးထက်တောင် ဝါသနာပါသေးတယ်။ သင်တန်းတက်လိုက်ပြီး Beauty Saloon အတွက်ပါ လုပ်လိုက်ပါလား။ ဒါဆို ဝန်ထမ်းသီးသန့်ကြီး ငှားစရာမလိုတော့ဘူးပေါ့ ... နော် ... ဟုတ်တယ်မှုလား ကိုညီညီ"

"ဗျာ ... အဟဲ ... ဟုတ် ... ဟုတ်သလိုလိုပါပဲ"

ကျေးရဲ့စကားကို မချိုသဲကတော့ဖြင့် ကျေး တစ်ယောက်ဟာ လုပ်ချင်တာတွေ သိပ်များနေတယ်ကွယ် ဟုသာ ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ကျေးကို အဲဒီ ဒီဇိုင်းလေးတွေ ပြလို့ရမလား"

"မရဘူး"





ညီညီ တစ်ယောက် ရပါတယ်ဟု အသံထွက်မလို့ ဟန်ပြင်နေတုန်းမှာပဲ နေခြည်ပန် ဆိုသူထံမှ "မရဘူး"ဟူသည့် အသံထွက်လာတာ ဖြစ်သည်။ ကျေးက သူ့ကို ဆတ်ခနဲကြည့်လိုက်လျှင် သူက ကျေးကို မေးပင့်ပြီးကြည့်ကာ ...

"ကျွန်တော့်ဒီဇိုင်းကိုကြည့်ပြီး ခင်ဗျား တလွဲတွေလုပ်လာမှာကို လက်မခံနိုင်ဘူး"

"အောင်မာ ... ရှင် ပြောပြန်ပြီလား။ ကျွန်မက ရှင့်ဒီဇိုင်းမြင်တာနဲ့ပဲ ဘာတွေတလွဲလုပ်ရမှာလဲရှင့်"

"ပြောလို့ ရမလား၊ ဒီ,ဒီဇိုင်းနဲ့ ကြော်ငြာတွေ ဘာတွေ လျှောက်ထည့်၊ စိတ်ထင်တာတွေ လျှောက်လုပ်လို့ ရတာပဲ"

ကျေးက သူ့ကို စိတ်တိုတိုနှင့်သာ စိုက်ကြည့်နေလိုက်တော့သည်။ သူကတော့ ဘာစကားမှ မပြောမိဘူးအလား မြီးရှည်ကိုသာ ဆက်စားနေသည်။

မချိုသဲက ကျေးကို တံတောင်နှင့် အသာတို့ကာ ဆက်စား၊ ဘာမှမပြောနဲ့တော့ဟူသော ပုံစံမျိုးဖြင့် မျက်ရိပ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ မြီးရှည်ကို ဆက်စားနေသော်လည်း စိတ်မပါတော့။ စိတ်ထဲမှာ ရှိနေဘာက သူ့ ကိုယ့်ကို တော်တော်အထင်သေးနေသလား ဟူသော မေးခွန်းပဲ ဖြစ်တော့သည်။ အဲဒါကို ကျေးက ဂရုမစိုက်ဘဲလည်း မနေနိုင်။ ဒါကိုက ကိုယ့်ကိုယ်ကိုယ် Confidence မရှိလို့ပဲဟု သတ်မှတ်တော့လည်း ကိုယ့်ဟာကိုယ် ဒေါသကပြန်ထွက် အား ... ဒီကိစ္စကို ဘယ်လိုဖြေရှင်းကြမလဲ။

○ ❦ ○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆) သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၇

အဆုတ်ထဲသို့ ရှိုက်သွင်းလိုက်သော စီးကရက်မီးခိုးငွေ့များကို ပြန်မှုတ်ထုတ်လိုက်ပြီးနောက် ပန်သည် သူ့ရှေ့က ကော်ဖီကို တစ်ငုံမော့လိုက်သည်၊ သူက ဗိုက်သိပ်မဆာသဖြင့် ကော်ဖီပဲ သောက်သော်လည်း ညီညီကတော့ ဗိုက်ဆာနေ၍ ကတ်ကြေးကိုက်စားလိုက်၊ ဖျော်ရည်သောက်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ သူက ဒီကောင် အေးအေးဆေးဆေး စားပါစေတော့ ဟူသည့် စေတနာဖြင့် ဖုန်းကိုဖွင့်ကာ Facebook သုံးနေမိသည်။

အဲဒါကို သတိထားမိသော ညီညီက စားရင်းမှ လှမ်းမေးသည်။

"ဘာထူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မထူးပါဘူးကွာ"

"အပြင်မှာ မတွေ့ရတော့ပေမယ့် facebook မှာ တွေ့နေရတော့ အလွမ်းတော့ ပြေမှာပေါ့ ... နော့"

"ဘာကိုလဲ"

သူက မျက်မှောင်ကြုတ်ရင်း ပြန်မေးကာ အင်တာနက်သုံးနေတာကို ပိတ်လိုက်သည်။ သူ facebook သုံးတာက သူများတွေလို ခါတ်ပုံတင်၊ တစ်နေ့ တစ်နေ့ အိမ်သာဘယ်နှခါတက်တယ်၊ ဘယ်ဆိုင်မှာ သွားစားတယ် ဆိုတာမျိုးတွေ မတင်ဖြစ်ပါ၊ သူ့ Friend list ဆိုတာလည်း ဘယ်လောက်မှမရှိ။ သူ အဓိကသုံးတာက အရမ်းမြန်မြန်ဆန်ဆန် တက်လာတတ်သော အချိန်နဲ့တပြေးညီ သတင်း Update များအတွက်သာ ဖြစ်ပါသည်။

"ဩော် ... မင်း စံမို့ကို တွေ့နိုင်တယ် ပြောတာပါ"

"မတွေ့နိုင်ပါဘူး"

သူက ဖုန်းကို စားပွဲပေါ်သို့ ချလိုက်ပြီး ကော်ဖီခွက်ကိုယူကာ မော့သောက်နေလိုက်သည်။

"ဘာလို့လဲ ... မင်း ဘလော့ လိုက်တာလား"

"မဘလော့ပါဘူး"





"သူက ဘလော့ တာပေါ့"

"သူကလည်း ဘလော့စရာ အကြောင်းမရှိပါဘူး"

ပြန်ဖြေလိုက်ရင်းမှ သူ့လက်လုံးထဲတွင် "စံ"ရဲ့ ပုံရိပ်တို့ကို ပြန်မြင်လာသည်။ အပြောင်သိမ်းထားသော ဆံပင်၊ သွေးမရှိသလို ဆွတ်ဆွတ်ဖြူနေသော အသားအရေနှင့် စူးရှသော မျက်ဝန်းတစ်စုံတို့ဟာ စံရဲ့အမှတ်အသားများပဲဖြစ်သည်။ မိန်းမချောစာရင်းဝင်တစ်ယောက်ဖြစ်သော စံကို သူ စွဲလမ်းနှစ်သက်ခဲ့ရဖူးပါသည်။ ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက်ကို ချစ်တာကသပ်သပ်၊ စွဲလမ်းသဘောကျတာကသက်သက်၊ သူ့ဘဝတွင် အဲဒီမိန်းကလေးကို အထင်တကြီး ရှိခဲ့တာလည်း ပိုခဲ့သည်။

ဩော် ... ခုတော့လည်း သူစိမ်းတွေလိုပါပဲလား။

"အရင် ချစ်တုန်းက ချစ်ခဲ့ကြပြီး သဘောထားချင်းမတိုက်ဆိုင်လို့ ချစ်သူအဖြစ်က လမ်းခွဲလိုက်တာနဲ့ ဖုန်းနံပါတ်တွေဖျက်ပစ်၊ facebook ကနေ Unfriend လုပ်ပစ်၊ လမ်းတွေ့ရင် မမြင်ချင်ယောင်ဆောင် အဲဒါမျိုးတွေက ကလေးကလား အလုပ်တွေလို့ ငါ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း သူ့ကို ဘာလို့မတွေ့တာလဲ၊ သူက မင်းကို ဘလော့လိုက်လို့လား"

"မဘလော့ပါဘူး၊ သူလား ဘလော့မယ့်မိန်းမ၊ သူက ငါ့ကို ပိုတောင်ရွဲ့ချင်နေသေးတယ်။ ကလိမယ့် စာသားတွေ တင်မယ်၊ ဘာဖြစ်မယ်၊ ညာဖြစ်တယ် ရွဲ့တဲ့တဲ့တင်တယ် ...

မိန်းမတွေဟာလေ ဘယ်လောက်ပဲတော်တော် တတ်တတ် ရွဲ့တာ ခနဲ့တာတော့ မကျွဲကြဘူးကွ"

"ဒါဆို ဘာလို့မတွေ့ရတော့တာလဲ"

"Function တစ်ခုနဲ့ပဲ ဖျောက်ထားလို့ပါ။ Upfriend လည်း မဟုတ်၊ Block တာလည်း မဟုတ်ဘဲနဲ့"

"ဟင် ... မင်းပြောတော အဲဒါတွေ လုပ်စရာ မလိုပါဘူး ဆို ! "

"အစက မလုပ်ခဲ့ဘူးလေ။ နောက်တော့ သူလုပ်တာတွေကို မခံနိုင်လို့ လုပ်လိုက်ရတာ။ အဲဒါပဲ ကောင်းပါတယ်ကွာ။ မြင်တွေ့ရင်လည်း ရှောင်နေစရာ အကြောင်းမရှိသလို မတွေ့ရင်လည်း ဘာမှ မဖြစ်ဘူးပေါ့"





သူ့ရဲ့အေးအေးသက်သာ အပြောကို ညီညီက မသက်မသာသလို ကြည့်နေသည်။

"မင်းတို့တစ်တွေကွာ ဘာမှ မဟုတ်တာလေးနဲ့ အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်ရတယ်လို့"

"ဟာ ... ဘာမဟုတ်တာလေး မဟုတ်ဘူးကွ၊ ဒါက အကြီးကြီး။ နောက်တစ်ချိန် ယူပြီးသွားတဲ့အထိ မကျေလည်ဘူးဆိုရင် အိမ်ထောင်ရေး မသာယာဘဲ ကွဲသွားတဲ့အထိ ဖြစ်နိုင်တယ်လေ ...

မဖြစ်ဘူး မထင်နဲ့ မင်း။ အိမ်ထောင်ရေးဆိုတာ အများကြီး နက်ရှိုင်းတယ်။ အထူးသဖြင့် စံမှီလို မိန်းမမျိုးကို လက်ထပ်မယ်ဆိုရင် ပိုဂရုစိုက်ရမယ်"

ညီညီက အဝေးသို့ငေးရင်း ပြောနေသည့် ပန့်ကို ကြည့်ကာ စိတ်ထဲမသက်မသာ ရှိလှသည်။ တကယ်မယ်ဆိုရင် ပန်နှင့် စံမှီဦးတို့ စုံတွဲဟာ အများသူငှာ အားကျရသည့် Perfect စုံတွဲပါ။ ပန်ဟာလည်း ခြောက်ပေခန့်ရှိသော အရပ်အမောင်းနှင့် ယောကျာ်းပီသလွန်းအားကြီးသော မျက်နှာကို ပိုင်ဆိုင်ထားသလို၊ စံမှီဦးဟာလည်း ဟောင်ကောင်မင်းသမီးတစ်ယောက်လို ဖြူဖြူဖွေးဖွေး သွယ်သွယ်လျလျဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန့်ဖခင်ကတော့ ယခင်က ဗိုလ်မှူးတစ်ယောက် ဖြစ်ပြီး နောက်ပိုင်းမှာ စီးပွားရေးနယ်ထဲ ရောက်သွားသည်။ အဲဒီမှတစ်ဆင့် လက်ရှိ သူတို့၏အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌနှင့် ဆက်သွယ်မိသွားကာ လုပ်ငန်းပါတနာတွေ ဖြစ်လာခဲ့သည်။ ပန် ကျောင်းပြီးသွားသောအခါ သူတို့ သူငယ်ချင်းနှစ်ယောက်လုံး ဥက္ကဋ္ဌ၏ Construction လုပ်ငန်းတွေမှာ အလုပ်ဝင်ခဲ့သည်။

စံမိုဦးနဲ့ ပန်ဟာ လုပ်ငန်းဆိုင်ရာ ဒင်နာတစ်ခုမှာ တွေ့ခဲ့တာဖြစ်ပြီး သိပ်မကြာခင် ချစ်သူတွေ ဖြစ်သွားခဲ့ကြတာလည်း သူ့မျက်စိရှေ့တင်ပဲဖြစ်သည်။ နှစ်ယောက်စလုံးဟာ စမတ်ကျကျ ချောချောဖြောင့်ဖြောင့်တွေ ဖြစ်လို့ သူတို့နှစ်ယောက်ကို လူတကာက အားကျခဲ့သည်။ အထူးသဖြင့် ပန့်ကိုအားကျခဲ့သူတွေက ပိုပါသည်။

စံမိုဦးဟာ နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ရဲ့သမီး ဖြစ်တာအပြင် ကိုယ်တိုင်ကလည်း ထက်ထက်မြက်မြက်၊ တော်တော်တတ်တတ် ဖြစ်တာကြောင့် စိတ်ဝင်စားသူ ပေါများခဲ့တဲ့ကြားမှ ပန်ဟာ ကံကောင်းခဲ့သူ ဖြစ်ခဲ့ရသည်။ ဒါတောင် ပန်ဟာ စံမိုဦးကို သည်းသည်းလှုပ် ကြွေပြခဲ့တာ





မဟုတ်ချေ။ ပန့်ရဲ့ မူလစတိုင်လ်အတိုင်း ဂျစ်တစ်တစ်၊ မထီတရီ အဲဒီလောက်ကိုပဲ စံမိုဦးကလည်း ကြွေခဲ့တာ ဖြစ်နိုင်သည်။

နောက်ပိုင်းမှာ စီးပွားရေးအကွက်မြင်သော စံမိုဦးက တန်ဖိုးနည်း အိမ်ရာတွေ ဆောက်ချင်လာသည်။ ပန့်ကို သူမတို့ကုမ္ပဏီသို့ ပြောင်းလာခဲ့ဖို့ခေါ်သည်။ ဒီဘက်မှာလည်း ဥက္ကဋ္ဌဘက်မှာ နေခြည်ပန် ဆိုတာ ဘုရင်တစ်ပါးလို နေရာပေးချီးမြှောက်ခံထားရသူဆိုတော့ ပန်ဟာ စံမိုဦးတို့ ကုမ္ပဏီသို့ မပြောင်းလိုတာလည်း သဘာဝကျပါသည်။ ပန့်ခံစားချက်ကိုလည်း သူကနားလည်သည်။

ယခင်က ဒမြှောက်စားခံသော ကုမ္ပဏီကို စွန့်ခွာကာ ချစ်သူရည်းစားရတော့မှ မိန်းမဘက်ကိုပါ, ပါသွားသည်ဟု အပြောမခံချင်သော ပန့်စိတ်ဓာတ်နှင့် မိန်းကလေးဘက်ကကုမ္ပဏီကို မဦးစီးချင်သော ပန့်ရဲ့ယောကျ်ားမာနကိုလည်း သူက နားလည်ခဲ့ပါသည်။

သို့ပေမယ့် ... သို့ပေမယ့်ပေါ့လေ။ အစစအရာရာ လိုက်ဖက်ညီလှသော ချစ်သူနှစ်ယောက်ကိုတော့ ဆုံစည်းခွင့်ရှိစေချင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီကို လာခါနီးတုန်းကတောင် ဥက္ကဋ္ဌက မေးလို့ပြောလိုက်သေးတယ်"

"ဘာပြောလိုက်တာလဲ"

"ဒီလိုပါပဲ ... သူကလည်း ဦးဖေခင်ရဲ့သမီး ဆိုတော့ သိတာပေါ့ကွာ။ မင်းတို့ ပြတ်သွားကြပြီပြောတော့ ဥက္ကဋ္ဌက အံ့သြနေတယ်။ ဒါကြောင့် ဘာမဟုတ်တဲ့ ပြင်ဦးလွင်ဆိုက်ကို မင်း ယူသွားတာကိုးလို့လည်း ပြောတယ်။ ဥက္ကဋ္ဌကတော့ မင်းအတွက် စိတ်မကောင်း ဖြစ်နေတယ်၊ မင်းကို သေချာစဉ်းစားပါဦးတဲ့၊ သူ့ကို မငဲ့စေချင်ဘူးလည်းပြောတယ်"

"မင်းက အဲဒီကိစ္စတွေပါ သွားထည့်ပြောလို့လား"

"ဩော် ... ပြောရတာပေါ့။ မဟုတ်ရင် ဘာကိစ္စနဲ့ပြတ်စရာအကြောင်း ရှိမှာလဲ"

"အလကား သွားပြောနေတယ်ကွာ"

"ဥက္ကဋ္ဌကလည်း မင်းစိတ်ဓာတ်ကို နားလည်ပါတယ်ကွာ"

သူက စီးကရက်ကို တစ်ချက်ပြန်ရှိုက်ရင်း အဝေးသို့ ငေးနေလိုက်သည်။ သူတို့က Feel မှာ လာစားနေကြသည်မို့





ကန်တော်ကြီးရေပြင်ကို လွမ်းမောစရာ ငေးခွင့်ရနေသည်။ တစ်ခါတလေတော့လည်း လောကကြီးမှာ ဘာမှမတွေးဘဲ ငေးနေရတာလည်း တစ်မျိုးတော့ စိတ်ချမ်းသာစရာကောင်းသည်ဟု ထင်ပါသည်။

"ဝါး ... ဗိုက်ပြည့်သွားတော့ အိပ်ချင်လာပြီ။ ပြင်ဦးလွင်မှာကလည်း အကျော်အချင် လျှော့စရာ နေရာလေးကလည်း မရှိ။ အား ... လွမ်းတတ်သူတွေအဖို့ ပြင်ဦးလွင်က နေစရာကောင်းပေမယ့် မလွမ်းတတ်သူတွေအဖို့ ပျင်းစရာတော့ ကောင်းလှတယ်ကွ"

"ပျင်းရင် ရည်းစားတစ်ယောက်လောက် ကောက်ထားလိုက်ပေါ့ကွာ"

"ဟား ဟား ... အဲဒါကလည်း လမ်းသလားဖြစ်ဦးမှကိုး။ ဟား ... ပြောသာ ပြောရတာ။ ပြင်ဦးလွင် ရောက်တာ ဆယ်ရက်လောက်ရှိပြီ ခုထိ ဘယ်မှလဲ မရောက်သေးဘူး။ BF Fall ဖြစ်ဖြစ် ဓာတ်တော်ချိုင့်ဖြစ်ဖြစ် သွားရအောင်ကွာ"

"အလုပ်တွေ ရှိသေးတယ်။ ဘယ်အချိန် သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ … သင်္ကြန်တွင်းကျတော့လည်း ငါက ရန်ကုန် ပြန်ကဲဦးမှာ။ မင်းက ဘာလို့ မလိုက်တာလဲ။ ပျင်းစရာကြီး"

"သြော် … ရန်ကုန်ကတော့ ပျော်စရာရှိတယ်ဟုတ် ? ဟာ ဟ"

သူ့ရဲ့ သရော်တော်တော်အပြောကို ညီညီက ပခုံးတွန့်ပြသည်။ တကယ်တော့ သူ့အခြေအနေဟာ ပျော်စရာမရှိဘူးဆိုတာ အရေးမကြီး။ စိတ်ညစ်စရာ မရှိဖို့က ပိုအရေးကြီးသည်ဟု မှတ်ယူပါသည်။

○ ❦ ○





၈

"တစ်ရက်လောက် လိုက်လည်ပေါ့ ကျေးကျေးရယ်။ ဦးမြင့်နိုင်လည်း ရှိနေတာပဲ"

မချိုသဲက အင်္ကျီတွေကို အဝတ်အိတ်ထဲသို့ ခေါက်ထည့်နေရင်းမှ ပြောသည်။ ကျေးကျေးက မချိုသဲ့အတွက် ယူသွားရမည့် စတော်ဘယ်ရီခြင်းလေးများကို အိတ်ထဲသို့ စီထည့်ပေးနေရင်းမှ …

"နေပါစေ မချိုသဲရယ်။ ဒီမှာလည်း သင်္ကြန်တွင်း လူကရှုပ်ဦးမှာ။ မချိုသဲ မရှိရင် ကျေး ရှိမှဖြစ်မှာပေါ့"

"အေးပါကွယ် … မ,က ကျေး တစ်ယောက်တည်း ပျင်းနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ဟက် ... ကျေးက ပျင်းတတ်တဲ့လူမျိုးလား မချိုသဲရဲ့"

"အေးပါ ... ဒေါ်ကျေးကျေးကျော်က မဲခွာတောထဲ သွားထားရင်တောင် ပျင်းမှာမဟုတ်ဘူး။ ရောက်တဲ့နေရာမှာ ပျော်အောင် နေလည်းနေတတ်တဲ့ ကလေးမ"

"ပြင်ဦးလွင်လို နေရာမျိုးမှာမှ အဲဒီ ပြင်ဦးလွင်မှာ ကျူးလစ်ပ်လိုဟိုတယ်မျိုးမှာမှ အဲဒီ ကျူးလစ်ပ်လို ဟိုတယ်ထဲမှာ မန်နေဂျာဖြစ်ခွင့်ရတဲ့ ဘဝမျိုးမှာမှ မပျော်ရင် ဘယ်ဘဝက ပျော်စရာကောင်းတော့မတုန်း မချိုသဲရဲ့"

"အေးပါ ... ဟုတ်ပါတယ်။ ရှင် အညာသူမဖြစ်တာ တော်တော်ကံကောင်းတယ်"

"ဟင် ? ဘာဖြစ်လို့လဲ၊ အသားမမည်းလို့လား"

"ထွတ် ... ရှင်ဟာလေ၊ ပြောလိုက်ရင် တကယ့်တလွဲ"

"ဟော ... တွေ့လား။ စိတ်ရင်းအမှန်တွေ ပေါ်ထွက်လာပြီ။ ကျေးကို မချိုသဲလည်း တလွဲလုပ်တယ်လို့ပဲ မြင်တယ် မဟုတ်လား"

"ဟား ဟား ... မဟုတ်ရပါဘူး ကျေးရယ်"





"ဟုတ်ပါတယ်၊ မှန်ရာကို ဝန်ခံပါ၊ ကျေး စိတ်မဆိုးတတ်ပါဘူး မချိုသဲရဲ့"

"စိတ်မဆိုးတတ်မှန်း သိပါတယ် ကျေးရယ်။ ဒါပေမဲ့လည်း ကျေးကို တလွဲလုပ်တယ် မထင်တာပါ"

"ညာ ... ဒယ် ..."

ကျေးက မျက်နှာကို ဆတ်ခနဲလှည့်လာပြီ လက်ညှိုးကို သေနတ်နဲ့ပစ်သလို သဏ္ဍာန်လုပ်ပြပုံလေးက တကယ်ချစ်စရာလေးမို့ ငေးကြည့်နေမိသည်။ အင်း ... ဒီကောင်မလေးမှာသာ ချစ်သူရှိရင် တစ်ဖက်က ဘယ်လောက်များ ချစ်လိုက်မလဲလေ။

"ကျေးမှာ ရည်းစား မရှိဘူးလား"

"ဟက် ... ရှိတယ်"

"ဟင် ... ဟုတ်လား။ ဘယ်သူလဲ"

"ဟိုဒင်း"

"ဘယ် ဟိုဒင်းလဲ"

"ရှိတယ်လေ၊ ကိုရီးယားမှာ ရုပ်ရှင်ရိုက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီကောင်မလေးကတော့ ပေါက်တတ်ကရပြော ပြီ။ ကျေးရယ် ... တစ်ခါတလေလေးများ ပဲနဲ့နေစမ်းပါ။ အဲလို ပေါက်တတ်ကရတွေ လုပ်နေတော့ ယောကျ်ားလေး တွေက ဘယ်ခံစားတတ်တော့မလဲ"

"အမယ်လေး ... တော်ပါ မချိုသဲရယ်။ မခံစားချင်လည်း နေတော့။ ကျေးတို့ကတော့ ဟန်ဆောင်ပန်ဆောင်တွေ လည်း နေတတ်ပါဘူး၊ ကဲ ... ကဲ ... မချိုသဲ၊ ကားနောက် ကျနေမယ်နော်၊ ကျေးကို လွမ်းရင် ကားပေါ်ရောက်မှ ဖုန်းဆက် ...

သွားရအောင်"

ကျေးတို့ နှစ်ယောက်သားက အထုပ်ဆွဲကာ အပြင် သို့ထွက်လာလျှင် တစ်ဖက်ကနေ၍ အထုပ်ဆွဲ ထွက်လာသော အင်ဂျင်နီယာနှစ်ယောက်ကို တွေ့လိုက်ရသည်။ သူတို့လက်ထဲ မှာလည်း အိတ်ဆွဲထားတာမို့ ခရီးသွားတော့မည့်လူဆိုတာ သိသာ စေသည်။ မချိုသဲကတော့ အကြီးပီပီ စ,နှုတ်ဆက်သည်။

"ခရီးသွားကြမယ် ထင်တယ်"





"ဟာ ... ဟုတ်တယ် အစ်မ။ ကျွန်တော်က ရန်ကုန်ပြန် မလို့။ အစ်မရော"

"အစ်မက မန္တလေးဆင်းမှာ"

"ဩော် ... အစ်မ တစ်ယောက်တည်းလား"

"ဟုတ်တယ်။ အစ်မက မန္တလေးသူလေ။ မန္တလေးပဲ ခဏပြန်မှာ။ ဟောဒီက ဂျာလေးကတော့ မပြန်ဘူး"

မချိုသဲက ခါတိုင်းအချိန်လည်း ကျေးကို ဂျာလေး ဟု နောက်တတ်ပေမယ့် ဒီတစ်ခါတော့ ကျေးက ရှက်သွားရ သည်။ အထူးသဖြင့် ဟိုလူ့ရှေ့မှာဆိုတော့ ပိုဆိုးသည်။ ကျေး ကို စိတ်ထဲက ဟားနေမှာတောင် မလိုလားပါ။

"အစ်မ မန္တလေးသွားမှာဆိုရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ လေ။ ကျွန်တော်တို့လည်း မန္တလေးသွားမှာပဲဟာ"

ညီညီက ဖော်ရွေစွာ ဖိတ်ခေါ်သည်။ မချိုသဲက ကျေး မျက်နှာကို လှည့်ကြည့်သည်။ ကျေးကတော့ လက်ပိုက် ထားရင်း ထုံးစံအတိုင်း နှုတ်ခမ်းအတွင်းသားကို လျှာနှင့်ထိုးဆော့ ကာနေသည်။

"ရန်ကုန်ပြန်မှာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဩော် ... မန္တလေး တံတားဦးလေဆိပ်က နေ လေယာဉ်စီးမှာပါ ခင်ဗျ။ အစ်မ လိုက်လာလို့ရတယ်။ ကျွန်တော့်ကို ပို့ပြီးတာနဲ့ အစ်မကို အိမ်လိုက်ပို့ပေးလို့ ရတယ်"

"လိုက်ခဲ့ပါ အစ်မ။ အားနာစရာ မရှိပါဘူး။ တစ်ယောက်တည်းဖြစ်နေရင် ကျေးကျေးကျော်ကိုပါ ခေါ်ခဲ့ပေါ့"

အံမယ် ... သူ့နှုတ်ဖျားက ကျေးနာမည် ထွက်လို့။ ကျေးက တစ်ဖက်သို့လှည့်ပြီး နှုတ်ခမ်းကို မသိမသာမဲ့မိသည်။ မချိုသဲက ကျေးလက်ကို ဆွဲကိုင်လှုပ်ယမ်းကာ ...

"ကျေး အဆင်ပြေလား"

သူကတော့ ဘာကိုရည်ရွယ်ပြီး မေးလဲမသိ။ ကျေးကတော့ ကိုယ်ဝတ်ထားတာ အဆင်ပြေလားလို့ မသိမသာ ဆင်ခြင်မိသည်။ လည်ပင်းမှာ တက်တင်းစာနို့နှစ်ရောင် အပြားကြီး ကွပ်ထားသော အနက်ရောင်ဘလောက်စ်အင်္ကျီကို ဂျင်း(န်)ပန် အရှည်တစ်ထည်ဖြင့် ဝတ်ဆင်ထားတာဖြစ်ပြီး ဒီပုံစံနှင့် မန္တလေး ဆင်းသွားလည်း အဆင်ပြေလောက်သော အနေအထားဖြစ်သည်။

"ပြေပါတယ်"





"နေခြည်ပန်တို့က၊ ခုပဲ သွားတော့မှာလား"

"ဟုတ်တယ် အစ်မ"

"ဒါဆို သွားကြတာပေါ့"

ဒီလိုနှင့် ယောကျ်ားလေးနှစ်ယောက်က ရှေ့ကထိုင်ကာ ကျေးတို့နှစ်ယောက်က နောက်ကနေ၍ လိုက်ပါလာကြသည်။ သူ့ကားဟာ Mark X ဖြစ်သဖြင့် စီးရတာ ease ဖြစ်လှသည်။ ကားကြီးတာကို အရူးထသော ကျေးသည် စ,မောင်းတတ်ချင်းမှာပဲ CRV ကြီးကို ဝယ်ယူခဲ့သဖြင့် ဟိုမနိုင်မနင်း၊ ဒီမနိုင်မနင်း ဖြစ်ခဲ့ရတာကို သတိရမိသည်။ တကယ်ဆို ကားစ,မောင်းသော မိန်းကလေးတစ်ယောက်အနေနဲ့ နိုင်နိုင်နင်းနင်း ကားသေးမျိုးကိုသာ ရွေးချယ်သင့်သည် မဟုတ်ပါလား။ ကားအင်မတန်ကျပ်ပါကင်နေရာရဖို့ ခက်ခဲ စသဖြင့် ရန်ကုန်လိုနေရာမျိုးမှာ 1300 CC ကားမျိုးလေးတွေနှင့် ကားတိုးဖို့ကောင်းပေမယ့် ကျေးက မေမေ ပြောသလို လုပ်လိုက်လျှင် ဘာမဆို ဘီအေ တည်း။

ပန်းထိမ်မတတ်ခင်တည်းက ရွှေခိုးသင်ခဲ့သူ ကျေးမှာ CRV ကားနှင့် မြို့ထဲတွင် အတော်ဒုက္ခရောက်ခဲ့သည်။ ဟိုတိုးဒီတိုက်နှင့် ကားကလည်း ဘော်ဒီရှုံ့နဲ့အိမ် ကူးနေရသည့် အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေပဲ ပြောပါတော့။ တကယ်တော့ မြေမှာဝပ်ဝပ်လေးသွားသည့် Mark X ဟာ အဲဒီလောက် ဇိမ်ကျမှန်း ခုမှသိရတာဖြစ်ပြီး ဖြူဖြူ ခဲခဲ Mark X လေးကို ကြိုက်နေပြန်လေသည်။

ပြင်ဦးလွင်ကနေ မန္တလေးသို့ဆင်းသော လမ်းတစ် လျှောက်မှာလည်း ရှင်လောင်းလှည့်လာသလို ကားတန်းကြီးက တန်းစီပြီးနေသည်။ မောင်းနေတဲ့တစ်ယောက်ကတော့ နေကာ မျက်မှန် အညိုရောင်ကိုတပ်ကာ သက်သောင့်သက်သာပုံစံနှင့် မောင်းနှင်နေသည်။ အပြာရောင်စိုစို ဖစ်တင်တီရှပ်၊ ကာကီရောင် ဘောင်းဘီရှည်တို့ဖြင့် သူ့ကိုယ်သူတော့ ကြော့မော့အောင် ဝတ် တတ်သူ၊ ထိုထို အင်ဂျင်နီယာဟာ သူများကိုတော့ အပြစ်ရှာသည့် မျက်လုံးနဲ့ကြည့်တာ ဆိုးလှသည်။

"တံတားဦးကို အရင်သွားလိုက်မယ်"

ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောမှန်းမသိသော စကား သံက သူ့ဆီကနေ၍ ထွက်ပေါ်လာသည်။ မချိုသဲက ကမန်း ကတန်း "ရပါတယ် ... ရပါတယ်"ဟု ပြောလျှင် သူ့ကားက တံတားဦးထံသို့ ဦးတည်သည်။ ညီညီကို ပို့ပေးခဲ့ပြီး မချိုသဲကို ပို့ပေးဖို့ပြင်သည်။ မချိုသဲအိမ်က နန်းအရှေ့ဘက် ရေနီမြောင်း





နားမှာဖြစ်ပြီး မန္တလေးရဲ့အထင်ကရနေရာတစ်ခုဖြစ်ကြောင်း ကျေး ကို ပြောပြသည်။

"အချိန်က နေ့ခင်း ထမင်းချိန်လည်း မဟုတ်။ ဘရိတ် ဖတ်စ်လည်း မဟုတ်ဘဲ ကိုးလိုးကန့်လန့် ဖြစ်နေတယ်။ ဒါပေမဲ့ ဝင်းစံပယ်မှာ ထိုင်ရအောင်လေ ...

နေခြည်ပန့်ကိုလည်း တစ်ခုခု ကျွေးချင်လို့ပါ"

"အာ ... ရပါတယ် အစ်မ။ မစားတော့ပါဘူး"

"ဒီလိုမလုပ်ပါနဲ့ အစ်မ စိတ်မကောင်းအောင်လို့။ ဒီဆိုင် လေးက မန္တလေးမှာတော့ နာမည်ကြီးလေ။ သိတယ်ဟုတ် ဂျူးရဲ့အမှတ်တရဝတ္ထုထဲက ဆိုင်လေး"

"ဟုတ်လား"

အဲဒါက နေခြည်ပန့်ထံမှ ထွက်လာသောအသံဖြစ် သည်။ ဂျူးရဲ့ဝတ္ထုထဲကဆိုင် ဆိုတာနဲ့ မျက်လုံးတွေက အရောင် တောက်သွားတာ သိသာလွန်းလေသည်။ ရှမ်းရိုးရာအစားအစာ ဆိုင်လေးမှာ ကျေးတို့သုံးဦးသား ထိုင်ကြသည်။ သူ့ပုံစံက ဂျူး ဝတ္ထုထဲက ပုံရိပ်ကို ပြန်ဖမ်းနေသလိုပဲ ဖြစ်လေသည်။ ငါးကင်၊ မုန့်ညင်းပေါင်း၊ စတော်ဘယ်ရီဖျော်ရည်၊ ငါးထမင်းချဉ် စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသောအခါ မချိုသဲကို အိမ်လိုက်ပို့သည်။ မချိုသဲက ပြုံးတုံ့တုံ့ဖြင့် ကျေးကိုကြည့်ကာ "ကောင်းကောင်းသွားနော်" ဟု ပြောသည်။

"အို ... မချိုသဲကလည်း ကျေးက ဘာလို့ ကောင်းကောင်း သွားရမှာလဲ"

"အဟင်း ... နေခြည်ရေ၊ ကျေးကို ဂရုစိုက်လိုက်ပါဦး၊ ပြီးတော့ လိုအပ်တာ ရှိရင်လည်း ကူညီပေးလိုက်ပါ"

"အိုး ... မချိုသဲကလည်း။ ကျေးကို ဘာကူညီစရာလိုလဲ။ ကျေးကသာ ကူညီရမှာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ကျေးရယ်။ ဒါပေမဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်ရှိတော့ အားကိုးရတာပေါ့"

"ဟွန့် ..."

နှာခေါင်းရှုံ့ကာ မဲ့နေသော ကျေးကို မချိုသဲက တဟားဟားရယ်သည်။ ဟိုတစ်ယောက် မျက်နှာကိုတော့ ကြည့်မနေ၍ ဘယ်လိုနေမယ်မသိ။ ဒါပေမဲ့ ဘယ်နေရာမှာ ကျေး ထိုင်ရမလဲ ဆိုတာတော့ ကားပိုင်ရှင်ကို မေးရဦးမည်ထင်သည်။

"ကျွန်မ ဘယ်မှာ ထိုင်ရမှာလဲ"





"ဟမ် ? "

သူ့ထံက ဟမ်,လိုလို ဟင်,လိုလို မသဲကွဲသော အာမေဋိတ်ဖြင့် ပြန်လည်မေးသံကို ကြားရသည်။

"ဘယ်မှာထိုင်ရမလဲလို့ မေးနေတာလေ။ ရှေ့ကထိုင်ရမှာလား နောက်ကထိုင်ရမှာလား"

"ကြည့်ထိုင်ပေါ့"

"ဘာကိုကြည့်ထိုင်ရမှာလဲ"

"ဩော် ... ကိုယ့်ဘာသာ ဘယ်နေရာမှာ ထိုင်သင့်တယ် ဆိုတာ ကိုယ့်ဦးနှောက်နဲ့ကိုယ် စဉ်းစားချင့်ချိန်ပြီး ကြည့် ထိုင်လို့ ပြောတာ"

အဲဒီစကားကြောင့် ကျေးက သူ့ကို မျက်စောင်း ထိုးမိတော့မလို ဖြစ်သွားသည်။ ဒီလူဟာ စကားပြောလိုက်မှဖြင့် ဦးနှောက်တို့၊ ဉာဏ်ရည်ဉာဏ်သွေးတို့ မပါရင် မပြီးဘူး၊ အဲဒါကို လည်း ကျေးက ကြည့်မရတာပါပေ။ မချိုသဲကတော့ ရှေ့ကပဲ ထိုင်ပါ ကျေးရဲ့ဟု လှမ်းပြောသည်။ ဒီတော့လည်း ကျေးက ရှေ့ ခန်းကပဲ ခပ်ဆောင့်ဆောင့် ဝင်ထိုင်လိုက်သည်။ ကားကို မောင်း ထွက်လာပြီးနောက် ခဏနေတော့ သူ့ထံက စကားသံထွက်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဝင်ချင်သေးလဲ"

"မဝင်ချင်ပါဘူး။ ဘယ်ကို ဝင်ရမှာလဲ"

"မြန်မာပြည်ရဲ့ရွှေမန္တလာမြေကို ရောက်နေတာလေ။ သွားမယ်ဆို သွားစရာတွေ အများကြီးပဲ"

"ရှင်သွားချင် သွားပေါ့။ ကျွန်မတော့ မသွားချင်ပါဘူး"

"ဒိုင်းမွန်းမှာ ဈေးလေး ဘာလေး မဝယ်ချင်ဘူးလား၊ အဲ ... Window Shopping ပေါ့"

"အံမယ် ... ဘာ Window Shopping လဲ၊ ပိုက်ဆံပါတယ်ရှင့် သိလား"

ကျေးရဲ့ ကဲကဲဆတ်ဆတ်ပုံစံကို သူက တဟက်ဟက်နှင့် ရယ်သည်။ အဲဒီရယ်ပုံကိုက အရူးတစ်ယောက်ကို ဟားချင်သော ရယ်ပုံမျိုးဟု ကျေးက ခံစားရသည်။ ဒေါပွချင်သည်။

"ရှင် ... ဘာရယ်တာလဲ"

"ဟာ ... လုံးဝ ဖိုက်တာပါလား"

"ဘာဖိုက်တာလဲ ... ရှင်က ! "

ကျေး တစ်ယောက် ရှူးရှူးရှားရှား ဖြစ်နေပုံကို သူက အံ့ဩသလိုဖြင့် မျက်ခုံးပင့်ကြည့်သည်။





"မင်း ဘာလို့ အဲလောက် စိတ်တိုနေရတာလဲ"

"တိုတာပေါ့။ ရှင် ပြောနေတဲ့ပုံစံက ကျွန်မကို လှောင်ပြောင်နေတဲ့ အတိုင်းပဲလေ၊ ဘာမှမသိတဲ့ မတတ်တဲ့ သူငယ်နှပ်စားတစ်ယောက်ကို ဟားနေသလိုမျိုး ရှင်လုပ်နေတာ"

"အဲဒီလို တကယ်ဖြစ်သွားလား။ ဆောရီး"

သူ့အသံက တကယ့်ကို တိုးတိုးထွက်လာသည်။ ပြီးတော့ ငြိမ်သွားလေသည်။ အဲဒီလို ငြိမ်သွားတော့လည်း ကျေးမှာ ဘာပြောရမှန်း မသိချေ။ ဒီလူတစ်ယောက်ဟာ ခက်တော့ ခက်သည်။ ကားက မြို့ပြင်ဘက်အထွက်လမ်းကို ဦးတည်နေပြီမို့ ကျေးက အဟာမ်း အဟင်း လည်ချောင်းရှင်းကာ ...

"ရှင် သွားစရာရှိရင် သွားနော်။ ကျွန်မကြောင့် မသွားရဘူး မပြောနဲ့"

"မပြောပါဘူး။ ကိုယ့်ဘာသာ သွားချင်သွားမှာပေါ့။ ကိုယ်မသွားချင်ရင် မသွားဘူးပေါ့။ သူများအတွက် အဲလောက်မစဉ်းစားပေးတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။ ပြောပုံကိုက အမြင်ကတ်စရာ။ ကျေးက နှုတ်ခမ်းကိုတွန့်ကာ ရုပ်ဆိုးစွာ မဲ့ကြည့်လိုက်သည်။ သူ့ကားက မန္တလေးမြို့ပြင်ကိုထွက်ကာ ထုံးဘိုဘက်သို့တောင် ရောက်ရှိလာသည်။ အင်း ... ဒီလမ်းမှာပဲ ဒီလူနဲ့ စ,တွေ့ခဲ့ရတာပဲ။ နောက်တော့ ဥက္ကဋ္ဌရဲ့လက်အောက်မှာပဲ လုပ်ငန်းစုတစ်ခုထဲမှာ ရေစက်ဆုံစွာ ထပ်တွေ့ရသေးသည်။ ဒါပေမဲ့လည်း ပျော်စရာကောင်းသော မိတ်ဆွေကောင်းအဖြစ် ရမလာတာကတော့ ဝမ်းနည်းစရာပါပေ။

"ခင်ဗျား ဘာလို့ ကျွန်တော့်အကြောင်းတွေ တွေးနေတာလဲ"

ကျေးရဲ့ဦးခေါင်းက သူ့ဘက်သို့ ယောင်ပြီး ဆတ်ခနဲ လှည့်မိသွားသည်။ မျက်မှန်တပ်ထားသော ကုရှင်ကျောမှီကို ခပ်လျောလျော မှီထိုင်နေသော သူက ကျေးဘက်သို့ ဘယ့်နှယ့်ရှိစဟူသော ပုံစံဖြင့် မျက်ခုံးပင့်ပြသည်။ အဲဒီပုံစံဟာ အမြင်ကတ်ချင်စရာ ကောင်းသလောက် ကြည့်ကောင်းလှသဖြင့် ကျေးက ရုတ်တရက်တော့ ဘာပြောရမှန်း မသိဘဲ ကြောင်ငေးမိသွားသည်။

တဖြည်းဖြည်းနဲ့ သိလာရသည်မှာ ဒီလူ ပြောသမျှ ခံစားနေ၍ မဖြစ်ဘဲ သူ့ကိုနိုင်အောင်ပြောမှပဲ ရတော့မည်ဆိုတာ





ဖြစ်လေသည်။ သူ့ပုံစံက အတည်ပေါက်နှင့် နောက်နေသလို ဖြစ်နေသည်။ ဒါကို ကျေးက အဟုတ်ကြီးမှတ်ပြီး ခံစားကာနေလျှင် သူက ပို၍ဟားစရာ ဖြစ်တော့တာဖြစ်သည်။ ဒါကြောင့် အချိန်မီ အမြင်မှန် ရလေသော ကျေးသည် သူ့ကို အနိုင်ရစေမည့်စကားလုံးမျိုးအား အလျင်အမြန် ရွေးချယ်စဉ်းစားလေသည်။

"ရှင်တောင် ကျွန်မအကြောင်း တွေးနေသေးတာပဲ"

"ဟက် ... ကျွန်တော်က ခင်ဗျားအကြောင်းတွေးတယ်။ သေချာလည်း စဉ်းစားပြီးမှ ပြောပါဗျာ"

"သေချာပဲ ပြောတာပဲလေ။ ရှင့်အတွေးထဲ ကျွန်မ ရှိနေလို့သာ ကျွန်မကိုကြည့်ပြီး စဉ်းစားအကဲခတ်မိလို့ ရှင်ပြောတာပေါ့"

"ဟား ဟား ... ခင်ဗျား မဆိုးပါဘူး"

"ဒီမှာ ... ဆရာကြီးလေသံနဲ့ လာပြောမနေစမ်းပါနဲ့၊ နားကြားပြင်းကတ်တယ်"

"ဟား ... ဟား"

သူ့ရယ်သံက ကားထဲတွင် ပျံ့လွှင့်လာပြီး ကျေးကို စောင်းငဲ့ကြည့်ပြန်သည်။ မျက်မှန်တပ်ထားတာမို့ သူ့မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သေချာမမြင်ရသဖြင့် ကျေးကလည်း အားကျမခံ မျက်မှန်ကို ထုတ်၍ တပ်လိုက်လျှင် သူက "ဟား"ခနဲအော်သည်။ ကျေးက ခပ်တည်တည်ဖြင့် လက်ပိုက်ကာ စီးလာခဲ့သည်။

"ခင်ဗျာကို တစ်ခုမေးရင် စိတ်ဆိုးမှာလား"

"ဒါကတော့ အရမ်းလည်း မလုပ်ဘူး။ အာမလည်းမခံဘူး ဆိုသလိုပေါ့ရှင်"

"ဘာရယ် ... ဘာ။ ဘာကို အရမ်းမလုပ်တတ်တာလဲ"

"ဒီမှာ ... ရှင် ခေတ်လူငယ် မဟုတ်ဘူးလား။ ဒါလေးတောင် နားမလည်ဘူးလား"

"ကျွန်တော်က ဒီလို လမ်းဘေးစကားတွေ နားလည်ဘူးဗျ ဟား ဟား"

ကျေးကိုဘလိုင်းကြီး လာဖွဲ့နေသော ဒီလူကို ကျေးက နှုတ်ခမ်းကို တင်းတင်စေ့ကာ ကြည့်မိသည်။ သူကတော့ သူများကိုဖွဲ့ပြီး ကျေနပ်နေဟန်ဖြင့် ကားကို သက်သောင့်သက်သာမောင်းနေသည်။ ခဏနေတော့ သူ့ထံမှ စကားသံထွက်လာပြန်သည်။

"ခင်ဗျား ကျွန်တော့်ကို ပြန်ဖွဲ့ဖို့ စကားလုံး ရှာနေတာလား"





"ရှင့်အကြောင်း အဲလောက် ခေါင်းထဲမရှိပါဘူး"

"ဟား ဟား ... အဲဒီအတိုင်း တကယ်သာ ဆိုရင်တော့ အကောင်းဆုံးပဲပေါ့ဗျာ"

ကျေးက ဘာမှမပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့နေလိုက်သည်။ သူ့ကားထဲမှ ဖွင့်ထားသော သီချင်းကိုပင်လျှင် နားမထောင်ဘဲ နားကြပ်တပ်ကာ ကိုယ့်ဖုန်းနှင့်ကိုယ်ပဲ နားထောင်သည်။ မျက်လုံးဖွင့်ထားလျှင် စကားလာပြောနေမှာစိုးပြီး မျက်လုံးမှိတ်ထားပစ်လိုက်သည်။

သူကလည်း ကားကို ဘယ်လိုမောင်းလာလဲတော့ မသိ။ ခဏလေးတွင်းမှာပဲ ပြင်ဦးလွင်သို့ ပြန်ရောက်သွားသည်။ ကျေးဖူးတင်စကားလည်း မဆိုတော့ဘဲ ခပ်တည်တည်ပင် ကားပေါ်မှဆင်းကာ ဟိုတယ်ရှိဆပ်ရှင်ထဲသို့ ဝင်ခဲ့လေသည်။ မချိုသဲလည်းမရှိ၊ ညီညီလည်းမရှိဘဲ သူနဲ့ ကျေး ထပ်၍ဆုံစရာအကြောင်းလည်း မရှိတော့ဘူးဟု ထင်ထားခဲ့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



❧ ၉ ❧

"ဟား ... ဒီနေ့တော့ မင်းတို့ဟိုတယ် လူစည်နေပါလားကွ"

ညနေစောင်းဘက် အပြင်မှာ ညစာထွက်စားပြီး ပြန်လာသောသူက ဂိတ်ဝမှာ စောင့်နေသော ကောင်လေးကို လှမ်းနှုတ်ဆက်လိုက်တာဖြစ်သည်။ သူတို့ဟိုတယ်နှင့် မလှမ်းမကမ်းမှာရှိသော ရှမ်းဆိုင်လေးမှာ ဆိုင်အပြင်အဆင်နှင့် မကာမိအောင် အင်မတန်စားကောင်းလှသောကြောင့် ညနေတိုင်းလိုလို မကြာခဏ သူ သွားစားဖြစ်သည်။ လမ်းလည်း လျှောက်ရင်းနဲ့ပေါ့။

"ဟုတ်တယ် အစ်ကို။ အခန်းလွတ်တောင် မကျန်တော့ဘူးကြားတယ်"





"ဟား ... တယ်ဟုတ်ပါလားကွ"

"မန်နေဂျာမမလေးကတော့ မနက် မနက်ဆို ခြံဝင်းထဲ လှည့်ပြီး သူ ပန်းခြံတွေ ရှုတ်လွန်းလို့ ပြောတာပဲ"

"ဟား ဟား ... ဟုတ်မှာပေါ့ကွာ"

ကောင်လေးရဲ့အပြောစကားကြောင့် သူက ရယ်မောရင်းမှ မန်နေဂျာမမ ဆိုသူလေးကို မျက်လုံးထဲမှာ မြင်ယောင်မိလာမိသည်။ ကျောလယ်လောက်ရှိမည့် ညိုခက်နွှယ်နေသော ဆံပင်များနှင့် မပိန်သော မဝသော၊ မပုသော မရှည်သော၊ ဘောက်ကျကျ မိန်းကလေးတစ်ယောက်ကို သူ့စိတ်ထဲမှာ ဘာကြောင့် မန်နေဂျာတစ်ယောက်ဟု မမြင်နိုင်ရတာလဲ။ လူပုံစံကလည်း ချာတိတ်မလေးတစ်ယောက်နှယ် နေယနေတာမျိုးလည်း မဟုတ်ပါဘဲနှင့် သူမ ပုံစံဟာ ဘယ်နေရာက လိုမှန်းမသိတော့ လိုနေတာပါပဲ။

ဥပမာ ... ခုလိုကိစ္စမျိုးပဲ ကြည့်လေ။ ဟိုတယ်မှာ ညည့်သည်ကျလာတာ တစ်ခြံလုံးကို ငါ ပန်းခြံလှည့်ရှုတ်နေလို့ ဟဲ့ ဟူသော အပြောမျိုးကို ဂိတ်စောင့် Security ကို သူမပြောစရာလား။ အဆင့်အတန်း ခွဲခြားတာမျိုး မဟုတ်ဘဲ မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မန်နေဂျာပုံစံလောက်တော့ နေသင့်သည်ဟု ထင်ပါသည်။ အင်း ... စံမှီနဲ့တော့ ကွာပါဘီ။ အာ ... စံမှီကို သူ ဘာလို့သတိရသွားတာလဲ။

ဒီနှစ်ယောက်က ဘာမှယှဉ်စရာအကြောင်း မရှိချေ။

သူက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီးနောက် သူ့အဆောင်ဘက်သို့ လျှောက်ဖို့ပြင်လိုက်စဉ်မှာပဲ နားထဲမှာ အသံကျယ်ကျယ်များကို ကြားလိုက်ရသည်။ သူ့အနားက ကောင်လေးကလည်း ဝန်ထမ်းကောင်းပီသစွာ ချက်ချင်းပြေးသွားလေသည်။ ဆေးလိပ်သောက်ဖို့ ပြင်နေသော သူ့လက်များမှာ မသောက်ဖြစ်တော့ဘဲ အသံကြားရာ ရီဆပ်ရှင်သို့ ဦးတည်မိသွားသည်။

"xx%~~+xxx .. xx"

ကြားရသော အသံတွေက ဗမာသံတွေပဲ မဟုတ်ဘဲ ကွစိ ကွစတွေ ဖြစ်သဖြင့် သူတောင် မျက်လုံးပြူးသွားရသည်။ ရီဆပ်ရှင်ကောင်တာနားတွင် တရုတ်ယောက်ျားမိန်းမ ငါးယောက်ခန့်ကို ဒေါသထွက်နေသော ပုံစံများနှင့် တွေ့လိုက်ရလေသည်။ တရုတ်လိုတွေ ပြောနေပြီး ကျေးကျေးကျော်ကိုတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသော အနေအထားဖြင့် တွေ့





လိုက်ရသည်။ တရုတ်လို ရန်တွေ့နေတာကို ကျေးကျေးကျော်မှာ ဘုမသိ ဘမသိ ကြောင်တောင်တောင် ပုံစံဖြင့် ပြန်ကြည့်နေလေသည်။

"ဘာဖြစ်တာလဲ"

သူက အဲဒီနားမှာ ရပ်နေသော ဝန်ထမ်းမိန်းကလေးတစ်ယောက်ကို မေးလိုက်သည်။

"သူတို့က အခန်းမှာထားတာလေ။ အခု ဒီရောက်တော့ အခန်းက မရဘူး ဖြစ်နေတယ်၊ အဲဒါကြောင့် ဒေါသတွေထွက်ပြီး ရန်တွေ့နေတာ"

"ဘယ်လိုဖြစ်တာလဲ.. Booking လုပ်ထားပြီးသားလား"

"သူတို့ကတော့ လုပ်ထားတယ်ချည်းပဲ ပြောနေတာ။ ဒီမှာတော့ list မရှိပါဘူး"

"ဟူး"

သူက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ တဲ ... မင်း ဘယ်လိုဖြေရှင်းမှာလဲ ကျေးကျေးကျော်။ မင်း အားကိုးရတဲ့ မချိုသဲလည်း မရှိဘဲ မင်း ဘယ်လိုဖြေရှင်းမှာတဲ့လဲ။ တစ်ခုခု ကြုံတွေ့လာတိုင်း ဝိုင်းသထက် ဝိုင်းသွားတဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက မင်းကို ဘာမှမသိတဲ့ innocent ရုပ် ပေါ်လွင်စေတယ် ဆိုတာ သူမကိုယ်တိုင်များ ဘယ်တော့မှ သိမှာပါလိမ့်။

တရုတ်ငါးယောက်ကြားမှာ သူမရဲ့ထိတ်လန့်နေသည့် အင်္ဂလိပ်စာကလည်း တိုးမပေါက်။ ပန်ကာထိပ်က ဝက်အူ စာရုတ်များမှာ အနှိမ်မိန်းကလေး ထူပြာနေပြီဟု ရိပ်မိနေလျှင် ပို၍ ဖိပြောနေကြတော့သည်။ သူကတော့ သူမ ဘာလုပ်မလဲဆိုတာကိုပဲ စိတ်ဝင်တစား စောင့်ကြည့်နေသည်။ သူမက ဘာမှ မညွှန်ကြားသဖြင့် အောက်က ဝန်ထမ်းတွေကလည်း ဘာလုပ်ရမှန်း မသိကြချေ။

"Please … Please … May I say "

"xx..+-x//~~+x-x++"

သူမ ဘယ်လိုမှ ပြောခွင့်မသာအောင် တရုတ်တွေက ဖိပြောနေသည်။ သူတို့အချင်းချင်းပြောလိုက် သူမဘက်သို့လှည့်ကာအော်လိုက် စသဖြင့် လက်ပံပင်ဆက်ရက်ကျသလို ကြွက်ကြွက်ညံလို့ နေလေသည်၊ သူ မဝင်လို့ မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လိုက်ချိန်မှာတော့ သူက အဲဒီ လူအုပ်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်တော့သည်။





အဲဒီနောက် သူ ပြောတာက တရုတ်စကားဖြစ်ပါသည်။

"ခင်ဗျားတို့ ဘာဖြစ်နေတာလဲ။ ကျွန်တော်က ဒီဟိုတယ်ရဲ့တာဝန်ရှိသူတစ်ဦးပဲ"

သူ့ပုံစံနှင့် သူ့စကားကြောင့် တရုတ်တွေ နည်းနည်းတော့ ငြိမ်သွားသည်။ ပြီးတော့မှ ခပ်စွာစွာ တရုတ်မတစ်ယောက်က …

"တို့က ဒီဟိုတယ်ကို Booking လုပ်ပြီးသား။ အခန်းလည်းရှိတယ် ပြောတယ်၊ အခု ရောက်လာတော့ မရဘူးပြောတယ်။ အဲဒါ ငါတို့ မကျေနပ်ဘူး။ ဘယ်လိုလုပ်ပေးမှာလဲ"

"ခင်ဗျားကိုယ်တိုင် Booking လုပ်တာလား"

"ငါ့တပည့်လုပ်တာ"

"ဘာသက်သေ အထောက်အထားရှိလဲ"

"ဟဲ့ … ဘာသက်သေရှိရမှာလဲ။ ဖုန်းဆက်ထားတာပဲ"

"ဖုန်းနံပါတ် ပြနိုင်လား။ နောက် ဒီဟိုတယ်က ဘယ်သူ့ကို Booking လုပ်ခိုင်းထားတာလဲ။ ခင်ဗျားတို့ လုပ်ခဲ့သူရဲ့နာမည် ပြောပါ။ ကျွန်တော်တို့ဘက်မှာတော့ တကယ်လုပ်ထားခဲ့ရင် ဒီလိုဖြစ်စရာ အကြောင်းမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုး … ငါတို့ သေချာပေါက် လုပ်ထားတာပဲ"

"သေချာပေါက် လုပ်ထားရင် တစ်ခုခု ပြနိုင်ရမယ်လေ။ ခုတော့ အဆင်မပြေပါဘူး တခြားဟိုတယ်ပြောင်းလိုက်ပါ"

တရုတ်မကြီးက သူ့ကို အားမတန်၍ မာန်လျှော့လိုက်ရပုံဖြင့် ကြည့်ကာ သူ့လူတွေကို သွားကြဖို့ လှည့်ပြောပြီး တစ်ယောက်တစ်ပေါက် ပွစိပွစိ ပြောကာ ထွက်သွားကြသည်။ အနားက ဝန်ထမ်းတွေလည်း ရှဲသွားတော့မှ သူက အပြင်သို့ ပြန်လှည့်ထွက်လိုက်လျှင် ခဏကြာ၍ သူ့နောက်က ခြေသံတဖျပ်ဖျပ်ကို ကြားရသည်။

"ဒီမှာ … ဒီမှာ"

သူက လှည့်မကြည့်ဘဲ ဆက်လျှောက်သည်။ သူမက သူ့ကို ကျော်တက်သွားပြီး ရှေ့ကနေ ပိတ်ရပ်လိုက်သည်။ မျက်နှာက သိပ်မကျေနပ်တော့ဘူးဆိုသည့် ပုံစံမျိုး။

"ရှင့်ကို ခေါ်နေမှန်း သိရက်နဲ့ ဘာလို့ လှည့်မကြည့်တာလဲ"

"ခင်ဗျား နာမည်ခေါ်လေ"

"ကျွတ် … အရေးထဲ"





"အရေးထဲဆိုတော့ ဘာက အရာပေါ်နေလို့လဲ"

"ဒီမယ် … ရှင် စကားအကောင်းပြောမယ့်ဟာ ပေါက်တတ်ရကတ်တွေ လျှောက်မပြောပါနဲ့"

"ဟုတ်ပါပြီ … ပြောပါ ဘာပြောမှာလဲ"

ဒီတော့လည်း မပြောတောင် မပြောချင်တော့ဘူးဆိုသည့် ပုံစံက သူမမျက်နှာမှာ အထင်းသားက ပေါ်နေသဖြင့် သူက ပြုံးချင်သွားရသည်။ ဒီကောင်မလေးဟာ တကယ့်ကို မရင့်ကျက်သေးတဲ့ ဟာသလေးပါပဲလား။

"ရှင် သူတို့ကို ဘာပြောလိုက်တာလဲ"

"ခင်ဗျား ပြောသင့်ပြောထိုက်တာကိုပဲ တရုတ်လို ပြောလိုက်တာပဲ။ ဘာမှ ထူးထူးခြားခြား မဟုတ်ဘူး"

"ဘယ်လို ထူးထူးခြားခြား မဟုတ်တာလဲ၊ ပြောသင့်ပြောထိုက်တာက ဘာလဲ"

သူက ကျေးကျေးကျော်ကို ကရုဏာသက်စွာပဲ တစ်ချက်ကြည့်မိသည်။ တစ်ခုခုကို သိချင်တာရှိလာလျှင် စိတ်ဝင်စားလာလျှင် ဗိုင်းစက်လာသော မျက်လုံးများက မျက်တောင်ပုတ်ခတ် ပုတ်ခတ် လုပ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတစ်ခု အရင်တည်ဆောက်လိုက်ပါဦး နောက်မှ ပြောတာပေါ့၊ ဟုတ်ပြီလား"

သူက ပြောပြီးတာနှင့် လှည့်ထွက်လာခဲ့လိုက်သည်။ သူမထံမှ ခေါ်သံထပ်မလာတော့။ ငြိမ်သက်တိတ်ဆိတ်စွာ ရပ်ကျန်နေခဲ့မည်ဟု ထင်သည်။

တစ်ခုခုကို တွေးရင်လည်း တွေးနေပါစေတော့။ သူမ စိတ်ညစ်နေမလား၊ စိတ်ပျက်နေမလား။ ခံစားစမ်းပါစေ။ အရာတိုင်းဟာ သူ့အဆင့်နဲ့သူ ဖြတ်ကျော်လွှတ်မြောက်လာတာပဲ အကောင်းဆုံး မဟုတ်ပါလား။

○ ❦ ○





## ၁၀

ဩကာသလောကကြီးက ဘယ်အချိန်မှာ နိုးထလည်းတော့မသိ။ ကျေးကတော့ ညတည်းက အိပ်မပျော်သူဆိုတော့ နိုးထခြင်းဆိုတာလည်း ရှိမနေဘူးပေါ့။ မနေ့က ဖြစ်သွားတဲ့ တရုတ်တွေကိစ္စဟာ ကျေးကို ပထမဦးဆုံး အတွေ့အကြုံမို့ Shock ရစေကာ ဘာမှ ထိထိမိမိရောက်ရောက် မဖြေရှင်းလိုက်နိုင်ချေ။ ကိုယ်က Customer is always Right ကို ရင်ထဲမှာ ထည့်ထားပြီး ရိုရိုကျိုးကျိုး ဆက်ဆံမိတာကို သူတို့က တစ်ဆင့်ပြီး တစ်ဆင့် တက်လာကာ နောက်ဆုံးတော့ ထင်မထားတဲ့ ရန်တွေ့မှုတွေ ပါလာသောအခါ ကျေး ဘာလုပ်ရမှန်း မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ မန်နေဂျာနေရာနှင့် တန်ရောတန်ရဲ့လားဟူသည့်အတွေးက ကျေးကို ဖိစီးနှိပ်စက်ကာ တစ်ညလုံး အိပ်မပျော်ခဲ့။ ဧည့်သည်တွေကို ဘူဖေးကျွေးရာမှာ မုန့်ဟင်းခါး ထည့်ထားသဖြင့် ကျေးက အိပ်မရသည့်တူတူ လေးနာရီလောက် မုန့်ဟင်းခါးချက်နေလိုက်သည်။ ပြီးတော့ အခန်းပြန်ပြီး ရေချိုးကာ ခုနစ်နာရီလောက်မှာ ဒိုင်းနင်းရှမ်းသို့ ပြန်ဝင်လာခဲ့သည်။ ဧည့်သည်တွေ Breakfast စားနေချိန်၊ ဘာတွေ အဆင်မပြေသလဲဆိုတာ ကျေးက ကြည့်တတ်ပါသည်။

အခုလည်း ဒိုင်းနင်းရှမ်းဘက်သို့ ဘေးဘက်မှ ဝင်လာသော ကျေးဟာ ဝိတ်တာတွေဘက်သို့ အာရုံကျနေသောကြောင့် ဘေးကိုမမြင်။ တစ်စုံတစ်ယောက်ရဲ့ပခုံးကို အင့်ခနဲနေအောင် တိုက်မိသွားသည်။ ကြည့်လိုက်တော့ ကျေးကို မချိုမချဉ်မျက်နှာနှင့် အကျႌအိတ်ကပ်ထဲ လက်နှိုက်ကာ စိုက်ကြည့်နေသော မစ္စတာနေခြည်ပန်။

"ဆောရီး"

"မောနင်း"





သူက မောနင်း ဆိုတော့လည်း ကျေးက မောနင်းဟုသာ ခပ်တိုးတိုး ပြန်နှုတ်ဆက်လိုက်ရသည်။ နှစ်ယောက်သားဟာ မရည်ရွယ်ပါဘဲနှင့် ဘေးချင်းယှဉ်လျှောက်လာမိကြပြီး သူက မေးလာသည်။

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"အမှန်အတိုင်း ပြောရရင် တစ်ညလုံး မအိပ်ရသေးဘူး"

"ဩော်"

သူက ဩော် ... တစ်လုံးနှင့် ခဏငြိမ်သွားပြီးနောက် ဆက်ပြောလာပြန်သည်။

"ဧည့်သည်တွေ များနေတော့ ဘူဖေး လုပ်ထားမှာပေါ့။ ဘာတွေ စီစဉ်ထားလဲ"

Hotel မှာက ဧည့်သည်များမှ ဘူဖေး စီစဉ်ပေးတာကို သူကသိ၍ မေးခြင်းဖြစ်သည်။

"ရှင် ခဏနေပဲ သိရတော့မှာပဲ။ ဘာလို့ လာမေးနေလဲ"

"ဟာ ... မန်နေဂျာကို မေးတာပဲ မမေးရဘူးလား"

"ရှင် ကျွန်မကို လှောင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com

ကျေးက သူ့ကို ခပ်ဆတ်ဆတ်ဆိုရင်း မျက်ရည်ဝေ့သီသော မျက်လုံးများဖြင့် မော့်ကြည့်မိလျှင် သူ့မျက်လုံးထဲမှာ အရိပ်ယောင်တစ်မျိုး ဖြတ်ပြေးသွားသည်။ ကျေးကတော့ မျက်လုံးထဲမှာ ဝါးသွားပြီး ဘာမှမမြင်တော့။ တစ်ညလုံး ပိတ်ထားသော ခံစားချက်တွေက တစ်စုံတစ်ယောက်ထံ ရမယ်ရှာဖောက်ထုတ်ပစ်ချင်သောအခါ ...

"ဟုတ်ပါတယ်၊ ရှင်ထင်သလို ကျွန်မက အသုံးမကျတဲ့ မိန်းမပါ။ မထိုက်တန်တဲ့ ရာထူးနေရာကို မတန်မရာ ယူထားတဲ့မိန်းမ။ တစ်စက်လေးမှ အသုံးမကျတဲ့မိန်းမ။ စိမ်ခန့်ခွဲမှု ညံ့ဖျင်းတဲ့ မိန်းမ ...

ဟုတ်တယ် ... ကျွန်မ ဝန်ခံတယ်။ ဒါပေမဲ့ ရှင်သိထားဖို့က ကျွန်မဘာသာ တုံးရင်တုံးနေလိမ့်မယ်။ ညံ့ရင်ညံ့နေလိမ့်မယ်။ ဒါပေမဲ့ ကျွန်မရင်ထဲမှာ ဒီအလုပ်ပေါ်မှာ စေတနာအပြည့်တော့ ရှိတယ်။ အဲဒီ စေတနာနဲ့ ကျွန်မလုပ်တာ။ စေတနာအပြည့်နဲ့ လုပ်တဲ့အတွက် ကျွန်မကိုယ်ကျွန်မ လိပ်ပြာသန့်တယ်။ ဟုတ်တယ် ... ရှင့်ရှေ့မှာ ကျွန်မ အ,ကြောင်း တုံးကြောင်း ဝန်ခံတယ်။ အသုံးမကျကြောင်း ဝန်ခံတယ်။ အဲဒီလို ဝန်ခံလိုက်တဲ့အတွက် ရှင်





ကျွန်မကို နောက်ထပ်မလှောင်ပါနဲ့တော့၊ ဟုတ်ပြီလား။ ကျွန်မ ရှင့်ကို တကယ်ကို တောင်းပန်တယ်"

ကျေးက ပါးပေါ်မှာ တရစပ် လိမ့်ကျလာသော မျက်ရည်စများကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီးနောက် အဆောင်ဘက်သို့ ပြန်လှည့်ကာ ချာခနဲ ထွက်သွားလိုက်သည်။ နေခြည်ပန်သည် သူ့ကို မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျဆင်းငိုရှိုက်ရင်း တရစပ် ပြောသွားသော ကျေးကျေးကျော်ကို ကြည့်ကာ အငိုက်မိပြီး ဘာပြန်ပြောရမှန်း မသိချေ။

သူမ လှည့်ထွက်သွားတော့မှပဲ သတိဝင်လာပြီး မျှော်ကြည့်လိုက်တော့ သူမက မရှိတော့။ ပန်က စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။ နားထဲတွင် အခုမှပဲ သူမ ပြောခဲ့သော စကားသံများကို ပြန်လည်ကြားယောင်လို့လာသည်။ သူ မှားသွားပြီလား။ တကယ်တော့ သူ့စိတ်ရင်းအမှန်မှာ သူမကို လှောင်ပြောင်ဟားတိုက်တာမျိုး မပါခဲ့ပါ။ ကလေး မန်နေဂျာတစ်ယောက်လိုမြင်ပြီး သဘောကျတာ၊ ကျီစယ်ချင်ရုံသက်သက်သာ ရှိခဲ့သော သူ့စကားတွေအတွက် သူမ ဒီလောက် ထိခိုက်ခံစားခဲ့ရတယ် ဆိုရင်တော့ သူ့မှာ တာဝန်လုံးလုံး ရှိသွားခဲ့ပါပြီ။

"ဟူး ... ခက်တယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ကို ခက်တယ်ဟု ရည်ညွှန်းမှန်း မသိသော စကားကို သူ့ဘာသာသူ ခရုံရွတ်မိကာ ဒိုင်းနင့်ဒ်ရှမ်းဘက်သို့ လျှောက်လာခဲ့မိသည်။ ဒီဟိုတယ်ရဲ့ဒိုင်းနင်းရှမ်း ဆိုတာလည်း မိသားစု ဆယ်ယောက်လောက်သာ ချောင်ချောင်ချိချိ စားသောက်နိုင်သော အကျယ်အဝန်းမျိုးဖြစ်ပြီး ဧည့်သည်များလာလျှင် မဆန့်။ ခုလို ဧည့်များသော အချိန်မှာ အပြင်ဘက် သစ်ပင်ရိပ်အောက်၊ မြက်ခင်းပြင်ထက် စားပွဲဝိုင်းလေးတွေချကာ သူမက ဘူဖေးစီစဉ်ပေးတာဟု သူ သိရသည်။

ဟိုမှာ ဒီမှာ စားပွဲဝိုင်းလေးတွေထက် ဧည့်သည်တွေ ဘူဖေးစားသောက်နေတာ ကြည့်ပြီး သူက ထောင့်စွန်းကလွတ်နေသော စားပွဲဝိုင်းလေးမှာ စိတ်ပျက်လက်ပျက် ထိုင်ချပစ်လိုက်သည်။ ဘူဖေး ဆိုပေမယ့် ဘာမှသွားယူချင်စိတ် မရှိသေး။ မျက်လုံးထဲမှာက ကျေးကျေးကျော်ရဲ့ မျက်ရည်စများကို မြင်ယောင်နေမိပြီး နားထဲမှာက သူမရဲ့ နာနာကြည်းကြည်း စကားသံများကို ပြန်လည်ကြားယောင်နေမိသည်။

"အစ်ကို ဘာယူပေးရမလဲ"

"မျက်ရည် ! "





"ခင်ဗျာ"

"ကျွတ် ! မဟုတ်ပါဘူးကွာ။ ဘာရှိလဲ"

"ဒီနေ့ မုန့်ဟင်းခါး ရတယ် အစ်ကို။ စားမလား ... ဂျာလေး ကိုယ်တိုင် ချက်တာဗျ။ မွှေးနေတာပဲ ဧည့်သည်တွေဆို မုန့်ဟင်းခါးပဲ စားနေတာ ...

ဒီပုံအတိုင်းဆို အစောကြီး ကုန်မယ့်သဘောရှိတယ်"

"ဂျာလေး ချက်တာ ! ဟုတ်လား"

ဂျာလေး ဆိုတာ သူမကို ဝန်ထမ်းတွေက ချစ်စနိုးနှင့် ပေးထားသောနာမည်ဆိုတာ သူ သိထားပါသည်။ သူမက မုန့်ဟင်းခါးချက်တယ်တဲ့။

"ဟုတ်တယ်လေ။ ဂျာလေး တစ်ယောက် ဘာစိတ်ကူးတွေပေါက်ပြီးတော့လဲ မသိဘူး။ မနက် လေးနာရီလောက် အစောကြီးထပြီး မုန့်ဟင်းခါးတွေ ချက်နေတာ"

"အင်း ... စားတာပေါ့ကွာ။ မုန့်ဟင်းခါးပဲ ယူခဲ့ပါတော့"

ဝိတ်တာလေး ယူလာပေးသော မုန့်ဟင်းခါးပန်းကန်သည် သူ့ရှေ့သို့ သင်းပျံ့မွှေးကြိုင်စွာ ရောက်လာသည်။ သူ့အတွက် စပါယ်ရှယ် ယူလာပေးသော မုန့်ဟင်းခါးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးပဲကြော်၊ အိုးဘဲဥ၊ နံနံပင် စသဖြင့် အဆာပလာစုံစွာဖြင့် စားချင်စဖွယ် တည်ရှိနေသည်။ ပြင်ဦးလွင်မှာ ရှမ်းအစားအစာ၊ တရုတ်အစားအစာတွေ ကောင်းလှသော်လည်း ရန်ကုန်မုန့်ဟင်းခါး လက်ရာကတော့ ရှားပါးမမီနိုင် ဖြစ်ရဲလေရာ အခု သူ့ရှေ့မှာ ရောက်နေတာသည် ရန်ကုန်တစ်မြို့လုံးတွင် အကောင်းဆုံးသော မုန့်ဟင်းခါးလက်ရာ ဖြစ်နိုင်လေသည်။

"အာစရိ လိုက်ပွဲယူဦးမလား"

တစ်ပွဲချထားပေးရာ ခဏလေးနှင့် ကုန်သွားသော သူ့အနားသို့ ဝိတ်တာက အလိုက်တသိနှင့် လာမေးသည်။ သူ့စိတ်က စားရကောင်းနိုး၊ ရပ်ရကောင်းနိုး စဉ်းစားနေတုန်းမှာပဲ သူ့ခေါင်းက ညိတ်ပြီးသား ဖြစ်နေပါသည်။ နောက်ထပ်ရောက်လာသော တစ်ပန်းကန်က ဘူးသီးကြော်နှင့်။

အင်း ... မထင်ရပါလား၊ ဒါတွေဟာ ကျေးကျေးကျော် ဆိုတာ တကယ်ကို မထင်ရပါလား။

ကြားရင် သူ့ကို စိတ်ဆိုးဦးမည်။ ဘာပဲဖြစ်ဖြစ် သူ့အတွက်ကြောင့် မိန်းကလေးတစ်ယောက် စိတ်ထိခိုက် မျက်ရည်ကျရတယ်ဆိုလျှင် သူ တကယ်ပဲ စိတ်မကောင်းပါ။ သူ့ကို





သိပ်ချစ်ပါတယ်ဆိုသော စံမှိုလို မိန်းမမျိုးတောင် တစ်ခါမှ မျက်ရည်မကျခဲ့ဘဲ သူစိမ်းမိန်းမတစ်ယောက်က ဝမ်းနည်းတကြီး ထိခိုက်ခံစားခဲ့တယ် ဆိုတာတော့ အနည်းငယ် သွေးလန့်စရာ ကောင်းသောကိစ္စပဲ ဖြစ်ပါသည်။

○ ❦ ○


www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ကျူးလစ်ပ်ဟိုတယ်မှ စားဖိုမှူး ကိုအောင်မှာ မန်နေဂျာ ကျေးကျေးရဲ့စကားကြောင့် ခေါင်းကုတ်ပြီး မျက်နှာကတော့ မရှုံ့မိအောင် အတန်တန် ထိန်းချုပ်ထားရလေသည်။ အနုလည်း ကြည့်ဦး။ ဘာတွေလာပြောထားသလဲဆိုတော ...

"ကိုအောင်ရေ ကျွန်မ မနက်ဖြန် Breakfast ကို အီကြာကွေး၊ ပလာတာနဲ့ စမူဆာတို့ ထည့်ချင်တယ်။ ဧည့်သည်တွေ လက်ဖက်ရည်ဆိုင် ထိုင်ရတဲ့ tas မျိုးဖြစ်အောင်။ စမူဆာကတော့ ကြော်ထားလို့ ရပါတယ် ...

ပလာတာနဲ့ အီကြာကွေးကတော့ စားမယ်ဆိုမှပဲ ကြွပ်ကြွပ်လေးနဲ့ ပူပူနွေးနွေးလေး ကြော်ပေးလိုက်ရအောင်"





ကိုအောင်က စိတ်အချဉ်ပေါက်စွာ တွေးမိသည်မှာ ကြော်ပေးလိုက်ရအောင်ဆိုတော့ ဂျာလေးပါ အီကြာကွေးဝင်ကြော်မလို့လားဟူ၍ ဖြစ်သည်။ ပြောရလျှင် သူက ဒီဟိုတယ်ရဲ့စဖိုမှူးလို့တောင် မသုံးနှုန်းချင်ပေ။ တရားဝင်အချက်အပြုတ်သင်တန်းတွေတက်ပြီး သင်တန်းဆင်းလက်မှတ် ရထားတဲ့သူမျိုးလည်း မဟုတ်။ ပြောရရင် ဝိတ်တာဘဝကနေ၍ ချက်တာ ပြုတ်တာ ဝါသနာပါသောကြောင့် အရင်မန်နေဂျာက ဒီလိုပဲ စားဖိုမှူးရာထူးတိုးပေးလိုက်တာ ဖြစ်သည်။

သူတို့ ဟိုတယ်ကလည်း အရမ်းဒိတ်ဒိတ်ကြဲထဲမှာ မပါဝင်ဘဲ သာမန်အဆင့်ပေပဲမို့ နိုင်ငံတကာ စားဖိုမှူးတွေလို ပျံလန်နေအောင် ချက်တတ်စရာလည်း မလိုပါ။ ကော်ဖီနှပ်တတ်ရုံ၊ ထမင်းကြော်၊ ကြာဆံကြော် ကြော်တတ်ရုံလောက်ဆို ရပြီ။ ဟိုတယ်မှာ Restaurant မပါဝင်တာမို့ ဟင်းအမည်တွေ ဘာတွေ ထူးထူးကဲကဲ ချက်တတ်စရာလည်း မလို။ မကျွေးမဖြစ် ကျွေးရမည့်တို့ကို အဖြစ်မျှသာ။ ခုတော့ သူမို့ ထွေထွေလီလီ အီကြာကွေးနဲ့ ပလာတာကို လာကြော်ခိုင်းရသည်ဟု။ ကိုအောင့် စိတ်ထဲက တွေးနေတုန်းမှာပဲ ဂျာလေးက ဆက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်သည်တွေကို Attrection ရှိစေအောင်ပါ။ ဟိုတယ်မှာ လက်ဖက်ရည်ဆိုင် ထိုင်ရသလို အရသာမျိုးလေးလည်း ပေးစွမ်းချင်လို့ ...

တချို့ဧည့်သည်ဆိုတာ မနက်စာကို ပဲပြုတ် နံပြားလေးနဲ့ လက်ဖက်ရည်လေး သောက်ချင်ကြတာ။ ပြီးတော့ တစ်နေကုန် လည်ပတ်ရရော။ လက်ဖက်ရည်ဆိုင် ထိုင်ချိန် မရကြဘူး။ ကျွန်မတို့က Breakfast ကို အဲဒီလို ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် ဧည့်သည်တွေ တော်တော်သဘောကျမယ်"

ဟင်း ... ဧည့်သည်တွေ သဘောကျတာ မကျတာက နောက်မှ။ လောလောဆယ်တော့ ကိုအောင် ကျောကော့မှာက အရင်ပေ။ သူက အဲဒါတွေ မလုပ်တတ်ပါ။

"ဟို ... ဟို ... ဂျာလေး"

"အင်း ... ပြောကြည့်"

အဲဒီတစ်ယောက်ကလည်း စကားပြောရင် ဘာအထာမှန်း မသိ။ "ပြောကြည့်"ဆိုတဲ့ အဓိပ္ပာယ်ဟာ ပြောတော့ကြည့်၊ အဆင်ပြေမှ လက်ခံမယ်ဟူသော သဘောလား မသိပါ။





"ကျွန်တော် အီကြာကွေးတို့၊ ပလာတာတို့ မကြော်တတ်ဘူး"

"... ... ..."

ကျေးကျေးက ကိုအောင့်ကို မျက်လုံးတစ်ချက် လှန်ကြည့်မိသည်။ ကိုအောင်ကလည်း ကျေးကျေးကို စိတ်ရှုပ်သလို ပြန်ကြည့်နေသည်။

"ကျွန်တော် အဲဒါမျိုးတွေ မလုပ်တတ်ပါဘူး"

"ဟင် ... ရှင် စားဖိုမှူးပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ..."

ကိုအောင့်မှာ ဘာဆက်ပြောရမှန်း မသိချေ။ ဝိတ်တာဘဝကနေ နည်းနည်းလေး ချက်တတ်ပြုတ်တတ်ရှိလို့ စားဖိုမှူးရာထူး ယူလိုက်ရတာပါဟု ပြောရမှာလည်း ရှက်နေသေးသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ... ပြောကြည့်"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်က သင်တန်းဆင်း လက်မှတ်တွေ ဘာတွေရပြီး စွယ်စုံချက်ပြုတ်တတ်တဲ့ စားဖိုမှူးအစစ် မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာဘာဝကနေ ဝါသနာပါလို့ Breakfast အတွက် ကူညီပေးရင်းကနေ အရင် ကျာကြီးက ချက်ဖို့ ပြုတ်ဖို့ တာဝန်ပေးလိုက်တာပါ ...

ကျွန်တော်ဟာ တကယ့် စားဖိုမှူးစစ်စစ် တစ်ယောက် မဟုတ်ပါဘူး"

"ဟမ် ... ဒါဆို ရှင်က ဘာမှမလုပ်တတ်ဘူးပေါ့"

"ကျွန်တော် လုပ်တတ်တဲ့ဟာတော့ လုပ်တတ်ပါတယ်"

"ဘယ် ... လို"

"ဟိုဟာပါ ... ကျွန်တော် တရုတ်စာ နည်းနည်းပါးပါးတော့ ချက်တတ်ပါတယ်။ ဒီလောက်ပါပဲ ... အဲ ... မုန့်ဟင်းခါးတော့ ရယ်ဒီမိတ်အထုပ်ကို ချက်တတ်ပါတယ်"

ကျေးက ကိုအောင့်ကို မျက်စောင်းတစ်ချက် ထိုးမိမလို ဖြစ်သွားသည်။ ဒါပေမဲ့ ပြောစရာရှိတာကိုတော့ ပြောရပေဦးမည်။

"ဒီလိုဆိုရင်တော့ ရှင် သင်တန်းလေး ဘာလေးတော့ တက်မှဖြစ်မယ် ကိုအောင်။ ဘန်ဂလိုအသစ်တွေ ပြီးသွားရင် ဟိုတယ်ကို အဆင့်မြှင့်ပြီး ဖွင့်တော့မှာ။ Restaurant ပါ ပါလာတော့မှာ။ အဲဒီကျ ဘာမှမချက်မပြုတ်တတ်ဘူး





ဆိုရင် ဘယ်လိုလုပ်မလဲ။ ရှင် အခြားတစ်ယောက်ရဲ့ လက်ထောက် လုပ်မှာလား"

"မလုပ်ချင်ပါဘူး"

"မလုပ်ချင်ရင် ကိုယ့်အရည်အချင်း ကိုယ်မြှင့်အောင်မြှင့်ဖို့ ပြင်ထားပါ ကိုအောင်။ ကျွန်မ ရှင့်ကို စေတနာနဲ့ သတိပေးတာ။ ခုတည်းက ပြင်ဆင်တော့။ မဟုတ်ရင် ရောက်နေတဲ့နေရာ ဖယ်ပေးရမှာပေါ့ ...

ဒီကြားထဲ အားတဲ့အချိန် တချို့ဟာလေးတွေ လေ့လာသင့်တယ်။ မုန့်ဟင်းခါးကိုလည်း Readymade ပဲ ချက်ချင်မနေနဲ့ဦး"

"ဟုတ်ကဲ့"

ကိုအောင် ရှုံ့မဲ့သွားသည်ကို ကျေးက ဂရုမစိုက်နိုင်အားပဲ လှည့်ထွက်လိုက်တာနှင့် တစ်စုံတစ်ယောက်က အဆင်သင့်ရပ်စောင့်နေတာနှင့် ကြုံရသည်။ မျက်လုံးချင်း ဆုံသွားတဲ့ အခိုက်အတန့်မှာပဲ ကျေးက ချက်ချင်းမျက်နှာလွှဲပစ်လိုက်ကာ ရှောင်ထွက်လာလိုက်သည်။ ဒီလူကို မြင်တာနဲ့ စိတ်တွေမွန်းကျပ်ရှုပ်ထွေးလာရတာကို မခံစားနိုင်ပါ။

"ကျေးကျေးကျော်"



www.burmeseclassic.com

www.burmeseclassic.com



ကျေးက လှည့်မကြည့်ချေ။ ခြေလှမ်းကို မသိမသာ သွက်လိုက်သော်လည်း သူက ကျေးကို ကျော်တက်ပြီး ပိတ်ရပ်လိုက်သည်။

"ဘာလို့ ထွက်ပြေးနေတာလဲ"

"ဘယ်မှာ ထွက်ပြေးလို့လဲ"

"ဒါဆိုရင် မင်းခြေလှမ်းတွေက ဘာလို့ လမ်းလျှောက်ပြိုင်ပွဲဝင်တဲ့လူတွေလို ကော့လန် ကော့လန်ကြီး ဖြစ်နေလဲ"

တွေ့လား။ ပြောပုံကိုက။ ကျေးက အောက်နှုတ်ခမ်းကို အသာဖိကိုက်ပစ်လိုက်သည်။ ဒီလူနဲ့ မျက်နှာချင်းမဆိုင်ချင်ပါ။ ဟိုနေ့ကတော့ ကိုယ့်ဒေါသနဲ့ကိုယ် မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ပေမယ့်လည်း ခုတော့ ရှက်နေရသည်။ ဒီလူ့ရှေ့မှာ ပေါက်ကွဲခဲ့သည့် ကိုယ့်အဖြစ်ကိုယ် သွေးအေးသွားတော့မှ ရှက်လို့မဆုံးတော့ချေ။

"ဘာ ကော့လန် ကော့လန်လဲ။ ရှင် စကားပြောတာ ကြည့်ပြောပါ။ ကျွန်မ ထပ်ပြီး သည်းခံမှာ မဟုတ်ဘူး"

ကျေးရဲ့ ကဲကဲဆတ်ပုံစံကို သူက ကြည့်ရင်းမှ မျက်ဝန်းတို့ အရောင်ပြောင်းသွားသည်။ နောက်တော့ သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ ...





"ဆောရီး ... ကိုယ် မင်းနဲ့ပြဿနာဖြစ်ဖို့ ရောက်လာတာ မဟုတ်ဘူး ကျေးကျေးကျော်။ ကိုယ် မင်းနဲ့အေးအေးဆေးဆေး စကားပြောချင်လို့"

"ဘာပြောမှာလဲ"

ကျေးရဲ့ ဘောက်ဆတ်ဆတ် ပြန်မေးသံကို သူက လှစ်ခနဲ ခိုးပြုံးတာလည်း မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ သို့သော် မသိချင်ယောင် ဆောင်ပေးလိုက်ပါသည်။

"ဒီလိုလုပ်ပါလား။ မင်း ညနေစာ မစားရသေးဘူး မဟုတ်လား။ အပြင်မှာ တစ်ခုခု သွားစားရအောင်။ ကိုယ်ကျွေးမှာပါ"

"အို ... ဘာလို့ စားရမှာလဲ။ ရှင် ပြောစရာရှိရင် ဒီမှာပဲ ပြောလည်း ရတယ်"

သူက ကျေးကို မသက်သာစွာ ကြည့်လိုက်ပြီးမှ စိတ်လျှော့လိုက်သည့်ပုံစံဖြင့် ...

"ကောင်းပြီလေ။ ကိုယ့်ကြောင့် မနေ့က မင်း ငိုခဲ့ရတာကို"

"အို ... ဘာငိုတာလဲ။ အဲဒါ ငိုတာမဟုတ်ဘူး။ ဒေါသထွက်လွန်းလို့ မျက်ရည်က အလိုလိုကျလာတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမပြီးခင် ဖြတ်ပြောလိုက်သော ကျေးရဲ့ စကားကို သူက ရှယ်ချင်သလို ဖြစ်သွားပြီးမှ ချက်ချင်းကို အတည်ယူလိုက်သော မျက်နှာဖြင့် ...

"ဟုတ်ပါပြီ။ မင်းဘာသာ ဒေါသထွက်လို့ပဲကျကျ ဝမ်းနည်းလို့ပဲကျကျ ဘာပဲဖြစ်ဖြစ် မျက်ရည်ကျရတာဟာ မကောင်းပါဘူး ...

ကိုယ် မင်းကို အဲဒီလို လှောင်ပြောင်ချင်တဲ့စိတ်နဲ့ ဆက်ဆံခဲ့တာ မဟုတ်ပါဘူး ကျေးကျေးကျော်၊ အဲဒါတော့ ကိုယ့်ရဲ့စိတ်ရင်းအမှန်ပါ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကိုယ့်အတွက်ကြောင့် မင်းစိတ်မှာ အနှောင့်အယှက် ဖြစ်သွားခဲ့တယ်ဆိုရင် ကိုယ် တောင်းပန်ပါတယ်"

ကြည့်စမ်း ... သူလိုလူက ကျေးကို တောင်းပန်သတဲ့။ အမြဲတစေ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ ဒီလူက သူ့လောက်တော်တဲ့ တတ်တဲ့လူ မရှိလောက်ဘူးလို့ သွေးနားထင်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်က ကျေးကို တောင်းပန်သတဲ့။ လူတစ်ယောက်ကို ကြာကြာ စိတ်မဆိုးတတ်သော ကျေးက ချက်ချင်း ဟဲခနဲ ဖြစ်သွားမည့် ပါးစပ်ကို အလျင်အမြန် စိထားလိုက်ရသည်။





"ကိုယ့်ကို ခွင့်လွှတ်ပေးနိုင်မလား"

ကျွတ် ... ဘာပြန်ပြောရမလဲ။ ကျေးက နှုတ်ဆိတ်တွေဝေနေတုန်းမှာပဲ သူ့ထံက စကားသံ ထပ်ထွက်လာပြန်သည်။

"ကိုယ်နဲ့ မင်းက မိတ်ဆွေတွေလို့လည်း တော့တော့ဆိုင်ဆိုင် ပြောလို့မရဘူးနော် ကျေးကျေးကျော်။ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်က ပြင်ဦးလွင်ကို ရောက်ရောက်ချင်း စ,တွေ့ခဲ့ကြတဲ့သူတွေပါ။ အစောကြီး တွေ့ဆုံခဲ့တဲ့သူနှစ်ယောက်က ဒီလိုမျိုး အဆင်မပြေတာကိုတော့ မင်းလည်း ကြိုက်ချင်မှာ မဟုတ်ပါဘူး ...

ဟုတ်တယ် မှုလား"

အဲဒီ "ဟုတ်တယ်မှုလား"ဟူသော ပြန်မေးပုံက ကျေးကို တည့်တည့်စိုက်ကြည့်ရင်း မေးဆတ်ပြလိုက်တာမို့ သူ့ကို ကြည့်နေသော ကျေးသည် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ ကြည့်မြဲအတိုင်းသာ ကြည့်နေမိသည်။ သူကလည်း ကြည့်လို့သာပါပဲ။ ယောကျ်ားလေးတစ်ယောက်နှင့် အဲဒီလောက် အကြာကြီး အကြည့်ချင်း မဆုံဖူးသဖြင့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားပြီးမှ ကျေးက မျက်နှာလွှဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်လိုလဲ။ မင်းနဲ့ကိုယ် ငြိမ်းချမ်းရေး ရမလား"

"ရှင်က တောင်းဆိုတာနော်"

ဘယ်လောက် ရိုက်ချင်စရာ ကောင်းတဲ့ရုပ်လည်းကြည့်။ လက်နှစ်ဖက်ကိုပိုက်ကာ ဒူးတစ်ဖက်ကိုပါ ရှေ့သို့တွန်းလိုက်ရင်း ညစ်ကျယ်ကျယ် ပြောနေသော ရုပ်ဟာ မန်နေဂျာတဲ့[illegible]ား။ ငါးတန်းကျောင်းသူနဲ့သာ တူနေသည်ဟု နေခြည်ပန်ကတော့ တွေးမိလေသည်။ ရယ်ချင်သော်လည်း မရယ်ရဲချေ။

"ဟုတ်ပါတယ် ... ကိုယ် တောင်းဆိုတာပါ။ ဘာလဲ ... သက်သေခေါ်ချင်သေးတာလား။ ဒါမှမဟုတ် ဗီဒီယိုရိုက်ထားဦးမလား ဘာလုပ်ချင်လဲ ... ပြော။ လုပ်ချင်တာအားလုံးဖြစ်ရစေမယ်"

သူပြောတာကို ကျေးကျေးကျော်က မျက်စောင်းတစ်ချက် ပီပီပြင်ပြင်ထိုးလိုက်လျှင် သူ ရယ်ချင်သွားရပါသည်။ ဘယ်လိုကောင်မလေးပါလိမ့်။

"ရှင့်စကား ရှင်တည်ရင် ပြီးတာပဲ"

"တည်ပါတယ်။ ဒါပေမဲ့ မင်းကလည်း ထစ်ခနဲဆို ဒေါသထွက်ဖို့ဘဲ မစဉ်းစားနဲ့။ ငါ့ကို နှိမ်နေတယ် ဖွဲ့နေတယ်လို့ပဲ မမြင်နဲ့လေ"





"အောင်မာ ... ရှင် ပြောရင်းနဲ့ကို"

"ပြောရင်းနဲ့ကို မဟုတ်ဘူး။ မင်းနဲ့ ကိုယ်နဲ့ဟာ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားနေကြတဲ့သူတွေပဲလေ။ တို့နှစ်ယောက်လုံး ဒီကုမ္ပဏီကြီး တိုးတက်ရာ တိုးတက်ကြောင်းအတွက် အလုပ်,လုပ်နေကြတာပဲ မဟုတ်လား ...

Field ချင်း မတူကြပေမယ့် ပန်းတိုင်ချင်းတော့ တူကြပါတယ်။ မင်းကို ကိုယ် ကူညီချင်တဲ့စိတ် တကယ်ရှိပါတယ်"

ကျေးက တစ်ခုခုပြောဖို့ ပြင်ပြီးမှ မပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ လိုက်ပြီးနောက် ချာခနဲ လှည့်ထွက်လာလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျေး နှုတ်ခမ်းများကတော့ တဖြည်းဖြည်း ပြုံးလာခဲ့သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ မဟုတ်ပါလော။ ကျေး ခြေလှမ်းတွေ ငါးလှမ်းလောက်အရှိမှာပဲ သူ့ထံက စကားသံခပ်ကျယ်ကျယ် လိုက်ပါလွင့်ကပ်လာသည်။

"ဟေး ... ကျေးကျေးကျော်။ တစ်နေ့က မနက်က စားရတဲ့ မင်းရဲ့မုန့်ဟင်းခါး လက်ရာကတော့ ဘာကယ်ပထမတန်းစားပဲဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်း မန်နေဂျာ မလုပ်ဖြစ်တော့တဲ့ တစ်နေ့ မုန့်ဟင်းခါးရောင်းရင်ကို တကယ် သူဌေးဖြစ်တယ်"

"တောက်"

ကျေးက ခြေအစုံကိုရပ်ပြီး ခါးနှစ်ဖက်ထောက်ကာ "တောက်"ခနဲ ခေါက်မိသည်။ လှည့်ကြည့်လိုက်တော့ သင်းက ကျေးကို ကျော်ခိုင်းကာ လှည့်ထွက်သွားနေပြီ။ ကျေး လှည့်ကြည့်မှာကို သိသည့်အလား သူ့လက်တစ်ဖက်ကိုတောင် မြှောက်ပြသွားလိုက်သေးသည်။

မုန့်စရာကောင်းလိုက်တဲ့လူ။ ချီးကျူးတာတောင် ရိုးရိုးပြောသွားရင် သူများစိတ်ချမ်းသာမှာစိုးလို့ ရွဲ့သွားသေးတာ။ မန်နေဂျာရာထူးကို ခလုတ်တိုက်သွားသေးတာ။ သင်းနဲ့ ကျေးဟာတော့ Tom & Jerry လိုသော ဖြစ်တော့မည်ဟု ထင်သည်။





## ၁၂

"ဟား ဟား … မင်းတို့ကလည်း Tom & Jerry ကျနေတာပဲကွာ"

သူ ဖုန်းဆက်သောအခါ သူနှင့် ကျေးကျေးကျော် အကြောင်းကို နားထောင်ပြီး ညီညီက ဟားနေခြင်း ဖြစ်သည်။ ညီညီ ပြန်လာလျှင် ညီညီနှင့်အတူ သူ့အမေက အကြော်အရလှော်လေး ထည့်ပေးမှာမို့ သူက ပြန်လာမယ့်ရက်ကို ဖုန်းဆက်မေးကာ တခြားထွေရာလေးပါး ပြောဖြစ်ကြသည်။ ဒီရက်ပိုင်းအတွင်းမှာ သူ့အတွက် အဆန်းတကြယ် ဖြစ်စေခဲ့သော ကျေးကျေးကျော် အကြောင်း သူကပြောတော့ ညီညီကလည်း သတင်းစကားပြန်ပါးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး … ငါ မသိတာ(ဥက္ကဋ္ဌ၏အတွင်းရေးမှူး)နဲ့ တွေ့လို့ ကြုံလို့တောင် မေးမိသေးတယ်။ သူက အရင် ဆုံးသွားတဲ့ အတွင်းရေးမှူးရဲ့သမီးတဲ့ကွ။ သူ့အဖေက တော်တော်အလုပ်လုပ်ပေးခဲ့တာဆိုတော့ ဥက္ကဋ္ဌကလည်း ပြန်ကြည့်တဲ့သဘောပါပဲ"

"အင်း … ဒါပေမဲ့ လုံးဝအတွေ့အကြုံ မရှိတဲ့ လူတစ်ယောက်ကို ဒီနေရာကို ချက်ချင်းပေးလိုက်တယ် ဆိုတော့ ကျေးကျေးကျော် အတွက် Risk တစ်ခု ဖြစ်နေမှာပေါ့ကွာ"

"ဥက္ကဋ္ဌက ပြောသေးတယ်တဲ့ကွ။ လုပ်နိုင်မှ လုပ်ဆိုတာကို လုပ်နိုင်တယ် ကြိုးစားမယ်ဆိုပြီး လုပ်ခဲ့တာတဲ့။ ကျူးလစ်ပ်ကလည်း သိပ်ဟဲဗီးကြီး မဟုတ်တော့ ဥက္ကဋ္ဌက သူ့ကို ခွင့်ပြုပေးလိုက်တယ်နဲ့ တူပါတယ်ကွာ …

သူက မိသားစုမှာ အငယ်ဆုံးဖြစ်ပြီး နဂိုတည်းက ကလေးဆန်ရတဲ့အထဲ လုပ်ငန်းအတွေ့အကြုံကလည်းမရှိ လုပ်ချင်စိတ်တစ်ခုတည်းသာရှိတော့ သူ့အတွက် အရာအားလုံးဟာ စိန်ခေါ်မှုတွေလို ဖြစ်နေတာပေါ့"





သူ့မျက်လုံးထဲတွင် အဲဒီစိန်ခေါ်မှုတွေကို နည်းနည်းမှ မကြောက်သော ကျေးကျေးကျော်ရဲ့ ပုံစံကိုလည်း မြင်ယောင်လာသည်။ မျက်ကန်းတစ္ဆေမကြောက် ဆိုတာမျိုးပဲ ဖြစ်မှာပဲ။ အဲဒီလို တွေးမိတော့ ရယ်ချင်သွားရသည်။

"အင်း … ဘာပဲဖြစ်ဖြစ် ကူညီတော့ ပေးရမှာပဲ။ သူက ဘယ်လို Manage နဲ့ သွားလဲတော့ မသိပါဘူးကွာ။ မုန့်ဟင်းခါးလည်း ကိုယ်တိုင်ဝင်ချက်လိုချက်နဲ့ ဘာပဲဖြစ်ဖြစ် စားကောင်းတာတော့ အာမခံပဲ"

"ဟား ဟား … မင်းက မုန့်ဟင်းခါးသရဲ ဆိုတော့ အကြိုက်တွေ့နေမှာပေါ့။ အေးပါဟာ … တို့က တာဝန်ပြီးရင် ပြန်ရမှာ။ သူက အမြဲကျန်ခဲ့မှာ …

ကူညီပေးကြတာပေါ့"

ညီညီနှင့် တခြားအကြောင်းအရာတွေ ဆက်ပြောပြီးနောက် သူတို့ ဖုန်းချလိုက်ကြသည်။ သင်္ကြန်ရက်များဟာ သူ့အတွက်တော့ ပျင်းဖို့ကောင်းလှပါသည်။ ဒီနေ့ဆိုလျှင် အကြတ်နေ့တောင် ဖြစ်နေခဲ့ပြီ။ ခုချိန်ထိ သူ ရေမစိုသေးချေ။ ဟိုတယ်ထဲမှာပဲ နေတာမို့ သူ့ကိုလည်း လာပက်မယ့်သူ မရှိချေ။ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်သူမှ ပက်စရာမရှိ။ အခန်းထဲ အောင်းရတာ ကြာတော့လည်း ပျင်းလာသောကြောင့် အပြင်ထွက်လာလျှင် ရှေ့ဘက်မြက်ခင်းပေါ်မှာ ဝိုင်းဖွဲ့နေသော ဝန်ထမ်းတချို့ကို တွေ့လိုက်ရသည်။ ကြည့်လိုက်တော့ မုန့်လုံးရေပေါ် လုံးနေကြတာဖြစ်သည်။

"ဘာလဲကွ ... စတုဒီသာ ကျွေးမလို့လား"

"ဟုတ်တယ်။ ဂျာလေးက ဧည့်သည်တွေကို ကျွေးဖို့တဲ့"

သူက မျက်လုံးကို ဝေ့ဝဲကြည့်လိုက်တော့ သူမကို သစ်ပင်ရိပ်တစ်ခုအောက်မှာ ဖုန်းပြောနေတာနှင့် ကြုံရသည်။ တီရှပ်အဝါရောင်၊ ဂျင်း(န်)ဘောင်းဘီအနက်ရောင် အကျပ်တို့ဖြင့် ရှင်းရှင်းလင်းလင်း တွေ့ရသည်။ သူ ရောက်သွားသောအခါ သူမက ဖုန်းပြောပြီးသွားပြီ။

"မုန့်လုံးရေပေါ် ကျွေးမယ်ဆို"

"ဟုတ်တယ်"

"အင်း ... ကောင်းပါတယ်။ သြော် ... ဒါနဲ့ မင်းကိုပြောရဦးမယ်။ ငါ့သူငယ်ချင်း ရန်ကုန်က ပြန်လာမှာလေ။ အဲဒါ မင်းအိမ်က လူကြုံပစ္စည်းတွေ ဘာတွေ ထည့်ပေးချင်ရင် သူနဲ့ထည့်ပေးလို့ရတယ်"





"မလိုပါဘူး ... ဘာမှမရှိဘူး"

သူမက ပုံမှန်လေသံနဲ့ပဲ ပြန်ဖြေကာ အနားကစားပွဲမှာ ဝင်ထိုင်သည်။ စားပွဲပေါ်တွင် ငှက်ပျောဖတ်များ ချထားကာ ကတ်ကြေးနှစ်လက် ရှိနေသည်။

"ဒါတွေ ဖြတ်မလို့လား"

"ဟုတ်တယ်"

"မင်းကို ကူညီမယ်လေ"

"ရပါတယ်"

ငှက်ပျောဖတ် တစ်ရွက်ကို ကောက်ကိုင်ပြီး ပြန်ဖြေသံက စူကောက်ကောက် ဖြစ်နေသေးသည်ဟု ထင်သည်။ သူဟာ သူမကိုကြည့်ပြီး စိတ်ထဲမှာ တကယ်ကိုပဲ အဆန်းတကြယ်ဖြစ်,ဖြစ်လာသည်။ သူ့ကိုယ်သူမို့ Roll တင်ပြောခြင်း မဟုတ်ပါ။ ဒါပေမဲ့ သူ့ကိုမြင်သော၊ သူနှင့် ခင်မင်ရင်းနှီးသော မိန်းကလေးတော်တော်များများဟာ သူ့ရှေ့မှာ ချိုသာသောစကား၊ ချစ်ဖွယ်သောစကားတို့ကိုဆိုလျက် မခို့တရို့ အမူအရာ၊ အပျိုရွယ်ဆန်သော အမူအရာများဖြင့်သာ ဆက်ဆံကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ အဲဒီလိုလုပ်ဖို့ နေနေသာသာ စိတ်အလိုမကျရင် မကျသလို၊ ဒေါသထွက်ရင် ထွက်သလို၊ သူ့ကို ဆက်ဆံတာပင်တည်း။ ငါ့ရှေ့မှာ ယောကျ်ားပျိုတစ်ယောက် ရောက်နေပါလား ဟူသော ခံစားချက်မျိုးပင် ရှိနေပုံမပေါ်ပါ။ စိတ်ထဲရှိတဲ့အတိုင်းသာနေသော ကျေးကျေးကျော်ပင်တည်း။

"အား ... သကြၤန်ဆိုတာတောင် မေ့နေလောက်အောင် ဘဝက ခြောက်ကပ်နေတာပဲ။ ရေတောင် လောင်းမယ့်သူ မရှိဘူး"

သူ့စကားကို သူမက မသိမသာ မဲ့တာကိုလည်း မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။ သူက ကတ်ကြေးဖြင့် ၄က်ပျောရွက်တွေကို စတင်လှီးဖြတ်နေပြီးမှ သူမကို မေးလိုက်သည်။

"မင်းရော သကြၤန်ရေ စိုပြီးပြီလား"

"စိုပါဘူး"

"ဟုတ်လား။ ဘယ်သူမှ မပက်ဘူးလား"

သူ့ရဲ့"ဟုတ်လား"လေသံက သံရှည်ဆွဲကာ "ဘယ်သူမှ မပက်ဘူးလား"ဆိုတာက အံ့ဩသလို မေးလိုက်တာမို့





သူမက နဂါးမျက်စောင်းဖြင့် လှမ်းကြည့်သည်။ သူ့အတွက်ကတော့ ကျေးကျေးကျော်သည် Amazing ကျေးကျေးကျော်ပဲ ဖြစ်ပါသည်။

"ပြင်ဦးလွင် ရောက်ပြီးမှ ဘယ်တွေ လည်ပတ်ပြီးပြီလဲ"

"ဘယ်မှ မလည်ရသေးဘူး"

"ဟုတ်လား။ ကိုယ်လည်း အတူတူပဲ။ မင်း ဘယ်သွားချင်လဲ။ အတူသွားလို့ ရတာပဲ"

သူမက သူ့ကို မျက်လုံးလှန်ကြည့်သည်။ ဒီတစ်ခါတော့ သူမ ကြည့်သည့်ပုံစံက "ရှင် ဒီလောက်လေးတောင် မသိဘူးလား"ဟူသော ပုံစံမျိုး။ ပြောရလျှင်တော့ သူမကို သူ ကြည့်ခဲ့ဖူးသည့် မျက်လုံးမျိုးဖြင့် ပြန်ကြည့်တာ ဖြစ်နိုင်ပါသည်။

"ရှင် တော်တော် Brain ကောင်းတာပဲ"

"ဘာလို့လဲ"

"ဟက် ... သင့်တော်မလားရှင့်၊ ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်းသွားလို့ ရှင့်ဦးနှောက် မာစတာကျိုးက (တမင်မပီအောင်ပြောသံ) ဒါမျိုးကျတော့ မစဉ်းစားတတ်တော့ဘူးပေါ့နော် ... ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



အသားစီးရတုံး တွယ်လိုက်မည်ဟူသော အရိပ်ယောင်တွေက သူမမျက်နှာမှာ အထင်းသား ပေါ်လွင်နေသည်။ ဒီအတွက်လည်း သူက အညှံ့ခံပေးဖို့ စိတ်ကူးမရှိခဲ့ပါ။

"ဩော် ... ဒါကတော့ မင်းက ဘာတွေတွေးနေမှန်းမှ မသိတာ။ ကိုယ်ကတော့ စိတ်ရှင်းပါတယ်။ ကိုယ့်စိတ်က ခံယူတတ်ဖို့ပဲ လိုတာလေ"

"အမယ်လေး ... မှားပါတယ်"

"ဟုတ်တယ်လေ ... မင်းစိတ်က ကိစ္စတစ်ခု အပေါ်မှာ ဘယ်လိုခံယူမလဲဆိုတာသာ အရေးကြီးတာပါ။ ကိုယ်နဲ့ သွားပေမယ့်လည်း မင်းစိတ်က ဟာ ... သင်းကတော့ ငါ့ရဲ့ဘော်ဒီဂတ်ကြီးပဲပေါ့လို့ ထားလိုက်ရင် မင်းအတွက် Safety တောင် ဖြစ်သေးတယ် မဟုတ်လား ...

လောကမှာ ကိုယ့်ခံယူချက်က ဘာလဲ ဆိုတာသာ အရေးကြီးတာပါ"

"ဟင်း ... ဟင်း ... ရှင်ကလေ၊ အင်ဂျင်နီယာ မလုပ်ဘဲ ကျောင်းဆရာ လုပ်ခဲ့ရမှာ သိလား"





သူက ကျေးကျေးကျော်ကို တည်ငြိမ်စွာ စိုက်ကြည့်မိသည်။ သူမက ငှက်ပျောစွက် ဖြတ်ရင်းမှ သူ့ကို ဘာဖြစ်လဲ ဟူသော ပုံစံဖြင့် မော့တော့တော့ ပြန်ကြည့်သည်။

"ကျေးကျေးကျော် ... မင်းရဲ့ရည်မှန်းချက်က ဘာလဲ"

"ဘာ့ကိုလဲ"

"မင်းရဲ့ရည်မှန်းချက်လေ။ မင်းရဲ့ရည်မှန်းချက်က မန်နေဂျာကောင်း ဖြစ်ချင်တာလား။ ဒါမှမဟုတ် ကျူးလစ်ပ်ကို အောင်မြင်စေချင်တာလား"

"ကျွန်မ မန်နေဂျာကောင်းဖြစ်ရင် ကျူးလစ်ပ်လည်း အလိုလို အောင်မြင်လာမှာပဲ မဟုတ်ဘူးလား"

"Right ! မင်း တော်လာပြီပဲ"

"ရှင်နော် ... ကျွန်မကို ဒေါသထွက်အောင် လာမလုပ်နဲ့၊ အခါကြီး ရက်ကြီးမှာ ကျွန်မ ဒေါသမထွက်ချင်ဘူး"

"မဟုတ်ပါဘူး Win & Win saturation ကို သဘောပေါက်တယ်လို့ ပြောချင်တာပါ"

သူမက သူ့ကို မျက်စောင်းတစ်ချက်ထိုးသည်။ ဖြတ်ပြီးသား ငှက်ပျောစွက်များကို ဘေးသို့ချသည်။ လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



များက ဖြူသွယ်ကာ လက်တွေ့ဆန်သော လက်ချောင်းများဖြစ်ကြသည်။

"မင်းကို အောင်မြင်စေချင်ပါတယ် ကျေးကျေးကျော်၊ အဲဒီအတွက်လည်း ကိုယ် တတ်နိုင်တဲ့ဘက်က ကူညီပေးပါမယ် ...

တကယ်တော့ ဒါဟာလည်း မင်းကို ကူညီတာဟာ ဥက္ကဋ္ဌကို ကူညီတာ ကျူးလစ်ပ်ကို ကူညီတာပါပဲ၊ဟုတ်တယ်မှုလား"

သူမက သူ့ကို ပြုံးစိစိပုံစံဖြင့် ကြည့်သည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လျှင် သူ ငေးခနဲဖြစ်သွားသည်။ သဘောကျသွားသဖြင့် စိတ်ထင်တိုင်း လွတ်လွတ်လပ်လပ် ရယ်မောတတ်သော မိန်းကလေးဟာ ယောကျ်ားတစ်ယောက်အတွက် ယောကျ်ားလေးတစ်ယောက်လို နှစ်သက်ရွှင်မြင်ချင်စရာ ကောင်းလှတယ်ဟု သူက ရိုးဖြောင့်စွာ တွေးနေမိခဲ့တော့သည်။

○ ❦ ○





၁၃

"ဟယ် ... ဟယ် ... ဟိုမှာ အသုပ်ဆိုင်လေး၊ စားမယ် ... စားမယ်"

ကျေးက တောင်ခြေမှာ အသုပ်ဆိုင်တွေ့တာကို ကန္တာရထဲမှာ သစ်ပင်တစ်ပင် တွေ့သည့်အလား ဝမ်းသာအားရ ပြေးသွားမိသည်။ သို့သော် နေခြည်ပန်း၏ ခပ်အုပ်အုပ်ခေါ်သံကြောင့် နောက်ပြန်လှည့်ကြည့်ရသည်။

"ဘာလို့ ပြေးနေတာလဲ"

"ဟင် ... ဘာဖြစ်လဲ ပြောတော့"

"မင်းက မန်နေဂျာလေ။ အဲဒီလိုကြီး ကြန္တြမရ ပြေးလွှားနေရလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကျေးက မျက်စောင်းတစ်ချက်ရွယ်ပြီးတော့မှ အသာပြန်သိမ်းလိုက်ရသည်။ အင်း ... တကယ်တော့ သူ ပြောလည်း ပြောချင်စရာပါပေ။ ကျေးဟာ စိတ်နှစ်ခွနဲ့လူတစ်ကိုယ်တည်း ဖြစ်နေသည်။ ပင်ကိုစိတ်ဟာ ကလေးဆန်ဆန်၊ လွတ်လွတ်လပ်လပ် ပျော်ချင် ဆော့ချင်တုန်း ဖြစ်ပေမယ့်တစ်ဖက်မှာလည်း ထက်မြက်ထူးချွန်သော မန်နေဂျာကောင်းတစ်ယောက် ဖြစ်ချင်သေးသည်။ ထက်ထက်မြက်မြက်ရှိသော၊ လုပ်ငန်းခွင်ထဲမှာ အောင်မြင်သော မိန်းကလေးတွေကို ငယ်ငယ်တည်းက သဘောကျခဲ့သည် ဖြစ်ရလေရာ ကျေးသည် တစ်ခါတစ်ရံမှာတော့ ဟိုလည်းမရောက် ဒီလည်းမရောက်ဖြင့် လွတ်သွားလေ့ရှိဟသည်။

"ကျွန်မ အသုပ်စားမလို့။ ကြည့်ဦး ... ငါးဟင်းရည်အနံ့လေးက မွှေးနေတာပဲ"

"အာ ... မစားစမ်းပါနဲ့ကွာ။ မင်းကလည်း မနက်ကမှရှမ်းခေါက်ဆွဲ စားလာတဲ့ဟာကို"

"အမယ်လေး ... ရှမ်းခေါက်ဆွဲတစ်ပွဲများ နံကြားတောင်မကပ်ဘူး။ ကားစီးလာတာနဲ့ အခု လမ်းလျှောက်တာနဲ့တင် ကုန်ပေါ့။ ဟူး ... မောထှာ။ ဗိုက်ကလည်း ဆာသေး"





ကျေးကို သူက ဆလံပါပဲဟုသော ပုံစံဖြင့် ခါးထောက်ကာ ခေါင်းယမ်းသည်။ ခိုပြာရောင် PUMA တီရှပ်နှင့် ဂျင်း(န်)ဘောင်းဘီတစ်ထည်ကို ဝတ်ဆင်ကာ သူ့ထုံးစံအတိုင်း ဂျိမ်းစ်ဘွန်းမျက်မှန်ကို ဝတ်ဆင်ထားသော အဲဒီတစ်ယောက်ဟာ ကျေး အတွက်တော့ နှစ်လိုဖွယ်လည်းကောင်း၊ တစ်ခါတစ်ရံမှာလည်း အမြင်ကတ်ဖို့ကောင်းသော ဝါတနာတစ်ယောက်သာ ဖြစ်ပါသည်။

ဒီလူဟာ အသားအရေ တောက်ပြောင်ဝင်းလက်ပြီး အရပ်အမောင်းကလည်း ကောင်းလှသူမို့ လူသူကြားထဲ သူ့ပုံစံဟာ ထင်းထွက်နေသည်။ ဝတ်တတ် စားတတ်ကလည်း ရှိသေးတော့ အများသူငှာ ကြည့်ချင်စရာပေါ့လေ။ ကျေးအတွက်တော့သူဟာ Appreciate လုပ်စရာ မိတ်ဆွေတစ်ယောက်သာပါပဲ။

"ဟာ ... ဒီအဆင်းတောင် မင်းက မောနေတယ် ဟုတ်လား။ ဟာ ... ဟ ... အေးပါ၊ ပြန်အတက်ကျရင်တော့ ဗိုက်ကလေး ပြွတ်ဖို့သာ ပြင်ထားတော့"

သူ့စကားကြောင့် ကျေးက ကိုယ့်ဗိုက်ကိုယ် ယောင်ပြီးစမ်းမိသွားသည်။ ဒီလူ ဘာပြောတာလဲ။ ကျေးကို ဗိုက်ပူတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောချင်တာလား။ ကျေးနှင့်သူဟာ ဓာတ်တော်ချိုင့်ရေတံခွန်သို့ အလည်ရောက်လာခဲ့ခြင်းဖြစ်သည်။ သူကတော့ နှစ်ခါလောက် ရောက်ဖူးသည်ဟုပြောပြီး ကျေးကတော့ တစ်ခါမှ မရောက်ဘူးသေးပါ။ ပြင်ဦးလွင်သို့ ရောက်ခဲ့ဖူးသော်လည်း ဓာတ်တော်ချိုင့်သို့ မသွားဖြစ်ခဲ့။

အခုမှပဲ စိတ်ကူးပေါက်၍ ထွက်လာခဲ့ကြသည့်တည်း။

"ဘာလဲ ... ရှင်က ကျွန်မကို ဗိုက်ပူတယ်လို့ ပြောချင်တာလား"

သူက ဘာမှမပြောဘဲ ဟက်ခနဲရယ်ကာ တစ်ဖက်သို့ လှည့်သွားသည်။ အဲဒီပုံစံ ... အဲဒီပုံစံကို သိပ်အသည်းယားတာပါပဲ။ ကျေးက ကိုယ့်ဗိုက်ကိုယ် ငုံ့ကြည့်မိသည်။ တီရှပ်ပန်းဆီရောင် Fitting လေးကို ပန်းပွင့်ရောင်စုံ ပန်းရောင်အကြားအဆင် သရီးကွာတားအကျပ်နှင့်တွဲဖက်ဝတ်ဆင်ထားသော ကျေးရဲ့ ဝတ်စုံမှာ ကိုယ့်ကိုယ်ကိုယ်တော့ ဟုတ်လှပြီ ထင်နေတာပါပဲ။

ဗိုက်ကလည်း အင်း ... ဗိုက်ကလည်း ရှိတော့ ရှိပေမယ့် ပြောလောက်အောင် ကြည့်ရလည်း ဆိုးမနေခဲ့ပါ။





"လုံးဝန်းနေအောင် မပူပေမယ့် Jlo တို့လောက်လည်း ချပ်မနေဘူးပေါ့ကွာ"

သူက ကျေးရဲ့စိတ်ကူးထဲက အတွေးကို သိနေသည့်အလား ပြောသည်။ ကျေးက ဘာမှမပြောတော့ဘဲ ရှေ့သို့ဆက်လျှောက်လာလိုက်လျှင် စေတီလေးတစ်ဆူကို တွေ့ရသည်။ နောက်တော့ ကျေး သိပ်မြင်ချင်ရသော ရေတံခွန်ကြီး။ ဟိုးအမြင့်မှ စီးကျနေကာ နွေရာသီမို့ ရေအားအရှိန်က သိပ်တော့မများလှ။ သို့သော် အောက်ခြေကန်ထဲက ရေများဟာ ကြည်မြအေးစိမ်းနေသည်။

ရေကို ထိတွေ့ကိုင်တွယ်ဖို့ ပြေးသွားသော ကျေးကို သူက လှမ်းဟန့်သည်။

"ဟိတ် ... သွားမဆင်းနဲ့နော်။ ဒီက နာမည်ကြီးပဲ သိတယ်မှလား"

"သိပါဘူး။ ဘာနာမည်ကြီးတာလဲ"

"ကျွတ် ... လူသေတာ ... လူသေတာ။ ရေနစ်တတ်တာကို ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျေးက ပခုံးတွန့်မိသည်။ အဲဒီနောက် သူက ကျေးကို အမှတ်တရ ဓာတ်ပုံရိုက်ပေးပါသည်။

"ရှင့်ကိုရော ရိုက်ပေးရဦးမလား"

"နေပါစေ"

"ပြီးရော"

ကျေးက ပိုက်ဆံအိတ်ဖောင်းဖောင်းလေးကို ဇလွယ်သိုင်း လွယ်ထားရင်းမှ ချာခနဲလှည့်ထွက်လိုက်သည်။ တောတောင်တွေ ပတ်လည်ဝိုင်းကာ ကျေးငှက်သာရကာများရဲ့ အော်သံကလွဲလို့ ပတ်ဝန်းကျင်မှာ သိပ်ထူးထူးခြားခြား ဆွဲဆောင်မှုမရှိဟု မှတ်ချက်ချမိသည်။

"ဘာမှတော့ သိပ်ထူးထူးခြားခြား မဟုတ်ဘူးနော်။ ရွှေလီက ရေတံခွန်ဆို ဒီလောက်တောင် မလှဘူး။ ဒါပေမဲ့ သူတို့က ထပ်ဖြည့်ပြီး ဖန်တီးထားတာတွေ များတယ် ...

Landscaping တွေ လှလှလေးတွေ လုပ်တော့လေ လူတွေက တသသပြောနေကြတာပေါ့"

"မင်းရွှေလီကို ရောက်ဖူးတယ်ပေါ့"

"တစ်ခါရောက်ဖူးတယ်"





"အင်း ... မင်း ပြောတာ ဟုတ်တယ်။ တကယ်ဆို တို့နိုင်ငံမှာ သဘာဝအလှအပတွေ အများကြီးရှိတယ်။ အများစုကတော့ အရိုင်းအတိုင်း ရိုးရိုးကြီးတွေပေါ့။ ဒါတွေကို လှလှပပပြုပြင်ပြီး အခြားစိတ်ဝင်စားစရာတွေနဲ့ ပေါင်းစပ်ရမှာ ...

စင်ကာပူဆို သဘာဝအလှတရား ဘာရှိလဲ။ လူတွေ ဖန်တီးထားတာကိုပဲ ပိုက်ဆံတွေ အများကြီးပေးပြီး ကြည့်နေကြတာလေ"

ကျေးက သူ ပြောတာကို ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်နေမိသည်။ သစ်ငုတ်လေးတစ်ခုပေါ်မှာထိုင်ရင်း ပတ်ဝန်းကျင်ကို ငေးမောကာ မျက်လုံးထဲတွင် ရောက်ခဲ့ဖူးသော ရွှေလီက ရေတံခွန်နှင့် နှိုင်းယှဉ်ကြည့်နေမိသည်။ မှိုဟာလည်း ဒီလို တောလမ်းကလေးကနေ သွားရတာပဲ။ အဆုံးကျမှ ဒီလောက်တောင်မကြီးတဲ့ ရေတံခွန်ကိုတွေ့တာ။

ဒါပေမဲ့ သူတို့ဆီက တောလမ်းက ဒီလို သွေ့ခြောက်ခြောက်နဲ့ မျက်စိပဒသမဖြစ်စရာ တောလမ်းမျိုး မဟုတ်။ လမ်းဘေးဝဲယာမှာ တကယ့်ဒဏ္ဍာရီထဲက တောလမ်းလေးထဲကို ရောက်သွားရသလိုမျိုး သစ်ပင်ပန်းပင်လေးတွေနဲ့ သာယာအောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ လမ်းဘေးဝဲယာက ရေတံခွန် အသေးလေးတွေဆိုတာလည်း ဖန်တီးထားတွေပါပဲ။ ဩော် ... ဒီကလူတွေ မသိတာလား၊ မတတ်တာလား ဆိုတာ ကျေးက ဉာဏ်မမီစွာ လိုက်လံတွေးတောနေမိသည်။

"ပြန်ကြမလား"

"အင်း ... သွားတာပေါ့"

ခဏနေပြီးတော့ ကျေးနဲ့ သူနဲ့ ပြန်ထွက်လာခဲ့ကြသည်။ ခတ်တော်ချိုင့် ရေတံခွန်ဟာ လှိုဏ်ကြီးထဲမှာ၊ အောက်ချိုင့်ထဲကို ဆင်းသွားရတာဖြစ်ပြီး ကားတွေက အပေါ်မှာထားခဲ့ရတာဖြစ်သည်။ အဆင်းတုန်းကတော့ ကမ္ဘာမြေကြီးရဲ့ဆွဲအားဖြင့် ရှောရှောရှူရှူ ဆင်းလို့ရခဲ့သော ကျေးမှာ ပြန်အတက်မှာတော့ တစ်ဝက်တောင် မကျိုးသေး လျှာထွက်နေရပြီတည်း။ ဟိုတစ်ယောက်ကတော့ သံမဏိလူသားအလား အပြုံးမပျက်တဲ့ ကဖိုးချက် ဖြစ်နေသေးသည်။

"ခဏလောက် နားရအောင်လား"

သူက ကျေးကို ပြုံးစိစိဖြင့်ကြည့်ကာ "မင်းခြေလှမ်းနဲ့ တောင်တက်အသင်းဝင်ရမယ်"ဟု ပြောသည်။ ဒီလူဟာ တစ်ဖက်သားကို မခနဲ့ရလျှင် စားမဝင် အိပ်မပျော်ဘူးလား မသိပါ။





"နည်းနည်းလောက် ဆက်လျှောက်လိုက်ပါဦး။ ခုမှ ခဏပဲရှိသေးတာ"

ကျေးက သူ့ကို မျက်စောင်းတစ်ချက်ကဲရင်း အိတ်ထဲမှ ရေဘူးကိုထုတ်ကာ မော့်လိုက်သည်။ ပြီးတော့ ဆက်လျှောက်သည်။ အချိန်က နံနက်ဆယ်နာရီခန့် ရှိပြီမို့ နေကမြင့်လာပြီဖြစ်သောကြောင့် ပိုမောလာသည်။ အမယ်လေး ... ဒါတောင် သူပြောသလို ခရီးတစ်ဝက် မကျိုးသေးပါ။

"ဟူး ... သေတော့မှာပဲ"

"သက်လုံလေကွာ ... သက်လုံ ကွာတယ် ... ဟာ ဟာ"

"ဒီမှာ သက်လုံကောင်းကောင်း မကောင်းကောင်း။ သက်လုံကောင်းတဲ့လူလည်း သေရမှာပဲ။ မကောင်းတဲ့လူလည်း သေရမှာပဲ။ အမြဲတမ်းလည်း တောင်တက်နေရတာ မဟုတ်ဘူး ... ဟင်း"

ကျေးက နှာခေါင်းမှာ စို့နေသော ချွေးတွေကို အင်္ကျီလက်မောင်းနှင့် ပင့်သုတ်ရင်း ပြောပုံကို သူက ကလေးတစ်ယောက်အား သဘောကျပုံမျိုးနှင့် ရယ်သည်။ ပြီးတော့ သူက စတင်ပြီး သစ်ပင်ရိပ်တစ်ခုအောက်မှာ ရပ်လိုက်သည်။ ကျေးက



www.burmeseclassic.com

www.burmeseclassic.com



တုံးတစ်တုံးက ထိုင်ဖို့ တစ်နေရာစာပဲ ရှိတာကြောင့် ကျေးအတွက် နေရာချန်ထားပေးခြင်းပဲဟု နားလည်လိုက်ပါသည်။

"အမြဲတမ်းတော့ တောင်မတက်ရဘူးပေါ့ကွာ။ စကားကို ကတ်ပြောရင်တော့ အဲဒီလိုပေါ့။ ဒါပေမဲ့ ကျန်းမာရေးကောင်း အမောခံနိုင်တဲ့လူဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် တုပန်းသာတာတော့ အမှန်ပဲလေ"

ကျေးက သူ့စကားကို ပြန်လည်မချေပနိုင်အားသေး။ ကိုယ့်ဟာကိုယ် အမောဖြေနေတုန်း။ သူကတော့ သူ့စကားကို ကျေး လက်ခံသည်ဟု ထင်နေမှာကိုတော့ သနားစရာပါ။ ကျေးက ရေတစ်ငုံမော့ပြီးမှ သူ့ကို ပြန်စကားပြောနိုင်သည်။

"ရှင့်မှာ ရည်းစားရှိလား"

သူ့မျက်လုံးတွေဟာ ဖျတ်ခနဲတော့ အရောင်ပြောင်းသွားသည်ဟု ထင်သည်။ သို့သော် အဲဒီအရောင်ဆိုတာက ကျေးကို အဲဒီမေးခွန်းအတွက် သူ့စိတ်မှာ ဘယ်လိုမှ မထင်ဘူးဆိုတာ ပေါ်လွင်လို့နေသည်။ ကျေးပုံစံဟာ သူ့အတွက် ပလိန်းဆိုတာ ပေါ်လွင်နေမှာပါပဲ။

"ဘာဖြစ်လို့ သိချင်တာလဲ"





"မဟုတ်ပါဘူး ... သိချင်တယ်လည်း မရှိပါဘူး။ ရှင့်မှာ ရည်းစားရှိလို့ကတော့ ရှင့်ရည်းစားက ရှင့်ကို တော်တော် စိတ်ကုန်မှာပဲ ... လို့"

"ဟာ ... ဟ ... မင်း မရယ်နဲ့နော်။ ကောင်မလေးတွေက ကိုယ့်ဇိုဆို သိပ်ကြွေကြတာကွ"

ကျေးက နှုတ်ခမ်းကိုမဲ့ပြီး ပခုံးတစ်ချက် တွန့်မိသည်။ ပြီးတော့ သူ့ကို မနိုင့်နိုင်အောင် ပြောပါသည်။

"ကျွန်မစကားကို ရှင်မှ သဘောမပေါက်ဘဲ။ ကောင်မလေးတွေလို့ ပြောတာမှ မဟုတ်တာ၊ အပေါ်ယံ စပါးစေ့ တစ်ထောက်စာ အရေပြားအလှကို မက်မောပြီး ကြိုက်မိရင် နောက်မှ စိတ်ကုန်ရမှာကို ပြောတာ။ ရှင်းတယ်နော်"

သူက ကျေးကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြန်ကြည့်ကာ ခေါင်းခါယမ်းနေလေသည်။ ပြီးတော့ ကျေး မထင်ထားတာကိုလည်း ပြောလာသေးသည်။

"မင်းကလေ ငါ့ကိုများဆို ပြန်ပြောစရာ စကားလုံးတွေက တဒိုင်းဒိုင်းပဲနော်။ ဟိုတစ်ခါ တရုတ်တွေရှေ့ကျတော့ ပါးစပ်ထဲ အာစေးထည့်ထားသလို ပါးစပ်ကြီးကိုပိတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ။ အဲဒါက ရုတ်တရက် Shock ရသွားလို့။ အဲဒီလိုကြီး တစ်ခါမှ မကြုံဖူးတာ။ ဒါနဲ့ ရှင်က တရုတ်စကား ပြောတတ်တယ်နော်၊ သင်ထားတာလား ... ဟုတ်လား"

"မသင်လို့ ဘယ်လိုလုပ်တတ်မှာလဲကွ။ ငါ့အဖေက ပေါက်ဖော်ကြီးမှ မဟုတ်တာ"

"အင် ... သိပါဘူး။ တရုတ်စကားတတ်တော့ ထူးဆန်းနေသလားလို့"

"အင်း ... ဘာမှ မထူးဆန်းပါဘူး။ Language ဆိုတာ များများတတ်ထားလေ ကောင်းလေပဲလေ။ အင်္ဂလိပ်စာ တစ်မျိုးတည်းနဲ့ အလုပ်မှ မဖြစ်တော့တာ ...

အထူးသဖြင့် ငါ တရုတ်စာကို သင်ရတာက အကြောင်းရှိတယ်။ အရင် ဥက္ကဋ္ဌဆီမှာ စလုပ်တုန်းက တရုတ်တွေနဲ့ တွဲလုပ်ရမယ်ဆိုတော့ သိသိချင်းပဲ တရုတ်စာ ပြေးသင်တာ"

သူ စိတ်ပါလက်ပါ ပြောပြနေတာကို ကျေးကလည်း စိတ်ဝင်တစား နားထောင်နေမိသည်။ ဒီလူဟာ ကိုယ်နဲ့အပေါက်အလမ်း မတည့်ဘူး ဆိုပေမယ့်လည်း သူ့ရဲ့လုပ်ငန်းပိုင်းဆိုင်ရာ





တော်တတ်မှု၊ တတ်ကျွမ်းမှုတွေကိုတော့ အသိအမှတ်မပြုဘဲ မနေနိုင်ချေ။ သူ အလုပ်လုပ်နေပုံ၊ အလုပ်သမားတွေကို စီမံခန့်ခွဲပုံတွေကို မြင်တွေ့ရတာဟာ ကိုယ့်ကိုယ်ကိုယ် Confidence ရှိသော ပုံစံမျိုး။

အဲဒီလို အလုပ်မှာ တော်နေသူတွေကို ကျေးသဘောကျပါသည်။ အထင်လည်း ကြီး၏။

"အဲဒီဆိုက်မှာက မြန်မာနည်းတယ်လေ။ တရုတ်တွေချည်းပဲ အဓိက,ကတော့ Listening & Speaking ပေါ့"

"ဘာဖြစ်လို့ ရှင်က သင်တာလဲ"

"သူတို့လူလည်လုပ်တာ မခံချင်လို့ပေါ့။ ကိုယ်နဲ့ နှစ်,နှစ်လောက် လက်တွဲပြီး အလုပ်,လုပ်ရမယ့်သူတွေ ကိုယ့်ရှေ့မှာ တရုတ်လိုပြောပြီး လူလည်လုပ်နေမှာကို ဘယ်လိုမှ မခံစားနိုင်ဘူးလေ ...

နောက် ကိုယ်က ဘာသာစကားတစ်ခုကို တတ်ထားပြီးရင်လည်း ပြောနေဆိုနေမှ ပိုကျွမ်းကျင်တာ။ ဒီတော့ ငါ့ အတွက်က သူတို့နဲ့ စမ်းသပ်ပြောဆိုလို့လည်းရမယ်။ သူတို့လည်း ကိုယ့်ကို ရှိန်မယ်ဆိုတဲ့စိတ်နဲ့ အပတ်တကုတ် သင်ခဲ့တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သူတို့တွေ ကိုယ့်ရှေ့မှာ အတင်းမတုတ်ရဲတော့ဘူးလေ။ သူတို့နဲ့ အပြန်အလှန် စကားပြောရင်းနဲ့ တရုတ်စကားကို ပိုကျွမ်းလာခဲ့တယ်"

ကျေးက တယ်ဟုတ်ပါလား ဟူသော ပုံစံဖြင့် မျက်ခုံးပင့်မိသည်။ သူက အဲဒီလို စကားအကောင်းပြောတော့လည်း ကျေးက စိတ်လိုလက်ရ ပြန်ပြောဖြစ်ပါသည်။

"တကယ်တော့ ကျွန်မက ဒီအလုပ်ကို ကံကြောင့်ရခဲ့တာပါ။ ကျွန်မအဖေ ဆုံးသွားတဲ့နောက် ဥက္ကဋ္ဌက ပြန်ကြည့်ပေးတဲ့အထဲမှာ ဒီအလုပ်လည်း အပါအဝင်ပေါ့ ...

ဥက္ကဋ္ဌက ကျွန်မကို လုပ်နိုင်လား မေးပါသေးတယ်။ ကျွန်မက လောဘကြီးတယ်လေ၊ ပေးလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရ ဖမ်းဆုပ်ခဲ့တာ ...

သိပ်မထင်ရှားတဲ့ ကျူးလစ်ပ်ကို ပြင်ဦးလွင်ရဲ့စတားအဖြစ် မြင်ချင်တာလေ။ အရမ်းဖြစ်ချင်စိတ် အားကြီးတော့လည်း အမှားတွေ များခဲ့တာပေါ့"

"မင်းလုပ်ခဲ့တာတွေက မှားတယ်လည်း မဆိုသာပါဘူးကွာ"

သူက အဲဒီလိုပြောတော့ သူ့ကို ကျေးက ကျေးဇူးတင်စွာနှင့် မော့ကြည့်မိသည်။





"မင်းက လွဲလွဲလေးတွေ များနေတာပါ"

သူ့ရဲ့ ပြုံးစိစိစကားသံကြောင့် ကျေးက စိတ်မဆိုးတော့ဘဲ တစ်စုံတစ်ခုကို တွေးမိကာ ပြုံးရင်းခေါင်းညိတ်လိုက်သည်။

"ကျွန်မအမေ ပြောသလိုပေါ့။ မေမေက သိပ်စကားပြောတတ်တာ။ မေမေက အညာသူလေ။ အညာသူတွေက စကားပြောရင် ပုံတိုပတ်စနဲ့ ဥပမာနဲ့ ဆိုရိုးစကားနဲ့ အတိသယဝုတ္တိအလင်္ကာနဲ့ သိုင်းဝိုင်းပြီးပြောတာ"

"အေးပါ ... ကဲ ... ဟုတ်ပါပြီ။ မင်းအမေက မင်းကို ဘာပြောတာလဲ"

"ညည်းလွဲတာကတော့ ဘီအေပဲအေ ... တဲ့။ လွဲတဲ့နေရာမှာ ဘီအေ ပဲတဲ့"

"ဘာ ... ဘီအေလဲ"

"ဘွဲ့လေ။ အကြောင်းအရာတစ်ခု ဘာသာရပ်တစ်ခုမှာ သာမန်အားဖြင့်တော့ ဘီအေဘွဲ့ဆိုတာ လူတိုင်းရနိုင်တဲ့ အထဲက အမြင့်ဆုံးပဲ မဟုတ်လား ...

ကျွန်မ လွဲတာတွေက အလွဲတော့ အလွဲထဲမှာ ဘီအေဘွဲ့တောင် ပေးလို့ရတယ်လို့ မေမေက တင်စားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုလား"

"ဒီလိုပဲ"

ကျေးက ပြောင်စပ်စပ် ပြောတာကို သူက ပြုံးကြည့်နေသည်။ ပြီးတော့မှ တစ်ခုခုကို သတိရသွားဟန်ဖြင့် ...

"ကဲ ... သွားမယ် အစ်မ။ ကြာရင် နေပိုမြင့်လာတာ ကြုံရမယ်"

ကျေးက ရှံ့မဲ့ကာ ထလိုက်ရသည်။ အားတင်းပြီး ဆက်လျှောက်ရပါသည်။ ကိုယ့်အိတ်ထဲက ရေကုန်သွားသဖြင့် သူ့ဆီက ရေဘူးကို တောင်းသောက်ရသည်။ ဒီလိုနှင့် နားလိုက် လျှောက်လိုက်ဖြင့် နောက်ဆုံးတော့ ပန်းတိုင်ရောက်လာခဲ့သည်ပင်။ သူ ပြောသလို ဗိုက်တော့ အဖတ်ပြုတ်သွားသည်။ သိသိသာသာကိုပဲ ဘောင်းဘီချောင်ကျသွားတာကို တွေ့ရသောအခါ လက်ဖျားပင် ခါရလေသည်။

သူကတော့ ခုမှ နေသာထိုင်သာ ရှိတဲ့အတိုင်း။ အင်း ... ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကြံ့ခိုင်မှုနှင့် ကြိုးစားသင်ယူတတ်မှုတွေကိုတော့ ကျေး အတုယူရမည်လေ။





## ၁၄

ဘာလိုလိုနှင့် သူ ပြင်ဦးလွင်ကို ရောက်ခဲ့သည်မှာ တစ်လကျော် နှစ်လနီးပါး ရှိခဲ့ပြီ ဖြစ်လို့ မြို့လေးနှင့်လည်း အတော်အတန် ရင်းနှီးခဲ့ပြီဖြစ်သည်။ ထို့အတူ သူ ဆောက်လုပ်နေသော ဘန်ဂလိုများသည်ပင် ဖောင်ဒေးရှင်းမှ တက်လာခဲ့ပြီဖြစ်သည်။ ညီညီကတော့ နှစ်ထပ်တိုက်ဘက်ကို ဆောက်လုပ်နေတာမို့ တဖြည်းဖြည်း မြင့်တက်လာသော အဆောက်အအုံကို တွေ့ရသည်။ တစ်နေ့ တစ်နေ့ ဒီဆိုက်ထဲမှာပဲ အချိန်ကုန်ရပေမယ့်လည်း သူ့အတွက် ငြီးငွေ့ခြင်းအလျဉ်းမရှိခဲ့ပါ။

မနက်ဘက် ထပြေး၊ လုပ်ငန်းခွင်ဝင်၊ နားချိန်နား၊ ညနေဘက် မြို့ထဲသွားလည်ချင်လည်၊ ကော်ဖီဆိုင်လေးတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်ကုန်ထက်တောင် သာယာခမ်းနားသေးတာမို့ ဘဝဟာ အေးအေးချမ်းချမ်း ရှိလှသည်။ အထူးသဖြင့် ညနေဆည်းဆာမှာ လွမ်းမောစရာ အရိပ်တချို့ လွှမ်းသက်နေသော ပြင်ဦးလွင်ညနေခင်းတွေမှာ အင်္ဂလိပ်ဘုရားရှိခိုးကျောင်းရှိသော လမ်းတစ်လျှောက် လမ်းလျှောက်ထွက်ရတာကို အနှစ်သက်ဆုံးပါပဲ။

မြို့ထဲက down town ဟာ ဥရောစတိုင်လ်ဖြစ်ပြီး Classic ဆန်သော အငွေ့အသက်ကို ပေးသည်။ မြို့တစ်မြို့လုံးကတော့ ကိုလိုနီခေတ်က အငွေ့အသက်တွေ မကုန်သေးဟန်ဖြင့် အေးချမ်းအဆင့်မြင့်စွာ တည်ရှိနေတာကို သဘောအကျဆုံးပဲဖြစ်ပါသည်။ သင်္ကြန်တွင်းတုန်းက တော်တော်ရှုပ်ယှက်ခတ်ခဲ့သော ပြင်ဦးလွင်ဟာ ခုတော့လည်း ဧည့်သည်တွေ ပြန်သွားသော အိမ်ရှင်တစ်ဦးပမာ လွမ်းဆွေးစွာ ကျန်ရစ်ခဲ့သည်ဟု ထင်ပါသည်။

သူတို့ ကျူးလစ်ပ်သည်လည်း သင်္ကြန်တွင်းတုန်းက စည်ကားခဲ့သလောက် သင်္ကြန်လည်း ပြီးသွားသောအခါ တိတ်ဆိတ်သွားသည်။ သူကတော့ သူ့အလုပ်သူ ပုံမှန်လုပ်နေတာမို့ ဘာမှ မသိသာပေမယ့် ဟိုတယ်မှာ လူနည်းသွားတာကို ဂျာလေးက ကျေနပ်ပါ့မလား။





သူမနဲ့သူဟာ ပုံမှန်အားဖြင့်တော့ မနက် Breakfast တိုင်း ဆုံသည်။ တစ်ခါတလေ သူနှင့်အတူ ဆောက်လုပ်ရေးအဖွဲ့တွေစားဖို့ Tea Time အချိန်မှာ ဝိတ်တာတစ်ယောက်နှင့်အတူ လက်ဖက်ရည်၊ ကော်ဖီနှင့် မုန့်တစ်မျိုးမျိုး ဒါမှမဟုတ် ပေါ့ပေါ့ပါးပါး စားစရာများ လာညှော့ခဲ့တတ်သည်။

ဒီနေ့တော့ ဝိတ်တာတွေကပဲ ငှက်ပျောပေါင်း လာကျွေးသွားကြကာ သူမကိုတော့ မမြင်မိသေးချေ။ ညနေစောင်းတဲ့အထိ မတွေ့မိသောအခါ သူက ရီဆပ်ရှင်ဘက်သို့ ကူးလာခဲ့သည်။ သူ့ လုပ်ငန်းခွင်လည်း ပြီးဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

"ဒေါ်ကျေးကျေးကျော်ကို မတွေ့ပါလား"

ကောင်တာမှာ ထိုင်နေသော မချိုသဲကို သူကနှုတ်ဆက်ရင်း မေးမိသည်။

"ဒေါ်ကျေးကျော်ကျော် အပြင်ထွက်သွားတာ နေ့ခင်းတည်းကပဲ။ ကိစ္စတစ်ခုရှိလို့ဆိုပြီး ထွက်သွားတာ။ ဘာဖြစ်လို့လဲ ကိစ္စရှိလို့လား"

"ဩော် ... အထွေထူးတော့ မရှိပါဘူး။ အမြဲတမ်း သွက်သွက်လက်လက်နဲ့ တွေ့တွေ့နေရတဲ့ ဂျာလေးကို မတွေ့ရတော့ တစ်မျိုးဖြစ်နေလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... ဟုတ်တယ် နေခြည်ရေ။ ကျေးကျေးက အလုပ်မှာတော့ တက်ကြွသွက်လက်နေတာပဲ။ နေရာတကာ သူ မပါရင်မပြီးဘူး ထင်ထားတာ။ ဟို အောက်ခြေကအစ ဟိုး ထိပ်ဆုံးထိ သူ လုပ်ရမှ ကျေနပ်တာ ...

ကျူးလစ်ပ်ကိုလည်း သူက သိပ်အောင်မြင်စေချင်တာလေ။ တစ်နေ့ တစ်နေ့ internet မှာ ဟိုတယ်နဲ့ဆိုင်တဲ့ စာတွေ ဖတ်ရတာလဲအမော"

မချိုသဲ ပြောတာကို သူက ခေါင်းတညိတ်ညိတ် ထောက်ခံမိသည်။ တကယ်ကိုပါပဲ သူမကို အလုပ်,လုပ်တမ်းကစားနေသည့် ကလေးတစ်ယောက်ဟုသာ မြင်မိတော့သည်။ ဟိုနေရာလည်း သူပါ၊ ဒီနေရာလည်း သူပါ၊ Manage လုပ်ဖို့ အားမသန်ဘဲ ကိုယ်တိုင်ဝင်လုပ်ဖို့သာ အားသန်နေသလား မပြောတတ်တော့ပါ။

"ဟက် ... ဟက် ... ရည်းစားနဲ့များ သွားချိန်းနေလား မသိဘူး"

"ကျေးကျေးက ရည်းစားမရှိပါဘူး"

"ဟုတ်လား။ အစ်မက ဘယ်လိုလုပ် သိမှာပဲ။ လျှို့ထားရင်ရော"





"အမယ်လေးကွယ်။ ကျေးကျေးလား လျှို့မယ်။ အဲဒီကောင်မလေးက သူများနားမထောင်ချင်ရင်တောင် ဖွတ်ပြောမယ့်ပုံစံမျိုး။ အင်း ... ခုလည်း ဒီနားခဏဆိုပြီး ဘယ်ရောက်သွားပြန်လဲ မသိဘူး။ ဖုန်းဆက်ကြည့်ဦးမှ"

မချိုသဲက သူ့ရှေ့တင် ဖုန်းခေါ်နေသည်။ သုံးလေးခါလောက် ဖုန်းကိုနှိပ်ပြီးနောက် မျက်မှောင်ကြုတ်ကာ သူ့ကိုပြောသည်။

"ဘာဖြစ်တာလဲ မသိဘူး။ ဖုန်းကလည်း ဆက်သွယ်မှုပြင်ပ ပြောနေတယ်"

သူက မချိုသဲကိုကြည့်ပြီး ဘာပြန်ပြောမှန်း မသိချေ။ နောက်တော့ သူ့ဖုန်းနှင့် ခေါ်ကြည့်သည်။ သူ့ဖုန်းနဲ့လည်း ဆက်သွယ်မှုပြင်ပ။ နောက်တစ်ခါ ထပ်ခေါ်တော့ စက်ပိတ်ထားသည်ဟု ဖြေလိုက်လျှင် သူ တော်တော်မျက်လုံးပြူးသွားသည်။ အပြင်ဘက်မှာ နေကလည်း ဝင်တော့မည်။ သူ့စိတ်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ ထင့်ပြီး သူမအတွက် စိတ်ပူလာပါသည်။

"ဖုန်းက ပိတ်သွားပြီ။ ဘာဖြစ်တာလဲ မသိဘူး"

"အေးဟယ် ... ဘာဖြစ်တာပါလိမ့်။ မိုးတောင်ချုပ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အချိန်မှာပဲ တဖုန်းဖုန်း တဒိုင်းဒိုင်း စက်သံညံညံနဲ့အတူ ဟိုတယ်ထဲသို့ ထွေလာဂျီတစ်စင်း [illegible]တာကို တွေ့ရသဖြင့် သူ့မျက်ခုံးက ပင့်တက်သွားသည်။ မချိုသဲနှင့်အတူ အခြားဝန်ထမ်းတွေကလည်း ဘာပါလိမ့်ဟု စူးစမ်းကြည့်ကြသည်။ ထွေလာဂျီက ရီဆပ်ရှင်ရှေ့မှာ ရပ်သွားပြီး ဆင်းလာသူက ...

"ဟယ် ... ကျေးကျေး"

"ဟာ ... ဂျာလေး"

"ဘယ်လိုဖြစ်တာလဲ မမ"

သူမက ဝမ်းနတ်ဆေးစားထားပြီး အိမ်သာတက်ခွင့်မရသော မိန်းမတစ်ယောက်ရဲ့မျက်နှာမျိုးဖြင့် သူတို့ကို မချိုမချဉ်ရယ်ပြသည်။ ပြီးတော့ ထွေလာဂျီဘက်သို့ လှည့်ကာ ...

"ကျေးဇူးအများကြီး တင်ပါတယ်ရှင့်။ ဟင်း ဟင်း"

ထွေလာဂျီက တဖုန်းဖုန်း တဒိုင်းဒိုင်းဖြင့် ပြန်လည်ထွက်ခွာသွားလျှင် သူမက သူတို့ဘက်သို့ လှည့်လာကာ သွားဖြဲလေးနှင့် ရယ်ပြရင်း ...

"ကျေး ပင်ပန်းနေလို့ နားလိုက်ဦးမယ်။ နောက်မှတွေ့မယ်နော်"





အားလုံးကို ပြောသလိုလိုဖြင့် သူ့ကို နောက်ဆုံးမှာ ဖျတ်ခနဲ ကြည့်သွားသော မျက်လုံးက အပြစ်လုပ်ထားသူလိုလို၊ ရင်မဆိုင်ရဲသလိုလို အရိပ်များ ယှက်သိုင်းနေသည်။ သူ သက်ပြင်းတစ်ချက် ချလိုက်တုန်းမှာပဲ သူမက လှစ်ခနဲ ကွယ်ပျောက်သွားတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဖြစ်နိုင်လျှင် မနက်ဘက် ဧည့်သည်တွေကို Break fast ကျွေးရာ Dining Room ရှိရာသို့ ကျေး မဆင်းချင်ပေ။ မနေ့က ထွေလာဂျီစီးပြီး ပြန်လာခဲ့သောကိစ္စကို ဟိုတယ်တစ်ခုလုံး စိတ်ဝင်စားသောကြောင့် သူတို့နှင့်လည်း မျက်နှာချင်းမဆိုင်လို။ သို့သော် ဟိုတယ်မှာ ဥက္ကဋ္ဌ၏မိတ်ဆွေ ဌာနဆိုင်ရာလူကြီးတစ်ယောက် လာတည်းနေသဖြင့် ကျေးမှာ Breakfast အချိန်၌ မျက်နှာထွက်ပြရသည်။

"ဒေါ်ဘီအေ"

ဘူဖေး ထမင်းကြော်က နည်းနေပြီမို့ ထပ်ကြော်ထားဖို့ ပြောနေတုန်းမှာပဲ ကျေးရဲ့နောက်ကနေ၍ အသံထွက်လာ





သဖြင့် ဆတ်ခနဲတောင် တုန်သွားလား ထင်ရသည်။ လူကို ဘယ်အချိန်ထဲက ချောင်းနေခဲ့လဲ မသိ။

"ဘာ ဒေါ်ဘီအေလဲ"

"ဟုတ်တယ်လေ။ မင်းနာမည်ကို အဲဒီကိုပဲ ခေါ်လိုက်တော့မယ်။ ကဲ ... ပြောစမ်းပါဦး။ ထွေလာဂျီနဲ့ ပြန်တော်မူလာတဲ့ ကိစ္စကို"

ကျေးက နှာခေါင်းကို ပွိစိ ပွစိ လုပ်လိုက်သည်။ ပြီးတော့ မသိချင်ယောင်ဆောင်ပြီး စကားကို ပေါ်တင်လွဲလိုက်သည်။

"ရှင် ပဲပြုတ်နဲ့ ထမင်းဆီဆမ်း စားချင်ရင် ကိုအောင်ကို လုပ်ခိုင်းလို့ ရတယ်နော်။ အဲဒါက သပ်သပ်မှာရတာ။ ဆိတ်သားခြောက်လည်း ရတယ်"

"ငါ မေးနေတာ ပဲပြုတ်နဲ့ ဆိတ်သားခြောက် အကြောင်း မဟုတ်ပါဘူး။ စကားတွေ ဘာလို့ လျှောက်လွှဲနေတာလဲ ဒေါ်ဘီအေ"

"ဘာဒေါ်ဘီအေလဲ။ ရှင်နော် ... ကျွန်မကို နာမည်လာ မဖျက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ဖျက်တာ မဟုတ်ဘူး။ နာမည့်ပေးတာ"

"နာမည်လည်း မပေးနဲ့"

ကျေးက ရှုကောက်ကာ ပြောသည်။ စိတ်ညစ်တယ် ဘယ်လိုများ လုပ်ရပါ၊ ပြောရင်လည်း နဂိုတည်းက ကျေးကို အထင်မကြီးသောလူက ပို၍အထင်သေးဦးမည်။ ဒီလောက်မှ အသုံးမကျရကောင်းလားဆိုကာ။ မပြောလည်းဘဲ ထွေလာဂျီ ပေါ်မှာ ငုတ်တုတ်လေးထိုင်ပြီး ပြန်လာသောကိစ္စဟာ လယ်ပြင်မှာ ဆင်သွားသလို ထင်းထင်းကြီး ပေါ်နေပြီးသားပဲ မဟုတ်လား။ မချိုသဲကိုတော့ ညက ပြောပြီးပြီ။ ကျေးကို အမြဲဖေးမခဲ့တဲ့ မချိုသဲတောင် ဒီတစ်ခေါက်တော့ အပြစ်တင်သေးသည်။ အတင့်ရဲလို့တဲ့။

"မင်း Breakfast စားပြီးပြီလား"

"ဟင့်အင်း"

"မောင်လွင် … ယူရိုပီယမ် Breakfast ယူခဲ့ကွာ၊ နှစ်ယောက်စာ"

အံမယ် … သူ့သဘောနှင့်သူမှာပြီး ကျေးကိုလည်း ထိုင်ဆိုသော သဘောနှင့် ခုံကို မေးဆတ်ပြလိုက်သေးသည်။





လူကို ဆရာကြီးအထာနှင့် လာဆက်ဆံနေသော သူ့ကို ကျေးက အမြင်ကတ်စွာနှင့် ရန်ထောင်မိသည်။

"နေပါဦး … ဘယ်သူက ယူရိုပီယမ် စားမယ်ပြောလို့လဲ။ သူ့သဘောနဲ့သူ လျှောက်မှာနေတယ်"

"မင်းခေါင်းထဲမှာ ဘာစားရဦးမယ်တောင် အစီအစဉ်ဆွဲမထားရသေးဘူး မဟုတ်လား။ မှာပေးတာပဲ ကျေးရူးတင်။ ကဲ … ပြောစမ်းပါဦး။ မင်းရဲ့ဘီအေအလွဲ အကြောင်းကို"

ကျေးက သက်ပြင်းတစ်ချက်ကို ဆောင့်ခနဲချလိုက်သည်။ ပြီးတော့ သူ့ကို ခပ်ရူးရူး စိုက်ကြည့်လိုက်လျှင် သူကလည်း ကျေးကို မလျှော့သောမျက်လုံးပြူးနှင့် ပြန်စိုက်ကြည့်နေတာကို ကြုံရသည်။ ပြောဖို့ ပါးစပ်ပြင်ပြီးမှ ကျေးသည် မဝံ့မရဲ ပြန်ဖြစ်သွားကာ စိတ်ကူးက ပြောင်းသွားပြန်သည်။

"ဟို … ရှင် … ဘာကိစ္စ သိချင်နေရတာလဲ။ မသိလို့ရော ဘာဖြစ်မှာလဲ"

"မင်းကရော ပြောရမှာကို ဘာလို့ ဒီလောက် တွန့်နေရတာလဲ"

"ပြောရင် … ရှင် မရယ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မရယ်ရဘူးဆိုမှ သူ့ပုံစံက ရယ်ချင်သလို ဖြစ်သွားသည်။ သခွားရောင်ရှပ်အင်္ကျီဟာ သူနှင့် ဖစ်တင်ဖြစ်ပြီး ဘယ်ဘက်ရင်ဘတ်မှာက ကချင်ဆင် မနော့ကွက်လိုလို ဘာလိုလို ဒီဇိုင်းကပါသေး။ အပြင်မှာ မြင်ဖူး တွေ့ဖူးသော အင်္ကျီပုံစံမျိုး မဟုတ်ဘဲ ဒီဇိုင်နာချုပ်ပေးလိုက်သော ပုံစံနှင့်တောင် ဆင်တူနေသည်။ ကျေးက သူ့အင်္ကျီရင်ဘတ်မှ တစွန်းတစပေါ်နေသော ရွှေဆွဲကြိုးလေးကိုကြည့်ကာ အတွေးပေါ်သွားသည်။

"ရှင့် မေးတာ ကျွန်မ ဖြေမယ်။ ဒါပေမဲ့ ကျွန်မမေးတာ ရှင် အရင်ဖြေပေး"

ဘာလဲ ဟူသော မေးခွန်းကိုတော့ သူက မျက်မှောင်ကြုတ်ကာ အသံတိတ်မေးသည်။

"ဒီအင်္ကျီကို ရှင် ဘာလို့ ဝတ်တာလဲ"

မျှော်လင့်မထားသော ကျေးရဲ့စကားကြောင့် သူ့မျက်မှောင်က ပိုကုတ်သွားသည်။ ပြီးတော့မှ "ရှိလို့ ဝတ်တာပေါ့" ဟူသော ဖြေသံထွက်ပေါ်လာလျှင် ကျေးက လှစ်ခနဲပြုံးကာ ...

"ကျွန်မလိုချင်တာ အဲဒီအဖြေ မဟုတ်မှန်း ရှင်သိပါတယ်"





"ကျွတ် ... ငါ့သူငယ်ချင်း ဒီဇိုင်နာတစ်ယောက်က လက်ဆောင်အနေနဲ့ ချုပ်ပေးထားတာ။ ဘာဖြစ်လို့လဲ ဒီအင်္ကျီက မင်းအတွက် တော်တော်စိတ်ဝင်စားစရာ ဖြစ်နေလား။ လိုချင်လို့လား"

"ဩော် ... ထင်သားပဲ။ ဒီဇိုင်နာလက်ရာကိုး ... ဟုတ်ပါပြီ၊ ကဲ ... ကျွန်မပြောပြမယ်။ ကျွန်မ မနေ့က နောင်ချိုကိုသွားတာ"

"နောင်ချို ! ဘာသွားလုပ်တာလဲ"

"ဟိုဒင်းပါ ... မြေကွက်တစ်ကွက် သွားကြည့်တာပါ"

"မြေကွက်တစ်ကွက် ! ဘာလုပ်ဖို့လဲ"

"ကျွန်မ မိတ်ဆွေတစ်ယောက်က ဝယ်ချင်တယ်ဆိုလို့"

"အင်း ... အဲဒီတော့"

"ဟိုရောက်တော့ မြေကွက်က လမ်းမကြီးနဲ့ တော်တော်ဝေးဝေး ဟိုးအထဲထဲမှာ တော်တော်ရှာရတယ်။ တွေ့တော့လည်း အဲဒီ ပိုင်ရှင်က စကားမပြောတတ်တဲ့လူ ဖြစ်နေတယ်လေ။ သူ ပြောတာတွေလည်း ကျွန်မက နားမလည် အဲ ... လက်ဟန်ခြေဟန်နဲ့ ပြောတာတွေကိုပေါ့။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ရူးရူးဝါးဝါး အာဘားဘား ဖြစ်နေတုန်းမှာပဲ မိန်းမတစ်ယောက်က ရောက်လာတယ် ...

နောက်တော့မှ သိရတာက အဲဒီစကားမပြောတတ်တဲ့ လူက စိတ်ပါမနှံ့ဘူးတဲ့။ မြေကွက်ရောင်းမယ် ဆိုတာကလည်း လျှောက်ပြောတာတဲ့။ မရောင်းပါဘူးဆိုပြီး ပြောလိုက်တာနဲ့ ကျွန်မ ပြန်လာခဲ့တာပဲ"

ကျေးက ပြောရင်းနှင့် မောလာဟန်ဖြင့် ခေတ္တနားလိုက်လျှင် သူက သိပ်သိချင်သော အကြောင်းအရာကို ဆက်မေးသည်။

"မင်း သွားတော့ မင်းကားနဲ့ မင်းသွားတာ မဟုတ်လား။ ထွေလာဂျီနဲ့က ဘယ်လိုဖြစ်တာလဲ"

"အဲဒါက ဟို ... ကားဆီကုန်းသွားလို့"

"ဟာ ... မင်း သွားတည်းက ဆီကို ကြည့်မသွားဘူးလား"

"အင်း ... ကျွန် ... မ ... လည်း ..."

ကျေးက နားထင်ကို လက်ညှိုးနှင့်ကုတ်ကာ လူကတွန့်လိမ်သလို ဖြစ်လာသည်။ ကျေးကို အပြစ်တင်သလို ကြည့်နေသည့် မျက်လုံးတွေအောက်မှာ ကျေး ကျုံးကျုပ်လာပါသည်။





ဒါကြောင့် စိတ်ကိုတင်းပြီးနောက် ခေါင်းကို ဆတ်ခနဲ မော့လိုက်ကာ ...

"**ဒီမှာ** ... ရှင် ... သိချင်တာ သိရပြီ မဟုတ်လား။ ကျွန်မ လုပ်စရာရှိသေးလို့ နောက်မှပဲ အေးဆေးတွေ့မယ်ရှင်၊ သွားလိုက်ဦးမယ်"

ပြောလည်းပြော ထိုင်ရာကနေလည်း ဆတ်ခနဲ ထလိုက်သော ကျေးကို သူ့မှာ တားဖို့ရာ မစွမ်းလိုက်ပါ။ သူ ဘာမှမပြောနိုင်သေးခင်မှာပဲ ကျေးခြေလှမ်းများကလည်း ခပ်သွက်သွက် ထွက်လာမိခဲ့သည်။ တကယ်ပါပဲနော်၊ ကျေးလည်း ကိုယ့်ကိုယ်ကိုယ် ထုရိုက်ချင်နေတော့တာပါပဲ။ အမိက,က ပွဲခလိုချင်သော ကိုယ့်လောဘရယ်၊ သေချာမစူးစမ်း မဆင်ခြင်သော ကိုယ့်အပြစ်နှင့်အတူ ကားထဲမှာ ဆီရှိ,မရှိ သေချာတောင် မကြည့်ခဲ့သည့် ကိုယ့်ရဲ့ပေါ့ဆမှုများကို ကိုယ့်ဘာသာတောင် ခွင့်မလွှတ်ချင်တာပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

စိတ်ကူးထဲမှာ ကျေးသည် အိမ်နောက်ဖေး ဈေးဆိုင်တည်နေသည်။ ကျူးလစ်ပ်ကို အခြားဟိုတယ်တွေနှင့် ကွဲပြားခြားနားကာ ဘယ်လိုထူးထူးဆန်းဆန်းတွေလုပ်ရင် ကောင်းမလဲဟု နေ့ရှိသရွေ့ စဉ်းစားကာ ခုလည်း ဘယ်သူမှ မတွေးမိသေးသော Idea အသစ်ရသည်ဆိုကာ ပျော်နေမိသည်။ မကြာခင် မိုးတွင်းရောက်တော့မှာ ဖြစ်သည့်အတွက် ကျေးဟာ ဟိုတယ် Kitchen ရဲ့ဘေးက မြေကွက်လပ်ကျယ်ကို သီးပင်စားပင်လေးတွေ စိုက်ပျိုးဖို့ စိတ်ကူးရသည်။ အထူးသဖြင့် ပိုးသတ်ဆေးလုံးဝမသုံးဘဲ သဘာဝအတိုင်း စိုက်ပျိုးသော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ဧည့်သည်တွေ စိတ်တိုင်းကျ ခူးဆွတ်ပြီး လတ်လတ်ဆတ်ဆတ် စားသုံးစေမည့် အစီအစဉ်ဖြစ်သည်။





ပြောရလျှင်တော့ Organic အစားအစာမျိုးကိုသာ ဝန်ဆောင်မှုပေးသွားမှာတည်း။ ဒီ့အတွက် ကျန်းမာရေးဗဟုသုတရှိသော ဖော်ရိန်နာများနှင့် မြန်မာမိသားစုအချို့လည်း စိတ်ဝင်စားကြမည်ဟုထင်ပါသည်။ ဥက္ကဋ္ဌမှာ မိုးကြိုးပစ်ရွာ၊ ရေချမ်းအိုးစတာတွေမှာ စိုက်ပျိုးမြေတွေ ရှိထားမှန်း သိသဖြင့် အဲဒီမှာပဲ Organic သစ်သီးပင်တွေ စိုက်ပျိုးဖို့ အစီရင်ခံစာ တင်ရဦးမည်။ ဒီလိုနှင့် ကျူးလစ်ပ်သည် Healthy Life Style ဖြင့် Brand တစ်ခုဖြစ်ဖြစ် ...

"ကျွီ ... ဒုတ် ..."

စိတ်ကူးနှင့် နန်းတော်တည်နေသည့် ကျေးမှာ လမ်းချိုးတစ်ခုကနေ ရုတ်တရက် ကွေ့လာသော အမည်းရောင် ဆိုက်ဂနက်ဇ်ကားကြီးနှင့် ဘွားခနဲ တွေ့လိုက်ရသည့်အခါဝယ် လန့်ဖျပ်ပြီး စင်တီရာတိုင်ကို ဆွဲကွေ့ရှောင်မိသည်။ သို့သော် ရှောင်ကာမှ ပိုဆိုး။ ကျေးရဲ့နောက်မြီးက ဆိုက်ဂနက်ဇ်ကို သွားရိုက်မိသည်။ "သွားပြီ"ဟူသော အသံတွေက ကျေးရဲ့နားထဲမှာ ပင့်တင်သွားလျက် ကားကို ကျွီခနဲ ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားပေါ်မှ ချက်ချင်းမဆင်းသေးဘဲ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်သွားအောင် အရင်လုပ်ရသည်။ လက်သီးကိုတင်းတင်းဆုပ်ပြီး I can do ! I can do ! Ok မှာ Ok မှာ”ဆိုတာကိုလည်း ဂါထာရွတ်သလို ရွတ်နေမိသည်။ ပြီးတော့မှအသက်ကိုဝဝရှူကာ ကားပေါ်မှ ဆင်းလာသည်။ ဆိုက်ဂနက်ဖ်ဘက်ကတော့ ဆင်းမလာသေး။ ကျေးရဲ့မျက်လုံးများက ဆိုက်ဂနက်ဖ်ရဲ့ နောက်ဘေးဘက်သို့ အကြည့်ရောက်သွားလျှင် လျှာတစ်လစ်ထွက်ချင်သွားသည်။

ဆိုက်ဂနက်ဖ်မှာ အဖြူရောင်ထ,သွားသော အစင်းကြောင်းရာငယ်နှင့်။ သိပ်အကြီးကြီးတော့လည်း မဟုတ်။ သို့သော်မသိမသာလည်းမဟုတ်။ ကျေးက စိတ်ပျက်စွာနှင့် နှုတ်ခမ်းကိုကိုက်မိသည်။ ထိုစဉ်မှာပဲ ကားတံခါးက ချပ်ခနဲပွင့်လာကာအထဲမှ ဆင်းလာသော ဦးခေါင်းကို တွေ့မြင်လိုက်ရသည်။ဒီဘက်သို့ ချာခနဲ လှည့်လိုက်သော မျက်နှာက ကျောက်သားဖြူတစ်ခုနှယ် တင်းရင်းအေးစက်နေသည်။

ကျေးက မိန်းကလေးချင်းမို့ အားတက်သွားမည်ကြံသော စိတ်များမှာ သူ၏မျက်နှာကို တွေ့သောအခါ စိတ်ဓာတ်





များပင် ကျရလေသည်။ ဟောင်ကောင်မိုဒယ်တစ်ယောက်ကိုတွေ့မြင်နေရသည့်အလား မြင့်မားသွယ်လျ ဖွေးဆွတ်နေသောအမျိုးသမီးမှာ မြင်လိုက်တာနှင့် တော်တော်စာန်ဖိုးကြီးမှန်း သိသာသော မျက်မှန်အညိုရောင်ကြီးကို တပ်ထားကာ ပန်းဆီရောင်ကုတ်အတို၊ စိမ်းနုရောင် မီနီစကတ်တို၊ မြင့်ရတဲ့အရပ်ကိုမှ အားမနာစီးထားသော လေဒီရှူးအမြင့်ကြီး ပန်းရောင်တို့ဖြင့် တောက်ပြောင်သားနားလွန်းသော သူတစ်ယောက် ဖြစ်ပါသည်။

သူ့ရှေ့မှာ ကုပ်ချောင်းချောင်း ရပ်နေသော ကျေးကတော့ ချည်သားအင်္ကျီ အပွင့်ရောင်စုံဒီဇိုင်းနှင့် ဝတ်နေကြ ဂျင်း(န်)တစ်ထည်နဲ့သာပါပဲ။ ကျေးက ခြေတစ်လှမ်း ထပ်တိုးကပ်သွားသည့် အခိုက်မှာပဲ သူမထံက တန်ဖိုးကြီးရေမွှေးနံ့ကို ရှူရှိုက်မိသည်။

“ဟို ... ကားနည်းနည်း ထိသွားတယ်။ အဲဒါ ဆောရီးနော်”

တစ်ဖက်က အမျိုးသမီးက မျက်မှန်ကို ဟန်ပါပါပင့်လိုက်ရင်း ...

“ဒါက အဲဒီလို ဆောရီးလောက်နဲ့ ပြီးရမယ့်ကိစ္စမျိုးလား”



www.burmeseclassic.com

www.burmeseclassic.com



အသံက ... အသံက ...။ ဟိုး ... [illegible]
ကျလာသော လေသံမျိုးဖြစ်ကာ အထက်စီး[illegible]
တရော်ကင်ပွန်းသီးသံလိုလို ကျောက်ကျောသံလိုလို ချွဲပျစ်နေသေးသည်။ အူး ... အထက်စီးဆန်ပြီး မာကျောနေတာ မဟုတ်ဘဲ အထက်စီးက ချွဲညှောင်ညှောင်အသံမျိုးရအောင် ဘယ်လိုများလေ့ကျင့်ထားပါလိမ့်။

ကျေးက လက်တစ်ဖက်ကို ကာပြလိုက်ရင်း ...

"ဆောရီးနဲ့တော့ မပြီးပါဘူး။ ဟို ... ကျွန်မ တာဝန်ယူပေးပါမယ်"

အဲဒီစကားကြောင့် သူမက မျက်မှန်အောက်က မျက်လုံးများဖြင့် ကျေးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ကျေးရဲ့ ကားကိုလည်း လှမ်းကြည့်တာ တွေ့ရသည်။ သိန်း ၂၉၀၀ ကျော်တန်လောက်တန်သော ကားကို စီးလာသောသူမက ကျေးရဲ့သိန်းနှစ်ရာကျော်တန် ကားလောက်ကို အထင်တသေးကြည့်တဲ့ ပုံစံမျိုးဖြစ်ပါသည်။ ကျေးက မသိမသာ ပခုံးတွန့်မိသည်။ တာဝတိံသာ ညှောင်နာနာက ဘာများပြောဦးမှာပါလိမ့်။

"ဘယ်လို တာဝန်ယူပေးမှာလဲ"





"ဟို ... အကောင်း ... အတိုင်းပေါ့"

"အကောင်းအတိုင်း ! ။ အော်ရီဂျင်နယ်လ်ကို ပြောတာလား"

လက်ဟန်လေးက ပါလိုက်သေး။ အမယ်လေး ... ခေါင်းမှာ ဒိုင်ယာနာဆောင်းသလို ဦးထုပ်လေးပါ ဆောင်းလိုက်ပါဦးလား။ ဒါမှ တော်ဝင်မင်းသမီးနဲ့ ပိုတူသွားအောင်လို့လေ။

"အင်းပေါ့ ... ကျွန်မကြောင့် ဖြစ်တာဆိုတော့ ကျွန်မမှာ တာဝန်ရှိတယ်လေ။ ဒီ့အတွက် ဒီက အစ်မ စိတ်ကျေနပ်အောင် လုပ်ပေးမှာပါ"

ကျေး စကားကို သူမက ဟာသတစ်ပုဒ်ကို ကြားရသည့်အလား တဟက်ဟက် ရယ်မောသည်။

"တို့က စိတ်ကျေနပ်မှာတော့ မဟုတ်ဘူး"

ကျေးက ဘာမှပြန်မပြောဘဲ သူမကိုသာ စိုက်ကြည့်နေမိသည်။ မျက်မှန်အောက်က မျက်လုံးများက ကျေးကို အထင်မြင်သေးသလို ကြည့်နေမှာကို မလိုလားပါ။ ဖြစ်နိုင်လျှင် အဲဒီ မျက်မှန်ကြီးကို ဆွဲယူချွတ်ပစ်ချင်လှသည်။ တောက် ... ငါ့နယ် နော် တကယ့်ဟာနဲ့မှလာတွေ့ရတယ်လို့။ မိကျေးရေ ... ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်စဖူး တင်မိတယ်ဟေ့။



www.burmeseclassic.com

www.burmeseclassic.com



"ယူ စဉ်းစားကြည့်လေ။ ဒီကားက အစက ဘာမှထိခိုက်ခံခဲ့ရဖူးတာ မဟုတ်ဘူး။ အကောင်းလေ။ New လေ။ အခု ဖြစ်သွားပြီ။ အဲဒီဖြစ်သွားတာကို သူ့နဂို အော်ရင်ဂျီနယ်အတိုင်း ပြန်လုပ်တယ်ဆိုပေမယ့် Retry ပဲလေ ...

အော်ရီဂျင်နယ်လ်မှ မဟုတ်တော့တာ။ ကားက နဂိုအတိုင်း ဘယ်လောက်ဖြစ်တယ်ပဲပြောပြော တို့ စိတ်ထဲမှာတော့ အော်ရီဂျင်နယ် မဟုတ်တော့ဘူး"

ကျွတ် ... ဒါဖြင့်ရင်လည်း မလုပ်နဲ့ပေါ့ဟာ။ တကယ်ပါပဲ ရှူးချင်သည်။ သူ့ဒွေးသမီး ဝေါက်သီးနှင့် လာတွေ့နေသလား မပြောတတ်ပါ။

"ဟုတ်ပါပြီ။ အခု ကျွန်မ ဘာလုပ်ပေးနိုင်မလဲ ဆိုတာပဲ တစ်ဆိတ်ပြောပါ"

"အင်း"

သူမက စိန်လက်စွပ် ဝတ်ထားသော အင်မတန်လှပသည့် လက်ချောင်းများကို ကော့ညွှတ်ကာ ကားထိထားသော နေရာသို့ သွားကြည့်သည်။ လက်ဟန်အနေအထားက ဘယ်သူနဲ့တူပါလိမ့်ဟု အသည်းအသန် စဉ်းစားနေသော ကျေးမှာ Pirates of Carbbean ရုပ်ရှင်ဇာတ်ကားထဲမှ ဂျက်စပဲရိုးရဲ့လက်





လိုမျိုး ကော့ကော့ ကော့ကော့ ထောင်ထားတာနှင့်တူမှန်း သိရလျှင် ရယ်ချင်စိတ်က လှိုက်တက်သွားရသည်။

"ထိထားတာလေးက မပြောပလောက်တဲ့ နေရာလေးပါ။ ဒါပေမဲ့လည်း ထိထားတာတော့ ထိထားတာပဲပေါ့နော်"

ဒါပဲပြောနေ။ ကျေးက စိတ်ထဲကနေ မကျေနပ်စွာ ပြောမိသည်။

"ဒီလို လုပ်ပါ"

လက်တစ်ဖက်ကပိုက်၊ တစ်ဖက်က လက်ညှိုးတစ်ချောင်းထောင်ကာ ပြောပုံက သူ့လက်အောက်က ဝန်ထမ်းကို အမိန့်ပေးသည့်နှယ်။ ကျေးသည် ကိုယ်က အပြစ်လုပ်ထားသဖြင့်သာ ငြိမ်ခံနေရသည်။

"တို့ ... မင်းဆီက အလျော်ယူမှာ မဟုတ်ဘူး။ အဲ ... အလျော်မယူလို့ ကားကို လုပ်ခိုင်းမှာလည်း မဟုတ်ဘူး။ တို့ကားကို ဒီမြို့မှာလည်း ပြင်မှာမဟုတ်ဘူး"

ဟုတ်ကဲ့ ... ကောင်းပါတယ်။ ကြားရတာ နားဝမှာ အင်မတန်ချိုသာပါပေတယ်ရှင်။ သို့သော် အဲဒီချိုသမှုလေးက သုံးစက္ကန့်လောက်ပဲ ခံသည်။

"ဒါပေမဲ့ ဒီတိုင်းတော့ မင်းကို ခွင့်မလွှတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာရယ်။ ခွင့်မလွှတ်နိုင်တော့ ..."

"မင်း လိပ်စာကတ် တို့ကိုပေးထားပါ။ တို့ဆီမှာ မင်း အကြွေးတင်သွားပြီလို့ မှတ်ထားပေါ့။ တို့ မင်းကို လိုအပ် လာတဲ့အချိန်ကျရင် အဲဒီအကြွေးကို မင်း ဆပ်ရလိမ့်မယ်...

ဘယ်လိုလဲ ... သဘောတူလား။ သဘောမတူဘူး ဆိုရင်တော့ ဒီကိစ္စကို ယာဉ်ထိန်းရဲနဲ့ ဖြေရှင်းရမှာပေါ့"

ကျေးမှာ ထွက်သာပြေးလိုက်ချင်သည်။ လောက တွင် မတရားချမ်းသာကြွယ်ဝသူများမှာ ဝေါက်နေကြသလား လွှတ်နေကြသလား မသိတော့ပါ။ ကျေးသည် လောလောဆယ် တော့ ယာဉ်ထိန်းရဲနှင့် မတွေ့လိုသေး။ နောင်ခါလာ နောင်ခါ ချေးပဲမို့ ပြီးပြီးရော ခေါင်းညိတ်ကာ လိပ်စာကတ် (ကိုယ်ရဲ့ Name Card)ကို ပေးလိုက်သည်။ ခင်ကြီးကျယ်က လိပ်စာကတ် ကို ငုံ့ဖတ်ပြီးနောက် ...

"ကျူးလစ်ပ်က မန်နေဂျာ ! ဟုတ်လား"

အဲဒီလိုပြောပြီး ခြေဆုံးခေါင်းဆုံး ကြည့်ပုံက လူကို မယုံသလိုလို ဘာလိုလို အချိုးတည်း၊ ကျေးက နှုတ်ခမ်းကို တင်း တင်းစေ့ထားမိသည်။ ဒီမိန်းမရဲ့ ပြောပုံဆိုပုံ လုပ်ပေါက်နှင့်





လေယူလေသိမ်းတို့ဟာ သူ့ကားကို ပွတ်ဆွဲမိတာနဲ့တင် တန်နေ ပြီဟု ထင်ပါသည်။

"ကျူးလစ်ပ်ဆိုတာ ဟိုတယ်အဟောင်း မဟုတ်လား။ (xxx)ကုမ္ပဏီက အစိုးရဆီက လွှဲယူလိုက်တဲ့ ဟိုတယ်လေ"

ကျေးက ဘာမှမပြောဘဲ ခပ်တည်တည်သာ ကြည့် နေမိသည်။ သူမက သဘောပေါက်သွားဟန်ဖြင့် ပခုံးကို တစ် ချက်တွန့်ကာ ...

"အိုခေ ... ကောင်းပြီ။ မင်းဆီက အကြွေးလိုချင်တဲ့အခါ တို့ တောင်းတာပေါ့ ကျေးကျေးကျော် ... ဟုတ်ပြီလား"

သူမက ပြောပြီးနောက် ချာခနဲ လှည့်ထွက်ကာ ကားပေါ်တက်ပြီး အဲရင်မောင်းထွက်သွားသည်။ ကျေးကတော့ ကားနောက်မီး ကွယ်ပျောက်သွားသည်အထိ စိတ်မျက်လက်ပျက် နှင့် ကြည့်ရင်း ကျန်ခဲ့လေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



# ၁၇

သူ ခပ်ဝေးဝေးက လှမ်းမြင်ရသည်မှာ စိုက်ပျိုးမြေလေးတစ်ခု ဖန်တီးနေသော ဂျာလေးခေါ် ကျေးကျေးကိုပဲ ဖြစ်ပါသည်။ ရှပ်အင်္ကျီ စိမ်းပြာရောင်အကွက်လေးကို လက်ခေါက်ပြီး ဝတ်ဆင်ကာ ဂျင်း(န်)ဘောင်းဘီ သရီးကွာတားဖြင့် ဦးလေးကြီးတစ်ယောက်ကို မေးမြန်းပြောဆိုနေပုံက ဒီအလုပ်ကို စိတ်ဝင်စားနှစ်မြှုပ်နေမှန်း သိသာလွန်းလှသည်။ ဩော် ... မဆိုးရှာသည့်မိန်းကလေး။

မနက်က ဉက္ကဋ္ဌနှင့်သူ ဖုန်းပြောရသည်။ ဆောက်လက်စ အခြေအနေအကြောင်း အစီရင်ခံရင်း ကျူးလစ်ပ်အပေါ်သူမ ကိုင်တွယ်ပုံကိုလည်း သူ့ထင်မြင်ချက်ကို မေးမြန်းသည်။





"လိုအပ်ချက်လေး နည်းနည်းပါးပါး ရှိပေမယ့် ကျူးလစ်ကို ပြင်ဦးလွင်ရဲ့ အမှတ်အသားတစ်ခု ဖြစ်လာစေချင်တဲ့ စေတနာက သူ့မှာအပြည့်ရှိတယ်။ သူ့ရဲ့ကိုယ်ရောစိတ်ရောကို ဒီထဲထည့်ပြီး အပြည့်အဝ ပုံပေးထားတာကိုက သူ့ရဲ့ထူးခြားမှုတစ်ခုပါပဲ ဉက္ကဋ္ဌ"

"အင်း ... ဟုတ်တယ်။ ဒီကောင်မလေးက သူ့အဖေသွေး အပြည့်အဝပါလာတယ် ထင်ပါတယ်။ သူ့အတွက် ပထမဆုံးအလုပ်ကို တာဝန်ကြီးပေးလိုက်လို့ သူနဲ့ရာထူးက သိပ်သဟဇာတ မဖြစ်ပေမယ့် သူ့အနေနဲ့ တော်တော်ညှိယူနိုင်မှာပါ ...

ခုလည်း ရေချမ်းအိုးဘက်က မြေကွက်တွေကို ခြံစိုက်ဖို့ တောင်းနေတယ်ကွာ။ သူ့သူငယ်ချင်း စိုက်ပျိုးရေးကျောင်းဆင်းတစ်ယောက်ကို ခန့်ခိုင်းနေပြီး Organic House လုပ်ဦးမလို့တဲ့ကွ။ ဖော်ရိန်နာတွေနဲ့ Hotel လာတည်းတဲ့ ဧည့်သည်တွေကို Service ပေးချင်လို့တဲ့ ...

အင်း ... သူ့စိတ်ကူးကို မင်းရော ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကောင်းတယ်လို့ မြင်ပါတယ်"

သူက အဲဒီလို ထောက်ခံပေးခဲ့သည်။ ကျန်းမာရေးကို အလေးထားပြီး လိုက်စားသော သူ့အတွက်တော့ သူမရဲ့ စိတ်ကူးက ချီးကျူးစရာ ကောင်းပါသည်။ ခုတော့ သူမဟာ ဥယျာဉ်မှူးတစ်ယောက်ခေါ်ပြီး တကယ့်ကို ပိပိပြင်ပြင် အကောင်ထည် ဖော်နေပြီပဲ။ အနားရောက်သွားသော သူ့ကို မြင်သောအခါ သူမက လက်ပြပြီး နှုတ်ဆက်သည်။

"အပင်တွေ စိုက်မယ်ပေါ့"

"ဟုတ် ... တယ်"

အဲဒီ ဟုတ် ... တယ်က သံပြတ်မဟုတ်ဘဲ ပြုံးပြုံးကြီးနဲ့ မိန့်မိန့်ကြီး ကျေနပ်သံဖြင့် တစ်လုံးချင်း ပြန်ဖြေသော ဟုတ် ... တယ် ဖြစ်သည်။ လူတစ်ယောက်ရဲ့ အတွင်းစိတ်ဟာ မျက်နှာမှာ ပေါ်တယ်ဆိုတာ ဖြစ်နိုင်သည်။ ကျေးကျေးရဲ့မျက်နှာလေးဟာ ဘာမှ ထူးထူးခြားခြား ပြင်ဆင်တာမျိုး မဟုတ်ဘဲနှင့်ကို ကြည်စင်ဝင်းပနေသည်။

"ဒီနေရာမှာ Onganic သီးပင် စားပင်တွေ စိုက်မယ်ဆို"

"ဟုတ်သပေါ့"





"အင်း ... Idea ကတော့ ကောင်းပါတယ်"

"ဘာက မကောင်းတာလဲ"

သူက ဘာမှပြန်မပြောဘဲ ပခုံးကိုသာ တွန့်ပြလိုက်သည်။ သူမက သူ့ဆီ လျှောက်လာရင်းမှ ...

"ရှင့်ကို လက်ဖက်ရည်ပွဲလေးနဲ့ တည်ခင်းဧည့်ခံမယ်။ ဒီဘက်ကိုကြွပါ"

သစ်ပင်ရိပ်အောက်မှာ စားပွဲခုံနှင့် ကုလားထိုင်ရှိပါသည်။ စားပွဲပေါ်မှာ တင်ထားတာတွေကို သူက စိတ်ဝင်တစားငုံ့ကြည့်ရင်း မေးလိုက်သည်။

"ဘာတွေလဲ"

"လက်ဖက်ရည်ကြမ်းနဲ့ ခေါ်ပုတ်ကြော်၊ တို့ဟူးကြော်တွေ"

"ဆီကြော်တွေ ကိုလက်စထရောတော့ တက်တော့မှာပဲ"

သူမက သူ့ကို မျက်စောင်းတစ်ချက် ကဲကြည့်သည်။ ပြီးတော့ ခေါ်ပုတ်ကြော်တစ်ခုကို ဖြတ်ခနဲ ကောက်ဝါးရင်း ...

"ရှင်ဟာလေ ... တော်တော် အလှမက်တဲ့လူပဲ"

"မင်းရော မမက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မက်ပါဘူး။ ကျွန်မကတော့ ကိုယ်စားချင်တာရှိရင် စားပစ်လိုက်တာပဲ။ ဗိုက်ထွက်မှာတွေ ခါးတုတ်မှာတွေ သိပ်ဂရုမစိုက်ပါဘူး"

"အေးပေါ့ ... အဲဒါကြောင့်မို့လည်း မင်းက Fit အင်္ကျီတွေဝတ်ရင် မလှတာပေါ့"

"တော်ပြီ ... ရှင် ဆက်မပြောနဲ့တော့။ မစားချင်လည်း ထွက်သွားတော့"

သူမ စိတ်ဆိုးနေပုံကိုကြည့်ကာ သူက တဟားဟားရယ်ရင်း ခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်လေသည်။ လက်ဖက်ခြောက်က ရွှေမိမိုးလွတ် ထိပ်တန်းမို့ တော်တော်ကောင်းသော လက်ဖက်ရည်ကြမ်းတစ်ခွက်ဖြစ်ကာ ခေါပုတ်ကြော်နှင့်လည်း လိုက်ဖက်လေသည်။ သူက တစ်ခုယူစားသောအခါ သူမက မျက်စောင်းတစ်ချက်ကို ပီပီပြင်ပြင် ထိုးသည်။ အဲဒီ မျက်စောင်းကြီးဟာ ခရုတုတုမဟုတ်ဘဲ တကယ်ကို အမြင်ကတ်စွာ ထိုးသောမျက်စောင်းမို့ သူက ပိုသဘောကျရသည်။ တကယ်ကို ဘယ်သူနဲ့မှမတူသော တစ်သီးပုဂ္ဂလပေပဲ။





"ကျူးလစ်ပ်ကို မင်း တော်တော် Crazy ဖြစ်တယ်နော်"

"အင်း ... ဟုတ်တယ်။ ကျွန်မ အာရုံထဲမှာ အမြဲအပြည့်ရှိနေတာ။ ဘာလုပ်ရမယ် ဆိုတာပဲ အမြဲစဉ်းစားနေတာလေ။ ကျွန်မရတဲ့ လခလေးကို မှေးယူပြီး ဒီအတိုင်း ဓိမ်နဲ့နေလည်း ရတာပဲ။ သူ အောင်မြင်လာလို့လည်း ကျွန်မ လခ ပိုရမှာမှ မဟုတ်တာ ...

ခါပေမဲ့ ကျူးလစ်ပ်ကို ကျွန်မ ကိုယ်ပိုင်ဟိုတယ်လို သဘောထားပြီး အားသွန်ခွန်စိုက် လုပ်တယ်။ ကျွန်မ အစွမ်းရှိသလောက်ပေါ့"

အဲဒီစကားတွေ ပြောစဉ်မှာ သူမ မျက်နှာက တက်ကြွမှုအပြည့်ဖြင့် တောက်ပနေတာကို သူ သတိပြုမိသည်။ အလွဲတွေ လုပ်နေပေမယ့်လည်း အဲဒီစိတ်ကောင်း စေတနာလေးက သူမကို ကောင်းကျိုးပြုပါစေလိမ့်မည်။ သူက ငေးနေတုန်းမှာပဲ သူမက သူ့ကို ဖျတ်ခနဲ ကြည့်လာသဖြင့် ကပျာကယာ အကြည့်လွှဲကာ တို့ဟူးကြော်တစ်ခုကို ကောက်ကိုင်လိုက်သည်။

"ပျော်ရွှင်တဲ့စိတ်က ကျွန်မကို အောင်မြင်စေမယ် ထင်တာပဲ။ ကျွန်မက ကျွန်မဘဝကို သိပ်ကျေနပ်တာလေ ...



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ သူများတွေ ပူလောင်အိုက်စပ်နေတဲ့ အချိန် ကျွန်မက ဒီမှာ စားပြီးသောက်ပြီး စရိုက်ငြိမ်းနဲ့ အလုပ် လုပ်နေရတာ ဘယ်လောက်ကောင်းလဲ။ နောက်ဆုံး ရှင်ပြန်သွားတောင် ကျွန်မက ဒီမှာ အေးအေးလူလူ ကျန် ရစ်တုန်း၊ ဟာ ... ဟ ... ဒါနဲ့ ဒီ အခုဆွေ့ာက်နေတဲ့ ဟာတွေ ဘယ်တော့လောက် ပြီးမယ်မှန်းလဲ"

"အင်း ... နောက် လေးငါးလဆို အချောသပ် အားလုံး ပြီးမှာပါ"

"အိုခေ ... ဒါဆို ဒီဇင်ဘာပန်းပွဲတော်နဲ့ အချိန်ကိုက်ပေါ့။ ကျွန်မက TV အစီအစဉ်လေးတစ်ခုရိုက်ချင်လို့ MRTV-4 နဲ့ Channel 7 မှာလေ။ ဟိုတယ်ကြော်ငြာသဘောမျိုးပါပဲ ...

နောက် ဂျာနယ်နဲ့ မဂ္ဂဇင်းတစ်ခုမှာလည်း ကြော်ညာ ထည့်ဦးမယ်။ အင်း ... နောက် ရုပ်ရှင်သမားတွေကိုလည်း စပွန်ဆာပေးသင့်ရင် ပေးရမှာပေါ့လေ"

သူမက အဲဒီစကားကို ပြုံးစိစိ ပြောသောအခါ သူက နှုတ်ခမ်းကို တစ်ချက်တွန့်မိသည်။ သူနဲ့ သူမ စတွေ့တုန်း က အဲဒီကိစ္စနဲ့ပဲ ပြဿနာတက်ခဲ့ကြတာ မဟုတ်လား။ ပြီးတော့





ကတောက်ကဆတွေဖြစ်ကာ သူမကို သူက ဝေဖန်တော့ သူမ မျက်ရည်ကျခဲ့ရသည်၊ အားလုံး အားလုံး အရာအားလုံးဟာ မြန် ဆန်လွန်းသော အချိန်တွေအောက်မှာ ပျော်ဝင်စီးဆင်းသွားကြတာ မဟုတ်လား။

"မင်းက ဟိုတယ်တစ်ခုကို အောင်မြင်အောင် Manage လုပ်နိုင်တယ်ဆိုပြီး ဉက္ကဋ္ဌက မင်းကို တခြားနေရာတွေ ပို့နေဦးမယ်။ မင်းက ပြင်ဦးလွင်မှာပဲ ပျော်တာ မဟုတ် လား"

"အင်း ... ဒါကတော့ ပျော်ရာမှာ မနေရ တော်ရာမှာ နေရမှာပေါ့လေ။ ဉက္ကဋ္ဌက လွှတ်ရင်တော့ သွားရမှာပေါ့။ ဒါပေမဲ့ ကျွန်မက ကျူးလိပ်ကိုတော့ သံယောဇဉ်ရှိတယ် ရှင့် ...

ဩော် ... ဒါနဲ့ ညနေဘက်ကျရင် ကျွန်မ ပန်းတော် ဝင်မှာ ကြေးအိုးသွားသောက်မလို့"

"ဘာလဲ ... ငါ့ကိုပါ ကျွေးမယ်ပေါ့"

"ဟင့်အင်း ... ရှင် လိုက်ရင် ရှင်လည်း ကျွေးရမယ်လို့ ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်စကားကို နှာခေါင်းရှုံ့ကာ ပြောလိုက်သော ကျေးကျေးရဲ့ပုံစံကို သူက သဘောတကျ ပြုံးကြည့်မိကာ ခေါင်းယမ်းမိသည်။ ဘာပဲဖြစ်ဖြစ် ရင်းနှီးခင်မင်ရသော မိတ်ဆွေ ရှားပါးသည့် တစ်မြို့တစ်ရွာမှာ သူမလို နှံ့နှံ့စပ်စပ်ရှိသော၊ အလုပ်မှာ တက်ကြွပျော်ရွှင်သော မိန်းကလေးတစ်ယောက်နှင့် စကားပြောရတာလည်း အပျင်းတော့ ပြေတာပဲလေ။

○ ❦ ○





## ၁၈

"ဟွန့် ... ပဲကလည်း များလိုက်တာ"

သူ ထွက်လာတာကို ကျေးက မြင်မြင်ချင်း ပြောလိုက်လျှင် ဒင်းက ဟားခနဲရယ်သည်။ ကြည့်ဦးလေ ... ကြေးအိုးသွားသောက်မယ့်ပုံက သီချင်းသွားဆိုမယ့် အဆိုတော်နှယ် တောက်ပြောင်သားနားအောင် လုပ်လာတာ။ ဒါတောင် ဟို Rocker ကြီးတွေဆို ဘာမှ ဝတ်တာစားတာ မဟုတ်။ သူကတော့ ဟိုနားဒီနား သွားတာလေးကိုပင် သူ့ကို ထပ်မံနှုတ်ဆက်စေနိုင်သော ခရမ်းကာလာပေါ်မှာ စိမ်းနုရောင်ပွင့်ခက်များ ကျဲပြန့်နေသည့် ရှပ်အင်္ကျီရယ်နှင့် Loose ဂျင်း(န်)ရယ်နှင့်။ ရေမွှေးနံ့က တသင်းသင်း ဆံပင်က ဂျယ်လ်တထောင်ထောင်၊ အင်း ... အလှပြင်ဖို့ တော်တော်အချိန်ပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပဲများတာ မဟုတ်ဘူးကွ။ ဒါ ကိုယ့်ရဲ့ပုံမှန်ပဲ Casual ပဲ"

ကျေးက ဟွန့်ခနဲ နှာခေါင်းရှုံ့မိသည်။ သူကတော့ ကျေးကိုကြည့်ကာ ဟင်းခနဲ ပြန်ရှုံ့သည်။

"မင်းကရော ဒါ အပြင်သွားမယ့် အဝတ်အစားပေါ့"

"အင်းလေ ... ဘာဖြစ်လို့လဲ။ ကျုပ်က ဒါ့ထက်ပိုကြိုက်တာ ... ဟွန်း။ ဘာမှ လာမပြောနဲ့။ အချေပါရှာမှမဟုတ်ဘူး။ နှစ်သောင်းကျော်တန်"

ကျေး ဝတ်တတ်သော T-Shirtလေးများ၊ ချည်ထည် ရှပ်အင်္ကျီလေးများဟာ တန်ဖိုးမသေးလှပေမယ့် သိပ်တောက်တောက်ပပ မရှိတာကြောင့် သူက ပြောဖို့ချောင်းနေတာဖြစ်သည်။

"အေးပါ ... ဟုတ်ပါတယ် ... ထားလိုက်ပါတော့။ ကဲ ... ကဲ ... သွားမယ်"

သူက အစ်ကိုတစ်ယောက်နှယ် ဦးဆောင်ပြီး ရှေ့က ထွက်သွားလျှင် ကျေးက နောက်ကနေ ပြုံးကြည့်ပြီးမှ လိုက်လာခဲ့သည်။ ကျေးမှာ အားကိုးရသော မချိုသဲရယ်၊ စောင့်ရှောက်ကူညီပေးကြသော နေခြည်ပန်နှင့် ညီညီ ရှိနေတာဟာ နွေးထွေးလုံခြုံသော အရိပ်တစ်ခုလို ဖြစ်စေပါသည်။





နေခြည်ပန်က သူ့ကားကို စက်နှိုးလိုက်လျှင် ကျေးက ဘေးကနေ၍ ထိုင်လိုက်သည်။ အဲဒီလို ထိုင်လိုက်တော့ မန္တလေးကအပြန် သူ့ကားပေါ် ရှေ့ကထိုင်ရနိုး၊ နောက်ကထိုင်ရနိုးနှင့် ဘုဘောက်ကျခဲ့တာကို သတိရမိပြန်သည်။ အင်း ... အဲဒီတုန်းကနဲ့ တွက်ကြည့်ရင် အချိန်တွေက ဘာမှမကြာလိုက်သလိုပဲ။ တကယ်တမ်းကျတော့ ဘာမှလဲ မဟုတ်ခဲ့ပါ။

ကန်တော်ကြီးဥယျာဉ်သို့ သွားရာလမ်းမှာ တည်ရှိသော ပန်းတော်ဝင်ဆိုင်လေးဟာ အပင်ငယ်ပေါင်း မြောက်မြားစွာဖြင့် အင်မတန် Romantic ဖြစ်သော ဆိုင်လေးဖြစ်သည်။ ကျေးနှင့် သူကတော့ ဘာစုံတွဲမှ မဟုတ်တာမို့ အတွင်းဘက်အဆောင်အထိ မသွားတော့ဘဲ ရှေ့မှာသာ ထိုင်ဖြစ်ကြသည်။ ဒီဆိုင်ဟာ အင်တာနက်လည်း ကောင်းလှတာမို့ စားရင်းသောက်ရင်း ဖုန်းတစ်လုံးနှင့် facebook ဝင်နေတာကို သူကလည်း ကြည့်မရပါ။

"မင်းတို့မိန်းမတွေ အဲဒါ တကယ်စိတ်ပျက်ဖို့ ကောင်းတာပဲ အားရင် facebook တင်မယ်။ ကြွားမယ်။ ဒါပဲ တတ်တယ် ... ဟာ ... ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ကျွန်မက အဲလို ကြွားစိန့် မဟုတ်ဘူး။ ကျူးလစ်ပ်ကိုပဲ Page လုပ်ထားတာ။ သူ့နှုတ်ခမ်းသက်တာပဲ Promotion လုပ်နေတာ"

"ပြောတာပဲ။ မင်းတို့မိန်းမတွေပဲ ဟာသတွေ လျှောက်လုပ်နေတာ။ သကြိန်တွင်း တရားစခန်းဝင်တဲ့လူတဲ့။ တရားထိုင်တဲ့ပုံကို သူများကို ဓာတ်ပုံရိုက်ခိုင်းပြီး တင်သေးတယ်။ ဟာ ... ဟ ... အဲဒါကိုက အလုပ်မဟုတ်တော့တာ ...

တရားစခန်း ဝင်တာတောင် ဖေ့ဘွတ်မှာ လူအထင်ကြီး ခံချင်သေးတယ်။ ရောက်ဦးမယ် နိဗ္ဗာန်တော့"

သူက ကြေးအိုးစားရင် ပျစ်ပျစ်နှစ်နှစ် ဝေဖန်လျှင် ကျေးက နှာခေါင်းကို ပွစိပွစိလုပ်ကာ တူကို အခုမှ အိတ်ထဲက ဖောက်ထုတ်လိုက်ရာ အရှိန်လွန်ပြီး တူက အောက်သို့ပြုတ်ကျခုန်ပေါက် ပြေးလိမ့်သွားသည်။ အချိန်ကိုက်ဆိုသလိုပင် လှမ်းလျှောက်လာသော ခြေထောက်တစ်ချောင်းရဲ့ ဖိနပ်ဒေါက်ချွန်ချွန်လေးဟာ အဲဒီတူရဲ့အပေါ်မှာ တည်တည့်နင်းမိရက်သား ဖြစ်သွားလျှင် ထိုတစ်ယောက်မှာ လဲကျမတတ်ဖြစ်လျက် သူ့ကိုယ်သူဟန်ချက်ထိန်းသောအနေဖြင့် လက်နှစ်ဖက်က လေထဲမြှောက်





ဘက်သွားပြီး စားသောက်နေသော နေခြည်ပန်ရဲ့ပခုံးတစ်ဖက်ကို ကိုက်ချလိုက်သလို ဖြစ်သွားသည်။

အားလုံး ... အားလုံးဟာ ကျေးရဲ့မြင်ကွင်းထဲမှာ တော့ စလိုးမိုးရှင်းနဲ့ ပြနေတဲ့ ပြကွက်တွေအလားပမာ မှင်သက်ငေးမောစရာပါပဲ။ အရပ်မြင့်မြင့် လှတပတ မိန်းမတစ်ယောက်က ကိုးရိုးကားရား ဟန်ချက်ပျက်သွားချိန်ဝယ် ရှိုးများများနဲ့ ယောကျ်ားတစ်ယောက်ကို ပခုံးတိုက်ချမိပြီး အဲဒီယောကျ်ားရဲ့ စားသောက်နေသောလက်ဟာ ပခုံးနဲ့တစ်ဆက်တည်းပေပဲမို့ လက်ထဲက ကိုင်ထားသော ဇွန်းထဲက ကြေးအိုးရည်တွေဟာ ဖြူလွှလွှ သီနင်ရှပ်ပေါ် ပြုတ်ကျ စသဖြင့် ကျေးဟာ မျက်ခုံးအပင့်သားပါးစပ်အဟောင်းသားဖြင့် ငေးမောနေမိတော့သည်။

"ဟာ ... ကျွတ်"

"အိုး ... ရှစ်ထ်"

အဲဒီအသံတွေက သူတို့ နှစ်ယောက်လုံးတည်းက တစ်ပြိုင်နက် ထွက်လာတာဖြစ်ပြီး ကျေးက စိတ်ထဲကနေ၍ အန္တရာယ်အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားတော့သည်။ ဒီမိန်းမ ... ဒီမိန်းမဟာ ... အနက်ရောင်ကိုယ်ကျပ် ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



တိုဖြင့် ဟောင်ကောင်မင်းသမီး တစ်ယောက်နှယ် ဝံ့ကြွားတောက်ပ နေသော ဒီမိန်းမဟာ တစ်နေ့က ကျေး တစ်ယောက် ကားနဲ့ ချိတ်မလို ဖြစ်ခဲ့သည့် မိန်းမပါလား။ အို ... ချိတ်မလို ဖြစ်ခဲ့တာ တောင် မဟုတ်။ ချိတ်ကို ချိတ်ခဲ့တာ သူ့ရဲ့ဆိုက်ဂနက်စ်ကား ကြီးကို ကျေးက အစင်းရာထင်အောင် လုပ်ခဲ့တာလေ။

အဲ ... တရားခံကိုရှာသော မျက်လုံးများကလည်း ကျေးကို ချက်ချင်းပဲ မှတ်မိသွားဟန် တူပါသည်။

"ဩော် ... မင်း"

ကျေးမှာ အငွေ့ပျံ ပျောက်ဆုံးစေသော အစွမ်းရှိ လျှင် ကောင်းပါမည်။ သူမကလည်း ကျေးကို နဂါးမျက်လုံးနှင့် ကြည့်နေသလို ရှေ့ကပုဂ္ဂိုလ်ကလည်း သူ့အကျီမှာ ကြေးအိုးအရည် တွေရော ကြာဆံဖတ်တွေရော ကက်ညိုစေသည့် အဓိက,တရားခံ ကျေးကို "ဘာလုပ်မှာလဲ ပြော"ဟူသော မျက်လုံးကြီးဖြင့် စိုက် ကြည့်နေသည်။

ဒါပေမဲ့ ... ဒါပေမဲ့ ... အဲဒီအခိုက်အတန့်ဟာ တစ် ခဏလေးပါပဲ။ ဘယ်ကနေ ဘယ်လို Link ရသွားသည်။ မသိ သော သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူ





ကြည့်မိသွားကြပြီး အံ့ဩရိပ်များဟာ အထင်းသား။ နေခြည်ပန် ကလည်း ခေတ္တမျှ အသက်ရှူရပ်သွားသလို၊ ဟောင်ကောင်မင်း သမီးကလည်း မျက်တောင်,တောင် မခတ်နိုင်တော့သည့် အနေ အထားမျိုး။ နောက်တော့ ဟောင်ကောင်မင်းသမီးထံမှ ဩော် ... ခနဲ့ အသံထွက်လာလျှင် အားလုံးဟာ စိတ်နဲ့ ကိုယ်နဲ့ ပြန်ကပ် သွားသလို ဖြစ်သွားကြသည်။

"ရှင့်အကျီ အကောင်းစားကြီးမှာ ပေကျံကုန်တာ စိတ်မ ကောင်းပါဘူး နေခြည်။ ဒီလိုပုံစံမျိုးနဲ့ ကျွန်မတို့ ပြန်ဆုံ ဖြစ်ကြမယ်လို့ မျှော်လင့်မထားတာတော့ အသေအချာပါ"

အိုး ... အိုး ...။ လုပ်ပြီ ဂျက်စပဲရိုးရဲ့ လေယူလေ သိမ်း၊ လက်ဟန်ခြေဟန် ဒီဇိုင်းနဲ့ပါလား။ သူက နေခြည်ပန်နဲ့ ဘာလဲ။ ကျောင်းတုန်းက ဇာတ်လမ်းလား။

"ကိစ္စမရှိဘူး"

သူက ဇာတ်လမ်းဟောင်းကို မပွင့်တပွင့် ပြန်ပြော ပြီး ကျေးကိုသာ အမုန့်ချေချင်သော မျက်လုံးများဖြင့် ကြည့်နေ သည်။ မင်းကတော့ လုပ်ချလိုက်ပြန်ပြီ။ အမြဲတမ်း ရုပ်ပျာပျာနဲ့ နမော်နမဲ့ စသဖြင့် အဲဒီ အခိုဟ္ယယ်ရသော စကားလုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက ပြောနေသည်။ ကျေးကလည်း နှစ်ယောက်တည်း သာသိသော ပုံစံဖြင့် ပခုံးတစ်ဖက်ကို မသိမသာ တွန့်ပြလိုက်သည်။

"မင်းနဲ့ ထပ်တွေ့ပြန်ပြီ။ ဒီတစ်ခါလည်း တို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ပြန်ပြီ"

"ဒါ မတော်တဆပါ"

"ဟက် ... တမင်လုပ်ချင်သေးတယ်လား။ မင်း ဘယ်သူ I for get your name ! အဲ ... နာမည်မှာ က,တွေချည်းပါတာတော့ မှတ်မိတယ်"

"မင်းတို့က ဆုံဖူးကြတာလား ကျေး"

သူက တည်ငြိမ်သွားသော ပုံစံဖြင့် သူ့အကျိုကို တစ်သျှူးနှင့်သုတ်ရင်းမှ မေးမြန်းသည်။ ကျေးက ဘာမှတောင်ပြန်မပြောရသေး။ ဟောင်ကောင်မင်းသမီးထံမှ အသံထွက်လာသည်။

"သိပ်ဆုံဖူးတာပေါ့။ တို့ ပြင်ဦးလွင်ကို စ,ရောက်တဲ့နေ့ပဲ သူ တို့ကားကို ပွတ်ဆွဲသွားတာလေ။ ဟော ... အခု တစ်ပတ်မြောက်တဲ့နေ့မှာ တို့ကို ခေါင်းကွဲချော်လဲအောင် သူ လုပ်ကြပြန်ပြီ ...





သူက ရှင့် မိတ်ဆွေလား နေခြည်။ ဩော် ... နေဦး တို့ သိပြီ။ သူက ကျူးလစ်ပ်က မန်နေဂျာလို့ ပြောတယ်။ ကျူးလစ်ပ်ဆိုတာ ရှင်တို့ကုမ္ပဏီက ပြန်ဝယ်လိုက်တဲ့ အစိုးရ ဟိုတယ်ပဲ။ ရှင်က အဲဒီမှာ ဘန်ဂလိုအသစ်တွေ လာဆောက်နေတာ။ ဩော် ... ရှင်တို့က ပါတနာတွေ ပေါ့ ...

ကျွန်မ ပြောတာတွေ မလွဲဘူး မဟုတ်လား"

သူ့ဟာသူမေး၊ သူ့ဟာသူဖြေကာ သူ့ဟာသူ မှတ်ချက်တွေချနေသော ထိုမိန်းမကို ကြည့်ကာ ကျေးကတော့ ခေတ်ပျက်လာသည်။ ဒါကြောင့် လက်နှစ်ဖက်ပိုက်ကာ မျက်နှာလွှဲနေလိုက်သည်။

"ကဲ ... သူ့အစား ကိုယ်ပဲ တောင်းပန်ပါတယ် စံမို"

"အို ... ရှင် ဘာတောင်းပန်စရာလိုလဲ။ လုပ်တဲ့သူ မှားတဲ့သူကသာ တောင်းပန်ရမှာလေ။ ဒီလို မိန်းကလေးမျိုးနဲ့ ရှင် ဘယ်လို အလုပ်တွဲလုပ်နေသလဲဆိုတာ တို့တော့ စဉ်းစားလို့တောင် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေးဟဲ့။ စဉ်းစားလို့မရရင်လည်း စဉ်းစားမနေနဲ့ပေါ့။ ကျေးက တော်တော်ကြီးကို အမြင်ကတ်လာသည်။ နမော်နမဲ့နိုင်သော ကိုယ့်ကိုယ်ကိုယ်လည်း ဘယ်လိုအပြစ်ပေးရမလဲဆိုတာ စဉ်းစားနေမိသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဒီမှာ ... ရှင်က ယောက်ျားလား မိန်းမလား"

ကျေးရဲ့ မထင်ထားသော စကားကြောင့် သူမ ဘာဖြေရမှန်းမသိ ဖြစ်သွားပေမယ့် ချက်ချင်းပဲ မျက်နှာက သရော်တော်တော်ပုံစံ ပြောင်းသွားသည်။

"ဘာလဲ ... မင်းမျက်လုံး မွဲနေတာလား။ ကောင်းကောင်းမမြင်ရဘူးလား"

"လျှောက်မေးမနေပါနဲ့။ မင်းနဲ့ ငါနဲ့ အသုံးအနှုန်းတွေက ယောက်ျားတွေ အများဆုံးသုံးတာပါ။ ကျွန်မကို မင်းနဲ့ မပြောပါနဲ့။ ကျွန်မက ရှင် အဲဒီလိုပြောရမယ့် အဆင့်အတန်းမျိုးထဲက မဟုတ်ပါဘူး။ ရှင့်တပည့် မဟုတ်ဘူး ... မိန်းကလေး အချင်းချင်း ရှင်နဲ့ ကျွန်မပဲ သုံးပါ"





ကျေးရဲ့စကားကို သူမက အငိုက်မိ နားထောင်နေပြီးတော့မှ ဟက်ခနဲ လှောင်ရယ်သည်။ ပြီးတော့မှ ထိမထင်ဒီဇိုင်းဖြင့် ပခုံးတစ်ချက်တွန့်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ်လေ ယူ့ဆီမှာ တို့ အကြွေးရှိတယ်ဆိုတာ သတိရဦး။ ယူ တကယ်ပဲ ဆပ်ရဦးမှာ။ ကဲ ... နေခြည်၊ ရှင်နဲ့ကျွန်မ နောက်မှ တွေ့တာပေါ့။ ဘိုင့်"

တာဝတိံသာက ကျလာသော အသံမျိုးဖြစ်ပေမယ့် သြဘောင်သလိုလည်း ဖြစ်နေသော အသံပိုင်ရှင်က ဒေါက်ဖိနပ်သံတည်ညံပေးကာ ထွက်ခွာသွားလျှင် ကျေးက ဟင်းခနဲတောင် အသံထွက်အောင် မြည်တမ်းမိသွားသည်။ ဆက်စားချင်ဇိုးတောင် ပျောက်လေသည်။

"မင်း ... သူနဲ့လည်း ဘီအေပဲပေါ့ ... ဟုတ်လား"

"ဘာ ဘီအေလဲ"

ကျေးက ခပ်ဆတ်ဆတ် ပြန်အော်မိသည်။ သူကလည်း စိတ်မရှည်သော၊ အပြစ်တင်လိုရိပ် သမ်းနေသော မျက်လုံးများဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... အလွဲတကာ ထိပ်ခေါင်။ ဘီအေဘွဲ့ ပေးရအောင် လွဲလာပြန်ပြီပေါ့လို့ မေးနေတာ"

"အောင်မာ ... တော်တော်ခေါ်လို့ ကောင်းနေတယ်ပေါ့ ဟုတ်လား။ ဘာဘီအေလည်း ခုမှ တရုတ်ပြည် ဟိုဒင်း လမ်းသိနေတယ်၊ လာခေါ်မနေနဲ့"

"တရုတ်ပြည် ဘာဟိုဒင်း လမ်းသိတာလဲ"

"ဘာသိသိရှင်"

"မင်းနော် ... ငါ နားမလည်တဲ့ စကားတွေ လာပြောမနေနဲ့။ အင်း ... မင်းကိုလည်း တကယ် လက်လန်ပါတယ်ကွာ။ ဒီလောက် တိုက်စရာကားတွေ အများကြီးရှိတဲ့ အထဲကမှ ..."

"တာဝတိံသာညှောင်နာနာရဲ့ ကားကိုမှ တိုက်ရသလားလို့၊ ဒါပဲ ပြောမလို့ မဟုတ်လား။ မပြောနဲ့တော့ သိတယ်၊ ဟင်း"

"ဘာရယ်။ တာဝတိံသာညှောင်နာနာ ဟုတ်လား။ ဟား ... မင်းကတော့ သူများကို နာမည်ပေးရမယ်ဆိုရင် ထိပ်တန်းပဲ။ ပြောစမ်းပါဦး တာဝတိံသာညှောင်နာနာ ဆိုတာ ဘာ အဓိပ္ပာယ်လဲ"





"ပုံစံနဲ့ စကားလုံးက တာဝတိံသာက လာတဲ့အတိုင်း။ အသံကတော့ ရင်ကွဲသရက်သီးလိုလို၊ ကျောက်ကျော့လိုလိုနဲ့ ညှောင်နေသေးတယ်။ နေပါဦး ရှင်နဲ့ အဲဒီ တာဝတိံသာညှောင်နာနာ ... က ..."

ကျေးက လက်ညှိုးတစ်ချောင်းကို ထောင်ကာ ဘယ်ညာယှိမ်းရင်း မျက်လုံးနှင့် မေးခွန်းထုတ်လိုက်လျှင် သူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီးနောက် ခေါင်းညိတ်လိုက်သည်။

ပြီးတော့ ...

"ဟုတ်တယ် ... သူက ငါ့ရဲ့ Ex-girl friend "

သူ့ရဲ့တိုးတိတ်အေးစက်သော အသံအောက်မှာ ကျေးက ခေတ္တတော့ ငြိမ်သွားမိသည်။ အင်း ... တွေ့မှ တွေ့တတ်ပလေတယ်။ ဘယ်လိုပဲဖြစ်ဖြစ်တော့ ယောကျ်ားပီသသော ဒီတစ်ယောက်နှင့် မိန်းမဆန်စွာ ဝတ်စားပြင်ဆင်ထားသော ဟိုတစ်ယောက်တို့ လိုက်ဖက်တော့ ညီလှသည်ဟု ထင်မြင်မိသည်။ ဒီလောက်လိုက်ဖက်ညီလှသော ဒီနှစ်ယောက်ဟာ ဘာလို့များ ...

"ပြီးခဲ့တဲ့ အကြောင်းတွေ ဘာမှ လာမမေးနဲ့နော် ဖြေဖို့ကို စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျေးရဲ့စိတ်ထဲမှာ ရှိနေတဲ့ဟာကို သိနေသည့်အလား သူက ပြောသည်။ ပြီးတော့ လက်ရှိအခြေအနေကို မခံစားနိုင်တော့သည့် ပုံစံဖြင့် "ကဲ ... မြန်မြန်စား၊ ပြီးရင် ပြန်ကြစို့"ဟုလည်း ဆက်သေးသည်။ ကျေးက ဝှက်ဖဲတစ်ခု ရှိထားသည့်ဟန်ဖြင့် ဘာမှ ဆက်မပြောတော့ပါ။ စားလက်စကိုသာ အေးအေးဆေးဆေး ဆက်စားရင်း သူများအကြောင်းကို အသေအလဲ စိတ်ဝင်စားနေမိလေသည်။

○❦○





၁၉

"ငါ့စိတ်ထင်တော့ မင်း ပြင်ဦးလွင်မှာ ရှိတယ်ဆိုတာ ကြားလို့ သူ လိုက်လာတာနေမယ် နေခြည်"

အကျိုးအကြောင်းတွေကို သိပြီးသော ညီညီက ပြောလျှင် သူက ရုတ်တရက်တော့ ဘာမှပြန်မပြောနိုင်ချေ။ မဖြစ်နိုင်ပါဘူး ဟူသော စကားကို စိတ်ထဲမှာသာ ပြောနေမိလျက် စံမီ ပြင်ဦးလွင်ကို ရောက်လာစရာ ဘာအကြောင်းရှိလို့လဲဟု တွေးနေမိသည်။ သူ သိသလောက်တော့ စံမီနဲ့ ပတ်သက်သည့် လုပ်ငန်းမျိုး ပြင်ဦးလွင်မှာ မရှိပါ။

"သူ့ကြည့်ရတာ အဲဒီလို ဟုတ်မယ် မထင်ပါဘူး။ ပြီးတော့ သူ ရောက်နေတာ အရင်နေ့တွေထဲကလေ။ ပြီးတော့ ငါနဲ့ တွေ့တယ်ဆိုတာလည်း အမှတ်တမဲ့ တွေ့တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါကတော့ အဲဒါပေါ့။ ဒါပေမဲ့ ဒီမြို့လေးက ကျဉ်းကျဉ်းလေးပါကွာ။ ထိုင်လို့ကောင်းတဲ့ဆိုင်ဆိုတာလည်း လက်ချိုးရေလို့ ရတာပဲ ...

တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့မှာပေါ့။ သူ့စိတ်ကလည်း မင်းနဲ့ အရေးတကြီးတွေ့စရာ မလိုသေးဘူး ထင်ထားလို့ နေမှာပေါ့"

"သူနဲ့ ငါ ပြန်တွေ့စရာ ဘာအကြောင်းမှ မရှိတော့တာပဲကွာ"

"သေချာလို့လား။ မင်း စိတ်ထဲမှာ စံမှီ့ကို တကယ်မေ့ထားလိုက်နိုင်ပြီလား"

သူ့မျက်လုံးထဲတွင် အမြဲတမ်း အထက်စီးတစ်နေရာမှာရှိနေသော စံမှီ့ကို ပြေးမြင်ယောင်လာသည်။ တစ်လက်စတည်းမှာပဲ ကျေးကျေး ပြောသွားသော တာဝတိံသာသျှောင်နာနာဆိုသော နာမည်ကို ပြန်ကြားယောင်မိလျှင် စိတ်ရှုပ်ထွေးသည့်ကြားမှ ပြုံးမိရသေးသည်။ သူ ပြုံးတာကို တလွဲအဓိပ္ပာယ်ကောက်သော ညီညီကတော့ သူထင်ရာသူ ဆက်ပြောသည်။





"တကယ်ဆို မင်းနဲ့ စံမှီနဲ့က တစ်ယောက်နဲ့တစ်ယောက် မချစ်လို့ ဝေးသွားကြတာ၊ လမ်းခွဲခဲ့တာမှ မဟုတ်တာ။ မာနချင်း ပြိုင်လို့သာ"

"ဟော့ကောင် ... မာနပြိုင်တာ မဟုတ်ဘူးကွ။ သူက အတ္တကြီးတာ။ သူ ဖြစ်ချင်တာ မဖြစ်ရလို့ ဒီလိုတွေ အဆင်မပြေဖြစ်ကုန်တာ"

"အေးလေ ... ဒါပေမဲ့ သူ့ကိုယ်သူ မှားတယ်လို့ ယူဆမြီး မင်းနဲ့ ပြန်ညှိရင် မင်းတို့ အဆင်ပြေနိုင်တာပဲ မဟုတ်လား"

အဲဒီမေးခွန်းအတွက်တော့ သူ့မှာ အဖြေမရှိပါ။ အဲဒီလို ပြန်အဆင်ပြေဖို့ ဆိုတာလည်း သူ တစ်ခါမှ စိတ်မကူးခဲ့ဘူးချေ။ အဘယ်ကြောင့်ဆိုသော် စံမှီသည် ပြတ်သားသော မိန်းမတစ်ယောက်လည်း ဖြစ်သောကြောင့်ပင်။ သူနဲ့ စံမှီ လမ်းခွဲခဲ့တာပင်လျှင် ရှစ်လကျော်လောက် ကြာခဲ့ပြီ။ ကြားထဲမှာလည်း အဆက်အသွယ် တစ်စုံတစ်ရာ မရှိခဲ့။ ပြီးတော့ စံမှီ့အနားမှာ သူ့ဆက်သာသူတွေ၊ ချမ်းသာသူတွေဆိုတာ ဝိုင်းဝိုင်းလည်နေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာဖြစ်လို့ ရောက်လာလဲဆိုတာ ငါ စုံစမ်းလိုက်ရ မလား"

"နေပါကွာ ... ငါ စိတ်မဝင်စားပါဘူး"

"ဘာလဲ ... ကျေးကျေးကျော် ရှိနေလို့လား"

"ဘာရယ်"

"ဟုတ်တယ်လေ။ မင်းနဲ့ သူနဲ့ အိုခေနေပြီ မဟုတ်လား"

ညီညီ့ရဲ့ရုပ်က ပြီတီတီပင်။ သူက အထိရှသွားလ[ဲ]… ကြည့်မိသည်။ သူ့စိတ်ထဲမှာ အဲဒီလိုမျိုး ယောင်လို့တော[င်] မတွေးခဲ့ချေ။ ဖြူစင်ပွင့်လင်းသော ကျေးကျေးကို သူ ချစ်စနိုးဖြ[င့်] ခင်မင်သံယောဇဉ် ရှိခဲ့သော်လည်း ဒါဟာ အဖြူရောင်ဆိုတ[ာ] ရည်းစားထားဖူးသော သူ့အနေနဲ့ မခွဲခြားတတ်စရာ အကြောင်[း] မရှိချေ။

"ဟော့ကောင် ... အိုခေတယ် ဆိုတာ ဘာအဓိပ္ပာယ်[လဲ] ပြောတာလဲ။ သူနဲ့ ငါနဲ့က မောင်နှမလိုပဲကွ"

"ဟက် ... ဟက် ... မင်းတောင် ဟာသတွေ ပြောတ[တ်] လာပြီပဲ။ ဘာမှ သွေးသားမတော်စပ် သူချင်းလည်းမဟု[တ်] တဲ့ ဒီကြောင်နဲ့ ဒီကြွက်က မောင်နှမတဲ့ဟုတ်လား ဟား ဟား ဟား"





"ဟော့ကောင် ... မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျေးကျေး ဆိုတာ ..."

သူ့စကားက တစ်ဝက်တစ်ပြက်ပဲ ရှိသေးသည်။ မချိုသဲရဲ့ ခေါ်သံနှင့်အတူတူ စိုးရိမ်တကြီး မျက်နှာထားဖြင့် အနားသို့ ရောက်လာတာကို တွေ့ရသည်။

"ဘာဖြစ်လို့လဲ မချိုသဲ"

"ကျေးကျေးရယ်လေ ... အခန်းထဲမှာ ငိုယိုပေါက်ကွဲနေတယ်။ ချော့လို့လည်းမရဘူး နေခြည်ရယ်။ Flower City ကိုသွားပြီး သောင်းကျန်းမယ် လုပ်နေလို့ မနည်းဆွဲထားရတယ်"

"ဘာဖြစ်တာလဲ မချိုသဲရဲ့။ ကျွန်တော့်ကို သေချာပြောပြပါဦး"

"ဒီမနက်ကို မန္တလေးဖလိုက်နဲ့ ယိုးဒယားဧည့်သည် နှစ်ဆယ့်ခြောက်ယောက် လာဖို့ရှိတယ်လေ။ အဲဒါ လေဆိပ်ကိုလည်း သွားကြိုရော ဧည့်သည်တွေက Flower City Hotel က လာကြိုတဲ့ကားနဲ့ လိုက်သွားကြတယ်တဲ့။ မဟုတ်ဘူး ဒီဘက်မှာ Booking လုပ်ထားတယ်လို့ ပြောပြီးခေါ်တာလည်း မရဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အစီစဉ် ပြောင်းသွားလို့ပါလို့ ပြောတယ်တဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စရဲ့နောက်ကွယ်မှာ မရိုးသားမှု တစ်ခုတော့ ပါနေတယ်လို့ အစ်မ ထင်တယ် နေခြည်”

သူနဲ့ ညီညီက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ပြီးတော့ သူက ကျေးကျေးတို့ အဆောင်ဘက်သို့ မချိုသဲနှင့်အတူ လျှောက်လာခဲ့ပါသည်။ သို့သော် ကျေးကျေးကို မတွေ့ရဘဲ ညီညီကသာ ကားပါကင်ဘက်သို့ ရောက်နေပြီဖြစ်သော ကျေးကျေးကို တွေ့လိုက်ရသဖြင့် သူတို့မှာ အလျင်အမြန် လိုက်ရသည်။

ဂျင်းဂျက်ကတ်တစ်ထည်ကို အမြန်ကောက်စွပ်ထား;ပြီး အောက်က အားကစားဘောင်းဘီလို ရှည်ပွပွကိုသာ ဖြစ်သလို ဝတ်ဆင်ထားသော ကျေးကျေးပုံစံဟာ စိတ်လိုက်မာန်ပါဖြင့် အများတွေ လုပ်တော့မည့်ပုံမျိုး ပေါက်နေသည်။ သူက သူမအနားသို့ ရောက်သွားရင်း ကားပေါ်တက်တော့မည့် သူမ လက်တစ်ဖက်ကို ဖမ်းဆွဲထားမိသည်။ သူမက ဘယ်သူလဲဟူသော အကြည့်ဖြင့် လှည့်ကြည့်ကာ လက်ကို ဆောင့်ခနဲ ရုန်းလေသည်။





“မင်း ဘယ်သွားမှာလဲ”

“Flower City”

လို့ရင်း ဖြေပြီးတာနှင့် သူမက ကားပေါ်ကို အမြန်တက်ဖို့ပြင်သည်။ သူက သူမလက်ကို ထပ်ဆွဲထားလိုက်မိပြီး ခပ်ဆတ်ဆတ် ဆိုမိသည်။

“မင်း အဲဒီလို စိတ်လိုက်မာန်ပါ လုပ်လို့ဖြစ်လား ကျေးကျေး။ မင်းပုံစံကိုလည်း ကြည့်ဦး။ ဒါ မန်နေဂျာတစ်ယောက်ရဲ့ Personality လား ...

ဒေါသကို လျှော့စမ်းပါ။ ဒါ ဒေါသရှေ့ထားပြီး ဖြေရှင်းရမယ့် ကိစ္စမျိုး မဟုတ်ပါဘူး”

သူက သူမထက်ကိုပိုသော ယုံကြည်မှုနှင့် ပြောသောကြောင့် သူမ ခေတ္တတော့ ငြိမ်သွားသည်။ အနီးကပ်ကြည့်မှ သိသာသော အရာကတော့ စိတ်လှုပ်ရှားမှုကြောင့် သူမ နှလုံးခုန်သံတောင် ပြင်းထန်နေတာကို ကြားရလေသည်။ ပါးပြင်တွေ တဆတ်ဆတ် တုန်နေတာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေတာကို သူ မြင်ရလျှင် တကယ်စိတ်မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးဟာ ဒီအလုပ်အပေါ်မှာ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာကို သူ အသိဆုံးပဲလေ။ ဘယ်သူတွေကများ ဒီလိုကိစ္စမျိုးကို ဖန်တီးပါလိမ့်။ သူလည်း ခံပြင်းသလို ဖြစ်ပေမယ့် ဒီကောင်မလေးရှေ့မှာမို့ ဒေါသထွက်မပြရဲချေ။

"ဟုတ်ပါတယ် ကျေးရယ်။ စိတ်လေးကို လျှော့ပါ။ ဒီလို စိတ်လိုက်မာန်ပါ ဖြေရှင်းလို့ ဘယ်ရမလဲ"

"အား ... မသိဘူးကွာ။ ဒီကိစ္စကို ကျေး လုံးဝမကျေနပ်ဘူး။ တစ်ခုခုကို မျက်နှာချင်းဆိုင်တွေ့ပြီး ဖြေရှင်းရမှဖြစ်မယ်"

ကျေးအသံက ဆတ်ဆတ်ခါနေသည်။ ဒီ ယိုးဒယားညွှံသည်တွေအတွက် သူမ ဘယ်လောက်ထိ မျှော်လင့်ထားတယ်ဆိုတာ သူ သိတာမို့ သူမခံစားချက်နှင့် ဒေါသကို နားလည်ပေးလို့ ရပါသည်။ သို့သော် ဒါဟာ သူများဟိုတယ်ကိုသွားပြီး ဝုန်းဒိုင်းကြဲ ဖြေရှင်းရမယ့်ကိစ္စမျိုး မဟုတ်ပါ။

"မင်းစိတ်ကို တည်ငြိမ်အောင် လုပ်လိုက်ပါဦး ကျေးကျေးကျော်။ ပြီးရင် မင်း သွားတဲ့အခါ ကိုယ်ပါ လိုက်ခဲ့ပါမယ်၊ ဟုတ်ပြီလား"





သူ့ကို ဖျတ်ခနဲ မော့ကြည့်လာသော သူမရဲ့မျက်လုံးတွေထဲမှာ ယုံကြည်ခြင်း ဝမ်းနည်းဒေါသထွက်ရတဲ့ ကြားထဲမှာ ဝမ်းသာသွားခြင်း၊ အားတက်သွားခြင်း စတဲ့ အရိပ်ယောင်တွေကို တွေ့ရလျှင် သူ စိတ်အေးသွားရသေးသည်။ မချိုသဲနှင့် ညီညီက စူစမ်းသလို ကြည့်လာသော အကြည့်တွေကိုလည်း သူ ဂရုမစိုက်တော့။ လောကကြီးနှင့် သဟဇာတ မဖြစ်သော ကောင်မလေးတစ်ယောက်ဘက်က သူ မားမားမတ်မတ် ရပ်တည်ချင်ပါသည်။

ပေါက်ကွဲတုန်လှုပ်နေသော ကျေးရဲ့လက်မောင်းတစ်ဖက်ကို အသာဖျစ်ညှစ်ရင်း နွေးထွေးစွာ အားပေးမိခဲ့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"ဒါကတော့ ဧည့်သည်တွေရဲ့ Choice ပေါ့ ခင်ဗျာ။ ပထမကတော့ ခင်ဗျားတို့ ဟိုတယ်မှာ Booking လုပ်ထားတာ မှန်ပါတယ်။ လူများတော့ ရန်ကုန်ရုံးမှာတောင် Deposit တင်ထားသေးတယ် ပြောပါတယ် ...

ဒါပေမဲ့ သူတို့စိတ်ပေါ့လေ။ Deposit တောင် အဆုံးခံပြီး ဒီကိုပြောင်းလာတယ် ဆိုတော့ ဒါ ကျွန်တော်တို့လည်း ဘာ Comment မှ မပေးနိုင်ဘူးပေါ့။ ကျွန်တော်လည်း ရန်ကုန်ရုံးချုပ်က ညွှန်ကြားချက်လာတဲ့အတိုင်း လုပ်ရတာပါ။ စိတ်တော့ မရှိပါနဲ့"





အေးဆေးသက်သာ နည်းလမ်းကျသော Flower City Hotel ရဲ့ မန်နေဂျာပြောသော စကားသံအောက်မှာ ကျေးက ဘာပြန်ပြောရမှန်း မသိဘဲ နှုတ်ဆိတ်သွားမိသည်။ နေခြည်ပန်ဆီကသာ စကားသံ ထွက်လာသည်။

"ဟုတ်ကဲ့ ... ခင်ဗျားတို့ဘက်ကလည်း ဘာမှအပြစ်မရှိဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နားမလည်နိုင်တာလေး ရှိလို့ပေါ့လေ ...

အဲဒါ အဲဒီ ဧည့်သည်ထဲက Leader တစ်ယောက်နဲ့ ရအောင် တွေ့ခွင့်ပေးပါလား။ အဲ ... ကျွန်တော်တို့ သူ့ကို နည်းနည်းလောက် စကားပြောချင်လို့ပါ"

"ဩော် ... အခု လောလောဆယ် ဧည့်သည်တွေက အပြင်သွားကြတယ်"

ကျေးနှင့်သူက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ဒီလိုအရေးတွေ မျှော်လင့်ပြီးသား ဖြစ်သော်လည်း ကြည့်လေလေ မရိုးသားဘူးဆိုတာ သိလာလေလေမို့ ကျေး ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာလေ ဖြစ်သည်။ တစ်ခုခုပြောဖို့ တလှုပ်လှုပ် တရွရွ ဖြစ်နေသော နှုတ်ခမ်းများမှာ သူ့စကားကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒါဆိုလည်း သွားလိုက်ဦးမယ်။ တစ်ခု တော့ရှိတယ်။ ကျွန်တော် သူတို့နဲ့ တွေ့နိုင်ဖို့ ထပ်ကြိုးစား ဦးမှာပါ"

သူက ချာခနဲ လှည့်ထွက်လိုက်တာနှင့် ကျေးကပါ ကပျာကယာ လှည့်လိုက်လာရသည်။ လှည့်လာရင်းမှ ကျေး သတိထားကြည့်လာမိတာက Flower City Hotel ရဲ့ သားနားမှု အနေအထား ဖြစ်သည်။ ကျေးတို့ ဟိုတယ်ထက်စာလျှင် FC ဟာ အများကြီး သားနားပါသည်။ ခေတ်နှင့်အညီ အဆန်းအပြား တွေ ပြုပြင်ထားကာ ဆောက်ပြီးတာလည်း နှစ်နှစ်လောက်ပဲရှိ သေးသည်မို့ အခြေအနေအရ သူက ပိုသာတာတော့ အမှန်ပဲဖြစ် သည်။

သို့သော် ကျေးတို့ဟိုတယ်ဟာလည်း စုတ်ပြတ်နေ တာမဟုတ်။ ကိုလိုနီခေတ်ထဲက ရှိခဲ့သည်မို့ တချို့တွေက ပိုတောင်ကြိုက်သေးသည်။

"မနက်က မင်း ပေါက်ကွဲနေတဲ့ ပုံစံနဲ့သာ သွားကြည့်။ မင်းကို Security နဲ့တောင် ဆွဲထုတ်လောက်တယ်။ တွေ့ တယ်မလား။ သူတို့က အငြိမ်"





"ဩော် ... သူတို့ကတော့ ဘာမငြိမ်စရာ အကြောင်းရှိလဲ။ ပြောတတ်တယ် ... ဟွန့်"

သူ့စကားကို တစ်ခွန်းမခံ ကက်ကက်လန်သော ကျေးကို သူက စိတ်တိုလာဟန်ဖြင့် မျက်လုံးပြူးပြသည်။ မျက် လုံးသာ ပြူးပြပေမယ့် သူ တကယ်စိတ်မဆိုးမှန်း ကျေး သိပါ သည်။ ဘာပဲဖြစ်ဖြစ် ဒီလူဟာ ကျေး အပေါ်မှာတော့ စေတနာ ထားတာ၊ ဂရုစိုက်တာ သိသဖြင့် ကျေးနူးတင်ရသေးသည်။

သူနဲ့ကျေး ယှဉ်တွဲကာ ကားရပ်ထားရာ နေရာသို့ ရောက်လာတုန်းမှာပဲ အမိုးဖွင့်ထားသော ပြိုင်ကားအနီရဲရဲတစ် စင်းက ဟိုတယ်ဝင်းအတွင်းသို့ တေးဂီတသံမြူးမြူးဖြင့် ရှေ့ခနဲ ကောင်းဝင်လာသည်။ ဦးထုပ်အဝိုင်းကြီးဆောင်းကာ လွတ်လပ် ပေါ့ပါးသော ချည်သားဂါဝန်ဖြင့် Celebrity တစ်ယောက်နှယ် ဆင်းလာသူက စံမှီဦးရယ်ပါ။ သူမကို မြင်မြင်ချင်း ကျေးက နေခြည်ပန့်ကို မော့ကြည့်လိုက်သော်လည်း သူကတော့ ပဲခပ်များ များပုံစံဖြင့် မသိသလို သိသလို လုပ်နေသည်။

"Hi ... နေခြည်"



www.burmeseclassic.com

www.burmeseclassic.com



အံမယ် ... သူမကတော့ ရည်းစားဟောင်းကို ခပ်မြူးမြူး နှုတ်ဆက်သွားပဲ။ ဦးထုပ်အောက်က မျက်မှန်တပ်ထားသော မျက်လုံးများကိုတော့ မမြင်ရတာမို့ ဘာအဓိပ္ပာယ်ရှိနေမလဲဆိုတာ ကျေး အတပ်မသိနိုင်။ ဒီနေ့ ဖက်ရှင်ကတော့ ကမ်းခြေစတိုင်လ်ကြီး ဖြစ်နေ၍ ဝွမ်းနေသည်ဟု ထင်ရလေသည်။

"ဘယ်ကို လာတာလဲ နေခြည်။ အင်း ... ဒီကိုလာတာပေါ့နော့။ ဒီကို ဘာကိစ္စနဲ့လဲ နေခြည်"

ဒီမိန်းမဟာ ဘယ်သူ ဘယ်ဝါရဲ့သမီးလဲတော့ မသိချေ။ စကားပြောရင်တော့ ရည်းစားချင်းတောင် ဟိုးမိုးပေါ်ကနေ ပြောမယ့်သူပဲ ဖြစ်လေသည်။

"ဒီလိုပါပဲ ... ကိစ္စလေးတစ်ခု ရှိလို့ပါ၊ သွားတော့မယ်"

စကားဖြတ်ကာ အတင်းလှည့်ထွက်ဖို့ပြင်သော သူ့ပုံစံကြောင့် ကျေးပါ အမြန်လှည့်ထွက်ရသည်။ ဒါပေမဲ့ သူမ ဆက်ပြောလိုက်သော စကားကြောင့် ကျေးတို့နှစ်ယောက်စလုံးရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားရပါသည်။

"ယိုးဒယားညှော်သည်တွေနဲ့ ပတ်သက်တဲ့ကိစ္စလား နေခြည်"





အဲဒီစကားကြောင့် သူက အရင်လှည့်ကာ သူမကို စူးစူးရဲရဲကြည့်သည်။ အဲဒီအကြည့်မျိုးကို မျှော်လင့်နေဟန်တူသော သူမက မျက်မှန်ကို အေးအေးဆေးဆေးပဲ ချွတ်လိုက်လေသည်။ ထိမထင်သော မျက်ဝန်းတစ်စုံရဲ့အောက်မှာ ဗုက်ဖဲတစ်ခုရှိနေသေးသလိုပဲ။

"မင်း"

"ညှော်သည်တွေကို ဒီ ဟိုတယ်က ပိုကောင်းတယ်လို့ တို့ပဲ အကြံပေးလိုက်တာပါ။ ဩော် ... ဟို ... မန်နေဂျာလေး ဒါကို ယူလည်း လက်ခံမှာပါနော်"

ကျေးက နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ ကျေးထက် အသက်ရှုသံတွေ မြန်လာတာက သူပဲဟု ထင်ပါသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်သော စံမိဦးကတော့ ရှေ့သို့ခြေလှမ်းတွေပင် တိုးလာလိုက်ရင်းနှင့် ...

"တစ်ဖက်က ရေးဟောင်းဟိုတယ် တစ်ဖက်က ခုမှဆောက်လုပ်ရေးလုပ်ငန်းခွင် ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ ညှော်သည်တွေ ဘယ်လို facility ကောင်းမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လုပ်ငန်းချင်းဆက်နေတဲ့ ယပလက်ပါတနာတွေကို flower city မှာ reconmend လုပ်လိုက်တာ။ အိုခေ ? ...

ဒီအကြောင်းကို လာစုံစမ်းတာနဲ့တူတယ်။ တို့ကပဲ ဖြေပေးလိုက်တယ် နေခြည်"

လူတစ်ယောက်ကို ဒေါသထွက်ပြီ၊ စိတ်ဆိုးပြီဆိုလျှင် ရူးရူးဝါးဝါး အော်ဟစ်ဖို့ကလွဲပြီး ဘာမှမသိသော ကျေးသည် အဲဒီလိုလည်း အော်ဟစ်ခွင့်မရှိဘူးဆိုတာ သိနေသောအခါ ဘာပြန်ပြောရမှန်းမသိဘဲ ကိုယ့်ဒေါသ ကိုယ့်ဘာသာ မျိုချပြီး လူကငုတ်တုတ်မေ့ချင်နေသည်။

"မင်း ဘာသဘောနဲ့ ဒီလို လုပ်ရတာလဲ စံမိုဦး"

"ကိုယ့်ပါတနာတွေကို ဟိုတယ်ကောင်းကောင်းမှာ တည်းစေချင်တဲ့ စေတနာကလွဲပြီး ဘာမှမရှိပါဘူး"

သူက ထိုမိန်းမကို စိတ်ပျက်လက်ပျက်ပုံစံဖြင့် စိုက်ကြည့်နေသော်လည်း ကျေးကတော့ ပြေး၍ကုတ်ဆွဲချင်စိတ်အား ထိန်းချုပ်ထားရသည်။ ဒီမိန်းမပါးစပ်ကနေ ဘယ်လိုပဲမဟုတ်ဘူးပြောပြော ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ ကျေးက အလိုလို သိနေပါသည်။





"ဒီမှာ ... ရှင်တို့ သမီးရည်းစားဟောင်းချင်း မကျေနပ်တာရှိရင် ကိုယ့်ဘာသာကိုယ် ဖြေရှင်းပါ။ ဟိုတယ်ကိစ္စတွေ အလုပ်ကိစ္စတွေနဲ့ ဘာမှမရောပါနဲ့ ...

ရှင့်လုပ်ရပ်က လူကြီးလူကောင်း မပီသဘူး"

"ဟက် ... ဟက် ... ဒါကတော့ ယူတို့ဟိုတယ်က ဒီလောက် အဆင့်မြင့်နေရင် သူတို့ ဘယ်ပြောင်းမလဲ။ Online မှာ ကြော်ငြာကောင်းတိုင်း အထင်ကြီးစရာ မရှိဘူးဆိုတာ တို့က လက်တွေ့သက်သေပြလိုက်တာပါ"

"ကျွတ် ... ရှင် ... အဲဒါ ..."

ဒေါသတွေက ဆောင့်ထွက် အော်ဟစ်ဖို့ ပါးစပ်ပြင်လိုက်သော ကျေးကို သူက ထင်မထားတာ လုပ်လိုက်သည်။ အဲဒါကတော့ ကျေးရဲ့လက်ကိုဆောင့်ဆွဲလိုက်ကာ ကားပေါ်သို့ တံခါးဖွင့်ပြီး တွန်းတင်လိုက်တာပဲ ဖြစ်သည်။ သူလုပ်လိုက်သောပုံစံဟာ ကြမ်းကြမ်းတမ်းတမ်း မြန်မြန်ဆန်ဆန်မို့ ကျေးပင်လိုက်မမီဘဲ အငိုက်မိသွားရသည်။ ပြီးတော့ သူက ကားကိုဝေါခနဲ မောင်းထွက်လာလေသည်။ သတိဝင်လာသော ကျေးက သူ့လက်မောင်းကို ဆွဲလှုပ်ယမ်းကာ ...



www.burmeseclassic.com

"ရှင် ဘာလုပ်တာလဲ၊ ကျွန်မ အဲဒီမိန်းမနဲ့ စာရင်းရှင်စရာ ရှိသေးတယ်"

"ဘာမှ ရှင်းမနေနဲ့၊ ဘာမှ ရှင်းလို့လဲ ရမှာ မဟုတ်ဘူး"

"အောင်မာ ... ဘာလို့ မရ့ရမှာလဲ။ သူ လုပ်ချင်တိုင်း လုပ်နေရအောင် ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ ...

နေပါဦး ... သူက ဘာကြီးလဲ၊ ဘယ်သူ့သမီးမို့ ဒီလောက် ဖင်ခေါင်းကျယ်နေရတာလဲ။ တောက် ... မိုက်ရိုင်းလိုက်တာ"

"မင်းဒေါသကို လျှော့ထားစမ်းပါ ကျေးကျေးကျော်။ ဒီကိစ္စက ခေါင်းအေးအေးထား ဖြေရှင်းရမယ့် ကိစ္စပါ"

"အဲဒါတွေ ကျွန်မ မသိဘူး။ ကျွန်မသိတာ ဒီမိန်းမက ရှင့်ကို မကျေနပ်လို့ လုပ်တာပဲ ဖြစ်ရမယ်။ ရှင်တို့ နှစ်ယောက်ကြားထဲမှာ ဘယ်လိုအကန့်တွေ ရှိခဲ့လည်းတော့ မသိဘူး။ ဒါပေမဲ့ ရှင့်ကို မကျေနပ်လို့ ဒီလိုတွေ အရှုးထနေတာ ရှင့်ကြောင့်ပဲ"

ကျေးရဲ့အော်ဟစ်သံကို ဖုံးလွှမ်းသွားအောင် သူက လည်း ပြန်အော်သည်။





"ငါနဲ့ ဘာမှမဆိုင်ဘူး။ သူ့ကားကို တိုက်တာ မကျေနပ်လို့ မင်းကိုလုပ်တာ"

"နိုးပါ ... နိုး။ ရှင့်ကို မကျေနပ်တာ ... နော်။ ဒါကြောင့် ကျွန်မက ကွဲကွဲပြားပြား သိရအောင်လို့ မေးမလို့ဟာကို ရှင်က လူသတ်မယ့်ဒီဇိုင်းနဲ့ ဆွဲခေါ်လာတာလေ"

သူက နားငြီးလာဟန်ဖြင့် နားကို တစ်ချက်အုပ်ကာ ကားကို လမ်းဘေးသို့ ဆွဲကွေ့ရပ်ပစ်လိုက်သည်။ ကျေးက သူ့ကိုခပ်ဆတ်ဆတ် လှမ်းကြည့်ရင်း ...

"ပြောစမ်းပါ ... အဲ့ မိန်းမက ဘာလဲ။ ဝန်ကြီး သမီးလား"

"ဘာတွေ လျှောက်ပြောနေတာလဲ။ ဘာ ဝန်ကြီးသမီးမှ မဟုတ်ဘူး"

"ဒါဆို ဘယ်ကဟာမလဲ"

"မင်းကွာ ... စကားပြောတာ မရိုင်းစမ်းပါနဲ့"

"ဩော် ... ရှင့်ဟာမထိတော့ ရှင်က နာသလား။ သူ လုပ်ပုံကျတော့ ကောင်းလား၊ လုံးဝ လူပါးဝတာ မိုက်ရိုင်းတာ။ သူ့ဟာသူ ဘာမကြီး ဖြစ်နေ ဖြစ်နေ ကျွန်မကတော့ ဂရုမစိုက်ဘူး။ ဒီမိန်းမကို မှတ်လောက် သားလောက်အောင် တစ်ခုခု လုပ်ရမှ ကျေနပ်မယ်"

www.burmeseclassic.com



ဒေါ်သတွေကြီးက သွေးတိုးပြီး သေတော့မလို ဖြစ်နေသော ကျေးကို သူက မထင်ထားသော အပြုအမူတစ်ခုကို လုပ်လိုက်သည်။ အဲဒါကတော့ ကျေးရဲ့လက်တစ်ဖက်ကို ဆွဲယူ ဆုပ်ကိုင်လိုက်တာပဲဖြစ်သည်။ ရုတ်တရက်တော့ ကြောင်သွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသော ကျေးဟာ သူ့ကို ပြူးကြောင်ကြောင် ကြည့်နေမိသည်။

"မင်း သူ့နဲ့မပတ်သက်ပါနဲ့ ကျေး။ ဒါဟာ မင်းအတွက် ကိုယ့်ရဲ့စေတနာစကားပါ။ မင်း ကျေနပ်အောင် ကိုယ် လုပ်ပေးပါ့မယ်"

တကယ်ကို ရင်ထဲက နှစ်နှစ်ကာကာလာသော စကားမို့ပဲ ငြိမ်သက်သွားရသလား။ ဒါမှမဟုတ် ကိုယ့်လက်ကို ပိုင်စိုးပိုင်နင်း အကိုင်ခံလိုက်ရလို့ပဲလား မသိဘဲ ကျေးက ရုတ်တရက် အငိုက်မိသွားပြီးမှ သတိဝင်လာကာ လက်ကိုဆောင့်ရုန်း မျက်စောင်းထိုးမိသည်။ အဲဒီနောက် ရင်ထဲမှာ နှလုံးခုန်မြန်လာတာလိုလို သွေးတိုးချင်လာတာလိုလို ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်းမသိဘဲ နှုတ်ဆိတ်သွားမိလေသည်။





## ၂၁

တစ်ဖက်က သူ ခေါ်သောဖုန်းကိုဖွင့်ကာ ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် "ကိုယ်ဝါ စံမို"ဟု ပြောလိုက်သော်လည်း ရှင်စကားပြောချင်ရင် မျက်နှာချင်းဆိုင်ပြီးပြောပါဟု ဆိုလာသောကြောင့် သူနှင့် စံမိုသည် အပြင်မှာတွေ့ဖို့ အကြောင်းဖန်လာခဲ့ပါသည်။ အဝတ်အစား ဝတ်ရာမှာ Celebrity တစ်ယောက်နှယ် တစ်ခါတစ်ရံ မင်းသမီးတွေထက်တောင် သာလွန်မြင့်မားအောင် ဝတ်ဆင်တတ်သူ စံမိုဟာ အခုလည်း အပြာနုရောင် ဖာကိုယ်ကျပ် ဂါဝန်အတိုကို ဝတ်ဆင်ထားသည်။ သူမကိုယ်သူမ ထင်းထွက်နေအောင် အမြဲ တမ်း ဝတ်စားပြင်ဆင်တတ်သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြောချင်တဲ့ကိစ္စက တစ်နေ့က ဟိုတယ်ကိစ္စမှ ဟုတ်ရဲ့လား နေခြည်"

သူက စံမှီကို စိတ်လျှော့ထားသည့် အကြည့်၊ ငြိမ်းချမ်းရေး အကြည့်တို့ဖြင့် ကြည့်လိုက်ကာ နူးနူးညံ့ညံ့ပဲ ခေါ်လိုက်သည်။ ဒီမိန်းမဟာ သူ့ကို တစ်ဆကြမ်းရင် ဆယ်ဆပြန်ကြမ်းတတ်၊ အတ္တကြီးလွန်းအားကြီးတဲ့ မိန်းမမျိုးလေ။

"စံမှီ"

သူမက ပြောပါလားဟူသော ပုံစံမျိုးဖြင့် ပြန်ကြည့်နေသည်။

"တစ်နေ့က ကိစ္စက မင်း ဘယ်သူ့ကို မကျေနပ်လို့ လုပ်တာလဲ။ ကိုယ့်ကိုလား ... ကျေးကျေးကျော်ကိုလား"

"မကျေနပ်တာတွေ 100% ပြည့်သွားတော့ လုပ်ဖြစ်သွားတဲ့ သဘောပါပဲ။ ရှင့်ကို မကျေနပ်တာ 50% လောက်နဲ့တော့ လုပ်ဖြစ်ချင်မှ လုပ်ဖြစ်မယ်။ နှစ်ယောက်ပေါင်းတော့ လုပ်ဖြစ်သွားတာပေါ့"

"အဲဒီလို လုပ်လိုက်လို့ မင်းမှာ ဘာအကျိုးရှိလဲ"





"ရှင်တို့ ဒေါသထွက်ပြီး မျက်နှာတွေက ဘီလူးနဲ့ ဘီလူးမ ရုပ် ထွက်လာတာ ကျွန်မ အကျိုးပေါ့ရှင်"

သူက စိတ်ကို အတန်တန် လျှော့ချလိုက်ပုံဖြင့် မျက်လုံးမှိတ်ကာ သက်ပြင်းရှိုက်မိသည်။ စံမှီ တစ်ယောက် ပြင်ဦးလွင်ကို ရောက်လာတာ ကောင်းသောလာခြင်းမှ ဟုတ်ပါလေစ။ စံမှီ့ကို တန်ပြန်နည်းလမ်းနှင့် ကိုင်တွယ်လို့ မရနိုင်ဘူးဆိုတာ သူ သဘောပေါက်လိုက်သည်။ မိုက်ရူးရဲဆန်သော လူတွေမှာ အာဏာနှင့်ငွေကြေး တစ်ခုခု ရောက်သွားလျှင် ကျန်သူတွေ ပျက်စီးရတတ်ပါသည်။

"ပြင်ဦးလွင်မှာ မင်း ဘာအလုပ်ရှိလဲ စံမှီ"

"ဟက် ... တို့ကို ဒီလောက်နဲ့ပဲ ပြန်သွားဖို့ မျှော်လင့်နေတာလား။ ရှင်သိအောင် တို့ ပြောပြမယ်။ အခု တို့လာတာ မန္တလေးနဲ့ ဒီမှာ အိမ်ရာတစ်ခုဆောက်ဖို့လာတာ၊ ရန်ကုန်နဲ့ အမြဲကူးနေမှာ၊ နွေတစ်နွေလုံး တို့ ဒီမှာပဲရှိမယ် ... အိုခေ ? "

သူက စံမှီ့ကို စိတ်ပျက်လက်ပျက်နှင့် စိုက်ကြည့်နေလျှင် သူမက ဂရုမစိုက်ဟန်ဖြင့် ဟက်ခနဲ ရယ်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အနှောင့်အယှက်ပေးဖို့ လိုက်လာတယ် ထင်နေ
တာလား နေခြည်။ ရှင် ကြိုက်သလို ထင်လို့ရတယ်နော်။
ကျွန်မ ဖြေရှင်းမှာ မဟုတ်ဘူး"

"မင်း ဘာဖြစ်ချင်တာလဲ စံမို"

"တို့ စိတ်မှာ ဆန္ဒဆိုတာ မရှိခဲ့တာ တော်တော်ကြာပြီပဲ"

"ကျွတ် ... အဲဒီလို အခြေမြစ်မရှိတဲ့ စကားတွေ မပြော
နဲ့လေကွာ။ မင်းပဲ ခုနတုန်းကတော့ ဘီလူးရုပ်တွေမြင်
တာ မင်းအတွက် အကျိုးရှိတယ်ဆို ...

ကိုယ် မင်းကို မေတ္တာရပ်ခံပါတယ်။ ကျေးဇူးပြုပြီး
မင်း ကျေးကျေးကျော်ကို မနှောင့်ယှက်ပါနဲ့"

သူ့စကားမှားသွားတာလား၊ သူ့စကားဟာ သဘော
ကျစရာ ဖြစ်သွားတာလားတော့ မသိချေ။ စံမိုရဲ့မျက်လုံးတွေက
ဖျတ်ခနဲ တောက်ပသွားကြကာ နှုတ်ခမ်းတွေက ကော့ညွတ်သွား
သည်။

"ကောင်းပြီလေ ... ရှင် ပြောချင်တာ ဒါပဲလား"

သူမက လှည့်ထွက်ဖို့ပြင်သည်။ ဒီလောက် မြန်မြန်
ဆန်ဆန် သဘောကောင်းတာတော့ မဖြစ်နိုင်ချေ။ သူက တစ်ခု





ပြောဖို့ ကြိုးစားလိုက်သော်လည်း ဘာစကားမှ နှုတ်ကထွက်မလာ
ပါ။

"စံမို"

သူမက မြွေပွေးပါးပျဉ်းထောင်သလို ဆတ်ခနဲ
လှည့်ကြည့်သည်။

"ဘာမှ မဟုတ်တော့ပါဘူး"

ကောင်းသော စကားကို ဆိုမည်ဖြစ်သော်လည်း
သူမက အကောင်းထင်မှာ မဟုတ်သဖြင့် သူက ဘာမှမဟုတ်
လိုက်ရသော်လည်း သူမကတော့ နှုတ်ခမ်းကိုတွန့်၍ မဲ့သည်။
ပြီးတော့ သူ့ကို လုံးဝလှည့်မကြည့်စတမ်း ကားကို ခပ်ကြမ်း
ကြမ်းမောင်း၍ ထွက်ခွာသွားပုံမှာ ယာဉ်တိုက်မှုဖြစ်မှာတောင်
စိုးရိမ်စရာ ဖြစ်ပါသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com

"စံမှိုဦးနဲ့ နေခြည့်ကို ဘာကြောင့် ပြတ်သွားကြလဲလို့ သူများတွေက အံ့သြကြပေမယ့် ကျွန်တော်ကတော့ မအံ့သြဘူးဗျ။ ခုဆို ပိုလို့တောင် မအံ့သြသေးတယ် ...

ယောကျ်ားလေးတစ်ယောက်အနေနဲ့ ရုပ်ရည်၊ ပညာ အရည်အချင်းနဲ့ နောက်ခံဘက်ဂရောင်းတို့ကို မက်မောစရာကောင်းပေမယ့် စံမှိုဦးဟာ ကြောက်စရာကောင်းတဲ့ မိန်းကလေးမျိုးလေ။ အထူးသဖြင့် သူက တစ်ယူသန်လေ။ ဒါဆို ဒါပဲ သူ့ကိုလည်း ဖူးဖူးမှုတ် ဆက်ဆံနေမှ ကြိုက်တဲ့ဟာမျိုး အဲဒီလို ပဒေသရာဇ်ဆန်ဆန် မိန်းမမျိုးကိုရတဲ့ ယောကျ်ားကတော့ တော်တော်စိတ်ညစ်ရမှာပေါ့ ...

အဲဒီလိုမျိုး ..."





ကျေးသည် ကိုညီညီ ပြောပြသည့် အကြောင်းအရာတွေကို လက်ပိုက်ကာ ခေါင်းတညိတ်ညိတ် နားထောင်နေမိရင်း မျက်လုံးထဲမှာ စံမှိုဦး ဆိုသော မိန်းမကို မြင်ယောင်လာသည်။ သူမဟာ ဘယ်သူဘယ်ဝါရဲ့သမီး ဆိုတာ သိလိုက်ရတော့ သူမ ဘာကြောင့် ဒီလောက် မောက်မာရိုင်းစိုင်းနေရသလဲဆိုတာ ထူးပြီး မအံ့သြမိတော့ချေ။ ဒီလို မိုးမြင့်ထိပ်ဖျားက မိန်းမကို လမ်းခွဲခဲ့သည့် နေခြည်ပန့်ကိုသာ အံ့သြမိတော့သည်။

ဒါကလည်း ထူးပြီး မအံ့သြတော့ပါ။ ကိုယ်ပိုင် အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်က ဒီမိန်းမအနားမှာ ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာတွေရှိရှိ နေနိုင်မှာတဲ့လဲ။

"ဘယ်လိုပဲဖြစ်ဖြစ် သူတို့က လိုက်ဖက်ပါတယ်"

ကျေးရဲ့ပြောင်စပ်စပ် အပြောကို ကိုညီညီက ရယ်ဟာဟာဖြင့် တုံ့ပြန်သည်။

"ဘာလဲ ... အပြင်ပန်း အနေအထားကို ကြည့်ပြီးပြောတာလား"

"အင်းပေါ့ ... စိတ်ထားကတော့ မလိုက်ဖက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟ။ ပန်ကြီးကို စိတ်ထားကောင်းတယ်လို့ ဆိုလိုချင်တာလား။ ပန်ကြီးက စိတ်ထားကောင်းပါတယ်။ ဒီကောင်ကြီးက နည်းနည်းအနေတည်တာကြောင့်ပါ။ ဒါပေမဲ့ ကျေးကျေးကိုတော့ ခင်ရှာပါတယ်"

"ဟွန်း ... သူ မခင်လည်း ဘာမှမဖြစ်ပါဘူး။ လောလောဆယ်တော့ ဟိုမိန်းမ ဘယ်လို ဒုက္ခထပ်ပေးဦးမလဲ ဆိုတာပဲ တွေးပြီး ရင်တမမ ဖြစ်နေတာ ...

ဒီ မိန်းမက ဒီမှာ ဘယ်လောက်တောင်များ ကြာကြာနေမှာပါလိမ့်"

စိတ်ပျက်လက်ပျက်ပုံစံနှင့် မေးထောက်ကာ ညည်းညူနေသော ကျေးကျေးကို ညီညီက ကရုဏာသက်စွာ ကြည့်မိသည်။ အတွေ့အကြုံ နုနယ်လွန်းပြီး တစ်ချက်တစ်ချက် ကလေးဆန်တာကလွဲလို့ အလုပ်ပေါ်မှာ အင်မတန် တာဝန်ကျေ စေတနာထားလွန်းသော ဒီမိန်းကလေးကို စံမိုဦး နှောင့်ယှက်မှာကိုလည်း မလိုလားပါ။

နေခြည်တစ်ယောက် စံမိုဦးနဲ့ သွားတွေ့နေတယ်ဆိုတာ သူက သိထားသဖြင့် ဘယ်လိုဖြစ်လာမယ်ဆိုတာ စိတ်ဝင်စားနေမိသည်။





"ခက်တာက စံမိုဦး လုပ်နေတဲ့ အကွက်တွေက ပီရိနေတာပဲ။ ဘလိုင်းကြီး တိုက်ခိုက်တာမျိုး မဟုတ်တော့ အရေးယူဖို့လည်း ခက်တယ်။ ဥပမာ ... ဟိုတယ်ကိစ္စကိုပဲ ကြည့်လေ"

"သူတို့ချင်း ပြန်ပြေလည်ရင်လည်း ကောင်းသားရှင်။ ကျွန်မကလည်း သူနဲ့ ထိပ်တိုက် မတွေ့ချင်ပါဘူး။ ကိုယ့်အလုပ်ပဲကိုယ် အေးအေးဆေးဆေး လုပ်ချင်တာပါ။ သူနဲ့ယှဉ်ပြိုင်ဖို့ အားအင်တွေလည်း မရှိလှပါဘူး"

"ဟာ ... ဟ ... နားရှိလို့သာ ကြားရတယ်"

အဲဒီစကားက ညီညီက ပြောလိုက်ခြင်း မဟုတ်ဘဲ ကျေးရဲ့နောက်နားက ထွက်လာသော အသံမို့ လှည့်ကြည့်လိုက်လျှင် နေခြည်ပန်ကို မထိတရီရုပ်နှင့် တွေ့လိုက်ရတာမို့ ကျေးကျေးမှာ ချက်ချင်းပဲ စူပုပ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဒါ ကျေးကျေးကျော် အစစ်မှ ဟုတ်ရဲ့လား"

"အစစ်ပေါ့ ... အတုဆို ဒီလောက် ဘယ်တွေးတတ်မလဲ။ သူများတွေက ဦးနှောက်ဉာဏ်နည်းတယ်ဆိုပြီး ရွဲ့ရဲ့တာ ခံရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါနဲ့ဆိုရင်တော့ ယှဉ်ဖိုက်ဖို့ ဝန်မလေးဘူးလေ။ ခုမှ ယှဉ်ပြိုင်ဖို့ အားအင်တွေ မရှိတော့ဘူးလေ ဘာလေး ဆိုတော့ ကျေးကျေးကျော်မှ ဟုတ်ပါလေစလို့ပါ"

"ဟုတ်တယ်ရှင့် ... ဟုတ်တယ်။ ကျွန်မက နံရံကိုခေါင်းနဲ့ဆောင့်တဲ့ အလုပ်မျိုးကို မလုပ်ဘူး။ တကယ်ပြောတာ ကျွန်မ အေးအေးဆေးဆေးပဲ နေချင်တာ ...

သူက ဘာလိုချင်တာလဲ၊ ရှင့်ကို လိုချင်တာလား၊ ဒါဆိုလည်း ရှင်တို့ချင်း ပြေလည်အောင် ညှိလိုက်ကြပေါ့ရှင်"

"တော်စမ်းပါကွာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာထူးလဲ ... နေခြည်"

ကိုညီညီက သူ့ကိုကြည့်ကာ မေးလိုက်သဖြင့် တစ်ခုခုပဲဆိုတာ ကျေးက ရိပ်မိလိုက်သည်။ မဟုတ်မှလွဲရော သူ့ရည်းစားဟောင်းနှင့် ညှိနှိုင်းခဲ့တာလား၊ တွေ့ခဲ့တာလား မသိပါ။ သူ့ပုံစံက ပြောရခက်သလို ဝေခွဲရခက်သလို ဖြစ်နေပြီးမှ နောက်တော့ မထူးပေဘူဟန်ဖြင့်။

"စံမိုးဦးက မန္တလေးနဲ့ ပြင်ဦးလွင်က အိမ်ရာစီမံကိန်းအတွက် ရောက်လာတာလို့ ပြောတယ်။ သူ ကြာဦးမယ့် သဘောပေါ့"





သူ့စကားအဆုံးမှာ အားလုံး ခေတ္တခဏတော့ တိတ်ဆိတ်သွားကြသည်။ ဘာကြောင့်မှန်းမသိ ကျေးက သူ့ကို ရုတ်တရက် ကြည့်မိသွားချိန်ဝယ် သူကလည်း ကျေးကို လှမ်းကြည့်တာနှင့် ကြုံသည်။ သူ့အကြည့်တွေထဲမှာ နွေးထွေးမှုတွေ ကရုဏာရိပ်တွေ ပါသဖြင့် ကျေး ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားရသော်လည်း ချက်ချင်း ဝင်လာသော အသိနှင့် သတိအရ သူက ငါ့ကို ဘာလို့ အဲဒီလိုကြည့်ရတာလဲဟူသော စိတ်ဖြင့် နှုတ်ခမ်းကို တင်းပစ်လိုက်သည်။

"စိတ်မပူပါနဲ့ ကျေးကျေး"

"......"

ကျေးသည် တစ်ခုခု ပြန်ပြောမည် ပြင်ပြီးမှ မပြောဖြစ်တော့ဘဲ အဲဒီနေရာမှ ရုတ်တရက် ထလာခဲ့မိသည်။ ဘာကြောင့်မှန်းမသိဘဲ စိတ်ထဲမှာ ဝမ်းနည်းသလိုလို ဒေါသထွက်သလိုလို ခံစားနေရတာကလည်း ထူးဆန်းသည်။ အဲဒီထက် ထူးဆန်းတာကတော့ အဲဒီ ခံစားချက်တွေဟာ ဘယ်သူ့ကြောင့်ဟု တရားခံရှာမရတာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

“ကိုမြသိန်းတို့အဖွဲ့က မဆင်းတော့ဘူးတဲ့ ဆရာ။ တစ်ဖွဲ့လုံး တခြားဆိုက်ကို ပြောင်းသွားပြီ”

လက်ရှိအလုပ်,လုပ်နေသော ပန်းရံနှစ်ဖွဲ့မှ တစ်ဖွဲ့က ပျောက်ခြင်းမလှ ပျောက်သွားလျှင် သူက အန္တရာယ်ရဲ့အငွေ့အသက်ကို စတင်ရှူရှိုက်မိသွားသည်။ မျက်လုံးထဲမှာ စံမှိုဲ့ကို ပြေးမြင်လိုက်သော်လည်း ချက်ချင်း အပြစ်မတင်သေးပါ။ စံမှိုဲ့တို့ ပရောဂျက်တွေ စဖို့က အနည်းဆုံး တစ်လလောက်တော့ လိုသေးသည် မဟုတ်လား။

ဒါပေမဲ့လည်း အခြေအနေကို တိတိကျကျ စုံစမ်းသောအခါ ဒါဟာ တကယ်ပဲ စံမှိုဲ့လက်ချက် ဖြစ်နေခဲ့သည်။ သူ့ကို ထိမထင်ဟန်ဖြင့် နားရွက်ကို တံတွေးနှင့်ဆွတ်သလို ဖုန်းထဲ





ကိုလည်း လျှာထုတ်ပြောင်ပြနေသည့် ကာတွန်းရုပ်ပုံ မက်ဆေ့လည်း ပို့လိုက်သေးသည်။ ဒေါသထွက်ရမှာကိုတောင် ကိုယ့်ဒေါသနှင့် မတန်သလို ခံစားရပြီး စံမှိုဲ့ကိုသာ စိတ်အပျက်ကြီး ပျက်နေမိတော့သည်။ ညီညီကတော့ စိတ်တွေတိုကာ သူ သိလာရသောသတင်းကို ဖောက်သည်ချသည်။

“သူတို့ ပရောဂျက်က မ,စသေးပေမယ့် ဒီမှာ မင်းသမီး (........)က ခြံဝယ်ထားပြီး အိမ်ဆောက်မှာလေ။ လောလောဆယ် အဲဒီကို ပို့ထားတယ်လို့ ပြောတယ်”

“ဘယ်တတ်နိုင်မလဲကွာ၊ သွားရန်တွေ့လို့ ရတဲ့ကိစ္စမှ မဟုတ်တာ။ နောက်ထပ်ချိန်းတဲ့အဖွဲ့ကို စာချုပ်နဲ့ သေချာလုပ်ရတော့မှာပေါ့”

“မြားဦးက မင်းဘက်ကို လှည့်လာတယ်နော်။ မင်းကို သူ ခုထိ အခဲမကြေသေးတာလား၊ ကြားထဲမှာ အေးအေးဆေးဆေး ရှိပြီးသား မဟုတ်လား”

“အင်း ... ဒါပေမဲ့ ဟိုနေ့ကတွေ့တော့ ကျေးကျေးကို မနှောင့်ယှက်ပါနဲ့လို့ သူ့ကို ငါ ပြောလိုက်မိတယ်။ အဲဒီတုန်းက သူ ကြည့်သွားတဲ့ မျက်လုံးတွေရဲ့အဓိပ္ပာယ်ကို ငါ မပေါက်ခဲ့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ သဘောပေါက်တော့တယ်”

“ဘာလဲ ... ဒါဆို ကျေးကျေး အစား မင်းကိုနှောင့်ယှက်မယ်ဆိုတဲ့ သဘောလား။ ကျွတ် ... ဘယ်လိုကြီးလဲကွာ။ လောကမှာ ဒီလို အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေကို လုပ်တဲ့ မိန်းမမျိုးလည်း ရှိသေးသလား”

“ငါတို့ ဥက္ကဋ္ဌ ချမ်းသာတယ်ဆိုတာ အောက်သက်ကြေ ခဲ့တယ်။ သာမန်လူလတ်တန်းစား ဘဝကနေ အဆင့်ဆင့် ကြိုးစားပြီး ဒီဘဝကို ရောက်လာတာ ...

အဲဒီအတွက် သူကိုယ်တိုင် သာမန်လူဘဝက လာခဲ့ တာမို့ သာမန်လူတွေရဲ့ခံစားချက်ကို နားလည်တယ်။ စံမှီဦးတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာတာ။ သူ မွေးလာတည်းက သူက လိုတိုင်းတ ရခဲ့တဲ့ စည်းစိမ်ဥစ္စာ အပြင် အာဏာရ အသိုင်းဝန်းနဲ့ပါ ပတ်သက်ခဲ့ရတော့ သူ လုပ်တာတွေက အဓိပ္ပာယ်ရှိတာ မရှိတာ သူ မသိဘူး။ သူ့ကို ဆန့်ကျင်တာမှန်သမျှ သူ့ရန်သူ။ သူ့စိတ်ဓာတ်ကို က စစ်အာဏာရှင် စိတ်ဓာတ်မျိုးလေ”

“ဟူး ... ဘယ်လိုလုပ်မလဲကွာ”





“ဒီလိုပဲ ကြည့်နေရတာပေါ့။ မင်း ကျေးကျေးကိုတော့ ဘာမှသွားပြောမနေနဲ့ကွာ။ သူ သိရင် အလကား စိတ်တို နေဦးမယ်”

ညီညီက ခေါင်းတစ်ချက် ညိတ်ပြသည်။ သို့သော် ညီညီ မပြောလည်း ဒါမျိုးကိစ္စဆို အကင်းပါးသော ကျေးကျေးက သိသွားလေသည်။ သိဆို နေ့လယ်ခင်း Tea Time အချိန်မှာ အလုပ်သမားတွေကို မုန့်ကျွေးတော့ တစ်ဖွဲ့က သိသိသာသာ ပျောက်ဆုံးနေကာ မုန့်တွေပိုနေသည် မဟုတ်ပါလား။

ဒါကြောင့် သူ့ဆီသို့ ဘောက်ဆတ် ဘောက်ဆတ် ဖြင့် ရောက်လာသည်။ တီရှပ်အနက်ဖစ်တင်နှင့် ရှမ်းဘောင်းဘီ လို ပင်နီရောင်ဘောင်းဘီပွပွှကာ ခါးမှာ လုံချည်လို ပတ်ဝတ်ထား ပြီး တိုင်းရင်းသူလိုလို ဘာလိုလိုပုံစံနှင့် သူ နေချင်သလိုနေသော ကောင်မလေးသည် စံမှီနှင့် Style ကျပုံခြင်း ကွာလှသော်လည်း နှလုံးသားရဲ့ အလှစစ်ကို သူ ရှာဖွေတွေ့ခဲ့ပြီတည်း။

“Good Afternoon”

“တကယ် Good သလား ကိုဘီအီးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်းကောင်းနှုတ်ဆက်သော်လည်း သူမက ငေါ့တော့တော့ဖြင့် ပြန်မေးသည်။ ပိုရယ်ဖို့ ကောင်းတာကတော့ သူ့ကို ကိုဘီအီးဟု ခေါ်လိုက်တာပဲ ဖြစ်တော့သည်။ ပြုံးရင်းနဲ့မှကို ဟက်ဟက်ပက်ပက် ရယ်ချင်လာသဖြင့် ရယ်ချလိုက်မိသည်။ အင်း ... ညစ်နွမ်းနေသော သူ့စိတ်တွေဟာ ခုမှပဲ လန်းဆန်းသွားတော့သည် ထင်ပါရဲ့။

"ဘာလဲ ... ကိုဘီအီး ဆိုတာ ? ?။ မင်းက ငါ့ကို ဘီအီးချတယ် ထင်နေတာလား။ တစ်ခါမှတောင် မသောက်ဖူးဘူး"

"ဟက် ... အိုးမလုံ အုံပွင့်မနေစမ်းပါနဲ့။ ဘီအီးဆိုတာ ရှင်ရထားတဲ့ဘွဲ့ကို ပြောတာလေ"

"သြော် ... ငါ့ဘွဲ့လား။ ငါက ဘီအီး၊ မင်းက ဘီအေ။ ဘီအီးရဲ့ ဘီအေပေါ့ ... ဟုတ်လား"

"အောင်မာ ... ဘာ ဘီအီးရဲ့ဘီအေလည်း၊ ဘာဆိုင်လို့လဲ"

အဲလိုပြောပြီး မျက်စောင်းကို တနင့်တပိုး ထိုးချလိုက်သော သူမရဲ့မျက်နှာမှာ အနည်းငယ်ရဲသွားတာကို သတိပြုမိလိုက်လျှင် သူ့ရင်ထဲမှာ တစ်ချက် နွေးသွားရသည်။ မိန်းကလေး





တစ်ယောက်ဟာ ရှက်သွားတာကို ရှက်သွားတယ်ဟု မသိစေချင်ဘဲ အတင်းမာန်လုပ်ထားတဲ့ပုံ၊ ဂရုမစိုက်ပါဘူးဟု အချိုးချိုးထားပုံဟာ အမြင်ကတ်စရာ မကောင်းဘဲ တအားကြင်နာစရာကောင်းနေပါသည်။

"ဒါဆို ဘီအေရဲ့ဘီအီးလား"

"ရှင် ... ဘာဖြစ်နေတာလဲ"

ခပ်စူးစူး အော်လိုက်ရင်း ခပ်နီနီ ဖြစ်လာသော မျက်နှာကြောင့် သူက ကိုယ်ရှိန်သတ်လိုက်မိသည်။ ကြည့်စမ်း ... တကယ်ဆို သူ့အတွက် ဒီအချိန်ဆိုတာ စိတ်အနှောင့်အယှက်ကြီးစွာနဲ့ စိတ်ပျက်လက်ပျက် ဖြစ်နေရမည် မဟုတ်ပါလား။ ဒါပေမဲ့ ဘာကြောင့် စိတ်လက်ပေါ့ပါးစွာ နွေးထွေးနေရသလဲတော့ မပြောတတ်ပါ။

"ဘာမှ မဖြစ်ပါဘူး။ ကဲပါ ... မင်းလာရင်းကိစ္စကို ပြောပါဦး"

"ဒီနေ့ အလုပ်သမားတွေကို ကျွေးဖို့ လက်ဖက်သုပ်ထားတာလေ။ အများကြီး ပိုနေတယ်။ တစ်ဖွဲ့က မလာတော့ဘူးဆို ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှမပြောဘဲ ပခုံးတွန့်ပြလိုက်သည်။ သူ့မျက်နှာကို စိုက်ကြည့်ရင်း အဖြေရှာနေသော ကျေးကျေးကျော်သည် စက္ကန့်ပိုင်းအတွင်းမှာပဲ အဖြေရသွားဟန်ရှိသည်။ ရုတ်တရက် ထအော်လိုက်သည်မှာ လန့်တောင်သွားလေသည်။

"တိုမိန်းမ လုပ်ပြန်ပြီလား"

"အား ... ကျွတ် ... လန့်လိုက်တာကွာ ဖြည်းဖြည်းအော်ပါ။ ရုတ်တရက်ကြီး ထအော်တာ၊ ဘာမှန်းလဲ မသိဘူး"

သူက ပွစိ ပွစိ ပြောသော်လည်း သူမက ဘယ်နှယ့်မှ နေဟန်တူဘဲ နှုတ်ခမ်းတွေက တလှုပ်လှုပ် တရွရွ ဖြစ်လာကာ...

"ဒီတစ်ခါတော့ ရှင့်ကို ဦးတည်တိုက်ခိုက်တာပေါ့၊ ဟုတ်လား"

"အင်း ... အဲ့လိုသဘောမျိုးပေါ့"

"ဘာ အဲလို သဘောမျိုးပဲ။ သူက ဘာလို့ အဲ့ဒါတွေ လုပ်နေရတာလဲ သူ ရူးနေလား"

"အဲဒါတော့ ငါလည်း မသိဘူး"

"ကျွတ် ... ရှင့်ကို သူ ချစ်နေတုန်းပဲ ထင်တယ်"

"ဘာ ... အဟက် ... ဟက်"





"ဘာရယ်တာလဲ"

"ဟုတ်တယ်လေ ... ဒီလောက် လိုက်ဒုက္ခပေးနေတာ ချစ်နေတုန်းပဲဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဟား ဟား ... ဒါဆိုရင်တော့ ရှင် သိပ်ညံ့သွားပြီ"

"အင်း ... ပြောပါဦး။ ညံ့ရတဲ့ အကြောင်းအရင်းကို"

သူက ပြုံးစစဖြင့် စကားထောက်ပေးလိုက်သည်။ သူမပုံစံက အပိုင်သေချာတဲ့အကွက်ကို ထုတ်ဖော်ပြောတော့မည့်ဟန်ဖြင့် မာန်ဝင့်လို့ နေသည်။

"အဲ့ ... မိန်းမက စုန်းမတွေလိုပဲလေ။ စုန်းမဆိုတာ လူတစ်ယောက်ကိုမုန်းမှ ပြုစားနှောင့်ယှက်တာ မဟုတ်ဘူး၊ ချစ်ရင်လည်း ပြုစားနှောင့်ယှက်တာပဲ။ R U Ok? "

"အင်း ... လက်ခံနိုင်လောက်ပါတယ်"

"သူက ရှင့်ကို ဘာလို့ ဒုက္ခပေးတာလဲ။ သူ ဘာဖြစ်ချင်နေတာလဲ"

"အဲဒီမေးခွန်းကို ငါလည်း သိချင်နေတာပဲကွာ"

သူမက ကြံရာမရ ပုံစံဖြင့် တခြားတစ်နေရာကို ငေးနေသည်။ သူ့အတွက် ဘာလုပ်ပေးရင် ကောင်းမလဲ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ငေးမောနေသော သူမကိုငေးကာ သူ့ရင်ထဲမှာ ဖြစ်လာသော ခံစားချက်က ဆွတ်ပျံ့ဖွယ် ကောင်းလှပါသည်။ တတ်သလောက် မှတ်သလောက် မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် စဉ်းစားခန်းဝင်နေသော ဒီကောင်မလေးရဲ့ စေတနာတွေဟာ သူ အာရုံခံလို့ရသော နှလုံးသားထဲမှာပဲ။

"ထားလိုက်ပါတော့ ခေါင်းထဲ ထည့်မနေပါနဲ့"

"မထည့်လို့ ရမလား။ သူက တစ်မျိုးပြီးတစ်မျိုး ဒုက္ခပေးနေတာ ဘယ်လိုလုပ်မလဲ၊ သူ လုပ်တာတွေကလည်း ငွေအင်အားနဲ့ ဖိနေတာ ဆိုတော့လည်း ပြောရခက်တယ်"

"ဒါဖြင့် ဘာလဲ။ ကျွန်မတို့က သူ လုပ်သမျှ ငြိမ်ခံနေရတော့မှာလား"

"သူ လုပ်လို့ရတဲ့ဟာတွေ ရှိသလို လုပ်လို့မရတဲ့ဟာတွေလည်း ရှိပါတယ်။ သိပ်လည်း စိုးရိမ်မနေပါနဲ့ ကျေးကျေးကျော်ရယ်"

"အောင်မာ ... စိုးရိမ်လို့ ပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"မခံချင်လို့ ပြောနေတာ"





"........"

သူ့အတွက် မခံချင်လို့ ပြောနေတာဆိုတဲ့ အဓိပ္ပာယ်ရောက်နေသည်မို့ သူက ပြုံးစစဖြင့် ကြည့်လိုက်လျှင် သူမက ဘာကြည့်တာလဲ ဟူသော ပုံစံဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ပြသည်။ မမြင်နိုင်သော ဆက်သွယ်မှု တစ်စုံတစ်ရာသည် သူတို့နားတွင် ရောက်နေသလို ခံစားရပြီး ဒီအနီးတစ်ဝိုက်လေးမှာပဲ နွေးထွေးသော အရာတစ်ခုက ကျရောက်နေသလို ခံစားရတာ ထူးဆန်းပါသည်။

"ဒါနဲ့ နေပါဦး။ အခု အလုပ်သမားတစ်ဖွဲ့ မရှိတာ ရှင် ဘယ်လိုဖြေရှင်းမလဲ"

"ရှာရမှာပေါ့ကွာ။ အလုပ်တော့ နည်းနည်းနှောင့်နှေးသွားတာပေါ့"

"ဟင် ... မဖြစ်သင့်ဘူးနော်"

နွမ်းလျသည့် မျက်နှာလေးနှင့် သစ်ပင်ကို မှီကာ ပြောလိုက်သော သူမပုံစံလေးကိုကြည့်ကာ သူ့ရင်ထဲမှာ ကြည်နူးရပါသည်။ မေတ္တာစိတ်ဟာ လူတစ်ယောက်ကို ချစ်စဖွယ်ကောင်း လှပစေသည်ဟု အထင်ခံရလေသလား မသိပါ။ တွေ့ခါစက



www.burmeseclassic.com

www.burmeseclassic.com



ကဗျစ်ကညစ် မန်နေဂျာမလေးဟု အထင်ခံခဲ့ရသော သူမဟာ ခုတော့လည်း သူ့မျက်စိရှေ့မှာတင်ပဲ ချစ်ဖို့ကောင်းသော မန်နေဂျာမလေးအဖြစ် သတ်မှတ်ရပြီဖြစ်သည်။

ဘာမှမခြယ်မသဘဲ ဝင်းဝင်းလေး တည်ရှိနေသော မျက်နှာပေါ်မှ အလှတရားတစ်ခုဟာ တန်ဖိုးရှိမှန်းလည်း သူ နားလည်ခဲ့ရပေပြီ။

"ကျေးဇူးပဲ ... ကြေးကြေး"

"ဟင် ... ဘာလို့လဲ"

သူမက မျက်လုံးပြူးကာ ပြန်မေးသည်။ မျက်လုံးတွေက အင်မတန် ဝိုင်းစက်တာမို့ ပြူးပြလိုက်လျှင် ချစ်စဖွယ်ကောင်းသွားတတ်သည်။ အဲဒီပုံစံလေးကို သူက ခေါင်းပုတ်လိုက်ချင်သော်လည်း မသင့်တော်သောကြောင့် ငြိမ်နေရသည်။ အင်း ... အဲဒီလိုသာ ခေါင်းပုတ်လိုက်ရင် သူမ ဘယ်လောက်တောင်များ စိတ်ဆိုးသွားမလဲ။

"ဒီလိုပါပဲ ကျေးဇူးတင်တယ် မင်းကို"

၊သူ့အတွက် သူမ စိတ်ပူပေးတာ၊ မခံချင်ဖြစ်ပေးတာ စိုးရိမ်တာ စသဖြင့် ဒါတွေအတွက် ကျေးဇူးတင်သည်ဆို





လည်း ဒီကလေးမက လက်ခံမှာမဟုတ်ချေ။ ဒါကြောင့် အကြောင်းရင်း ဖော်မပြတော့လည်း သူမက မကျေမနပ်ဟန်ဖြင့် ဟင်ခနဲ နှာခေါင်းရှုံ့ကာ လှည့်ထွက်သွားတော့သည်။ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် လျှောက်သွားသော ကောင်မလေးတစ်ယောက်ကို သူက နောက်ကနေ ကြည့်ကာ ပြုံးပဲ ပြုံးနေမိတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၃

အခုတလောဒ္ဓ ကျေးတွင် အလုပ်တစ်ခု ပိုလာသည်။ ခါတိုင်းက ဘုရားဆိုလျှင် တစ်ပတ်တစ်ကြိမ်တောင် ရှိခိုးရဲ့လား ကိုယ့်ကိုယ်ကိုယ် မသေချာသော ကျေးဟာ ခုတော့ မနက်စောစောမှာ ဘုရားရှိခိုးကာ မေတ္တာသုတ်ရွတ်ရတာ အမော။ တခြား ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်းစတာတွေလည်း မရိုးသဲဆီက သင်ယူကာ စာအုပ်ကြည့်ပြီး ရွတ်ဖတ်ရသည်၊ ပုံစံကြည့်ရတာဟာ တစ္ဆေ၊ သရဲ လာမည့်အလား။ တကယ့်ကို တစ္ဆေ၊ သရဲနှင့်တူသည့် စံမှီဦးကို ကျေး ကြောက်ရွံ့လေသည်။

ပြီးတော့ ကျေး ဘုရားကို အားကိုးရသည်မှာ ကျေးအတွက်ပဲမဟုတ်။ အို ... ပြောရလျှင် ကျေး အတွက်တောင်





အဲဒီလောက်မဟုတ်။ သူ့အတွက် ... သူ ဆိုသည်မှာ ဘီအီး နေခြည်ပန် အတွက်က အဓိက ဖြစ်လေသည်။ တစ်နေ့က ကိုညီညီ ပြောပြ၍ သိရသည်မှာ နေခြည်ဟာ ကျေးကို ဘာ အနှောင့်ယှက်မှ မပေးဖို့ စံမှီဦးကို ပြောခဲ့သည်ဆိုပဲ။ ဒါကြောင့် စံမှီဦးဟာ နေခြည့်ကို အမြင်ကတ်တဲ့ပုဒ်မနဲ့ ဆက်၍ နှောင့်ယှက် ဖွယ် ရှိသည်ဟု ကိုညီညီက ပြောပြခဲ့တာလေ။

ကျေးက အဲဒါကြောင့် နေခြည်ပန့်အတွက် စိုးရိမ်သည်။ ဘာကြောင့်မှန်းမသိဘဲ သူ့ကို စံမှီဦး ဒုက္ခပေးတာ သနားနေမိသည်။ အလုပ်သမားတစ်ဖွဲ့ လျှော့သွားသဖြင့် သူ တော်တော် ကသီသွားတာ၊ မန္တလေးဆင်းပြီး လူရှာရတာ ပင်ပန်းတာစသဖြင့် သနားနေမိတာလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြရသေးသည်။ ဒီလူ လေးလုံးခြောက်ဖက်ကို ကျေးက ဘာသနားစရာလိုလဲလေ။ ဒါပေမဲ့ လည်း မောမောပန်းပန်းနှင့် မန္တလေးက ပြန်လာတာတောင် ကျေးတို့အတွက်ဟုဆိုကာ ဗေဒါရွှေကြာလက်ဖက်နှင့် အကြော် ရယ်၊ ကျေး ကြိုက်တတ်တဲ့ ဘုရားကြီးက အချဉ်ပေါင်းရယ်ကို တခုတ်တရ ဝယ်လာပေးတာ ကျေး ကိုယ်တိုင်တောင် ထူးဆန်း အံ့သြနေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မချိုသဲကတော့ ကျေးကို မထိတထိပြောသည်။

"ဘုရားကြီးက အချဉ်ပေါင်းတောင် ဝယ်လာတယ်ဆိုတော့ အင်း ... ယောက်ျားလေးတွေလည်း တကယ် ဟိုဒင်းဖြစ်လာပြီဆိုရင် ဟိုဒင်းကျတော့တာပဲနော်"

"ဘာဟိုဒင်းဖြစ်ရင် ဟိုဒင်းကျတော့တာပဲလည်း မချိုသဲရဲ့။ ဟိုဒင်းတွေ များနေတယ်"

"ဩော် ... ဘာဟိုဒင်းမှ မဟုတ်ပါဘူး။ ကျေးပဲ စဉ်းစားကြည့်လေ။ တချို့ ချစ်သူရည်းစား ကောင်လေးတွေတောင် အချဉ်ပေါင်းတို့ ဘာတို့ဆိုတာ ဝယ်ပေးချင်ကြတာ မဟုတ်ဘူး။ ဘုရားကြီးထဲထိ သွားပြီး တခုတ်တရနဲ့ ...

သူ့ပုံစံနဲ့ စဉ်းစားကြည့်ဦးလေ"

အဲဒီနေ့က ကြည်ပြာရောင် ကွမ်းရိုးစင်း ရှပ်အကျႌလေးနှင့် ကြည့်ကောင်းစမတ်ကျသောသူက မလိုက်ဖက်သော အချဉ်ပေါင်းထုပ်များကိုကိုင်ပြီး ရောက်လာသည့်အတွက် ကျေးတောင် မှတ်မှတ်ထင်ထင် ဖြစ်ကာ အံ့သြခဲ့ရသည်။ ရင်ထဲမှာလည်း ပီတိဖြစ်ခဲ့ရပါသည်။ ပီတိဆိုတာက အခြားမဟုတ်။ ရောက်ခါစက ကျေးအပေါ် အထင်မကြီးခဲ့သော၊ ရာထူးကို မတန်မရာ ရယူထား





သည်ဟု ထင်ထားခဲ့သော သူက ကျေးကို အသိအမှတ်ပြုလာခြင်းအပေါ် ပီတိဖြစ်တာဖြစ်သည်၊ သူ့ကို ဘယ်လောက်ပဲ အမြင်မကြည်ပါဘူးပြောပြော သူ့ရဲ့လုပ်ရည်ကိုင်ရည်နဲ့ အရည်အချင်းဟာ ချီးကျူးစရာမို့ ကျေးက ကျိတ်၍အားကျခဲ့ရသည်။ ဒီလို လူတစ်ယောက်နှင့် အဆင်ပြေလာခြင်းအပေါ် ကျေးက ပီတိဖြစ်ပါသည်။

အို ... ပီတိတွေ Export လုပ်လို့တောင် ရတော့မည်။

ပီတိဟာ ပီတိအဆင့်မှာပဲရှိပြီး အဲဒီထက်ပို၍ ကျေးမတွေးခဲ့ပေ။ ယောက်ျားလေးတစ်ယောက်က ကိုယ့်အပေါ်မှာ ရင်းနှီးခင်မင်တိုင်း ဒါကို ကျေးက ကိုယ့်ကိုယ်ကိုယ် အခွင့်ရေးမယူ အထင်မကြီးခဲ့ပါ။ ဒါကြောင့်လည်း ဘယ်သူဘာပြောပြော ကျေးက အဖြူရောင်ထက် အတွေးမပိုခဲ့ပါချေ။ ဒါကြောင့် ကိုယ့်အပေါ်မှာ စေတနာရှိ ကာကွယ်ပေးချင်တဲ့စိတ်ရှိသော ပါတနာတစ်ယောက်ကို သူ ဒုက္ခပေးခံရမှာ စိုးရိမ်တာတော့ မဆန်းဘူးထင်သည်။

တစ်နေ့မှာတော့ စံမိုးဦးနှင့် ကျေး ဆိုက်ဆိုက်မြိုက်မြိုက် ဆုံဖို့ဖြစ်လာခဲ့သည်။ ရန်ကုန်ကို လူကြုံကားရှိသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မေမေမှာသော သစ်ခွမျိုးတွေ ထည့်ပေးဖို့ရာ ပျိုးဥယျာဉ်သို့သွား ရာမှ သူမကိုလည်း ဘာကိစ္စရယ်မသိဘဲ အဲဒီ ပျိုးဥယျာဉ်မှာ တွေ့ရသည်။ ဒီမိန်းမ ရှိနေတုန်းပဲဟ မပြန်သေးဘူးလားဟူသော အတွေးဖြင့် ကျေးက သူ မမြင်အောင် သစ်ခွတန်းတွေထဲ ပုန်း ရှောင်နေပါသည်ဆိုမှ ရှေ့မှ ဘွားခနဲ ပေါ်လာသောအခါ ရုတ် တရက် လန့်မအော်မိအောင် ထိန်းလိုက်ရသည်။

“ဟာ ဟ … တစ်ယောက်ယောက်ကို ပုန်းနေလားလို့ ကျေးကျေးကျော်”

သူမက အင်မတန် အမြင်ကတ်စရာကောင်းသော အောက်ကလိအာသံဖြင့် မေးသည်။ တစ်ဖက်သားကို လှောင် သလိုလို ကလိသလိုလို ပုံစံမျိုးကို ဒီမိန်းမမို့လည်း လုပ်လည်း လုပ်တတ်ပါပေသည်။

“ပုန်းရအောင် ကျွန်မမှာ ကြွေးရှင်လည်း မရှိပါဘူး”

ပြောလိုက်ပြီးမှ ကျေးစကားက မှားမှန်းသိသွား သည်။ သို့သော် မသိချင်ဟန်ဆောင်နေလို့လည်းမရ။ ပန်ကာ ထိပ်ကဝက်အူ စံမိုဦးဟာ ပခုံးတစ်ဖက်ကိုတောင် ဟန်ပါပါတွန့် လိုက်သေးကာ …





“ဟက် … ဟက် … သေချာလို့လား။ တို့က ယူ့ရဲ့ကြွေး ရှင် မဟုတ်ဘူးလား”

“ရတယ်လေ … ရှင်က ကြွေးရှင်အဖြစ် သတ်မှတ်ရင်လည်း အခုပြော … ကျွန်မ ဆပ်မယ်”

“တကယ်လား”

“ရှင် ပြောကြည့်လေ။ ကျွန်မ တတ်နိုင်တာဆို ဆပ်တာပေါ့”

“ယူ့ ကျူးလစ်ပ်က ထွက်ရမယ်”

“ဘာရယ်”

“သိပ်လည်း မထိတ်လန့်သွားပါနဲ့။ တို့က မတရား မလုပ်ပါဘူး။ ယူ့ကို တို့ပိုင်တဲ့ ဟိုတယ်တစ်ခုမှာ အလုပ် ပြန်ပေးမှာပါ။ လခလည်း အခုရနေတာထက် တက်ပေး မယ်၊ ဘယ်လိုလဲ …

ယူ ဆပ်ရမယ့် အကြွေးက ယူ့အတွက် မနစ်နာပါ ဘူးနော်”

“ရှင် ဘာသဘောနဲ့ ဒီလို အခွင့်အရေးတွေ ပေးလဲဆိုတာ မသိပေမယ့် ကျွန်မအတွက် ကောင်းကျိုးမရှိနိုင်ဘူးဆိုတာ သိနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ဟက် ... ဒါဆိုရင် အကြွေးမဆပ်ဘူးဆိုတဲ့ သဘောလား။ သေချာစဉ်းစားဦးနော်။ ယူ့ရဲ့အကြွေးက နေခြည်ပန့်ကို ကယ်တင်နိုင်တယ်ဆိုတဲ့ အကျိုးကျေးဇူး တစ်ခုပါ ရှိသေးတယ်ဆိုတာ မေ့မနေနဲ့"

"ရှင် ဘာဖြစ်နေတာလဲ။ ဦးနှောက်ရော ကောင်းသေးရဲ့လား။ ဘာလို့ နေခြည်ပန့်ကို ဒုက္ခပေးချင်နေရတာလဲ"

"မှာက် ... ဒုက္ခပေးတာ မဟုတ်ပါဘူး၊ အဲ ... ဒုက္ခပေးတယ်လို့ သတ်မှတ်ရင်လည်း ယူ့ကြောင့်ပဲလေ"

"ဘာဆိုင်လို့လဲ"

"ခြော် ... ယူ မသိဘူးလား။ နေခြည်က တို့ကို Request လုပ်ထားတယ်လေ။ ယူ့ကို ဘာဒုက္ခမှ မပေးပါနဲ့တဲ့။ ပေးချင်းပေး သူ့ကိုပေးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဟုတ်တယ်ဟလား ? "

"ကျွတ် ... ဘာသဘောနဲ့ ဒီလိုတွေ အနှောင့်အယှက်ပေးတယ်ဆိုတာ ကျွန်မ လုံးဝနားမလည်ဘူး ...

အဲဒီအတွက် ရှင့်မှာ ဘာအကျိုးရှိလဲ"





"ဟာ ... ဟ ... ယူတို့တွေက တစ်မြေတည်းနေ တစ်ရေတည်းသောက်လို့လား မသိဘူး။ မေးခွန်းတွေကလည်း အတူတူတွေပါပဲလား ...

ယူ တစ်ခုသိထားဖို့က တို့က တို့ကို တစ်ခါလောက် စိတ်အနှောင့်အယှက် ပေးတဲ့လူတွေကို အနည်းဆုံးငါးခါလောက်တော့ ပြန်လုပ်ရမှ ကျေနပ်တယ် ...

အခုမှ နှစ်ခါလားပဲ ရှိသေးတော့ မင်းသာ အကြွေးမဆပ်ရင် နေခြည့်အတွက် အနှောင့်အယှက်ဆိုတာ လာဦးမှာပဲလေ ... ဟင်း ဟင်း"

ပြောနေပုံက ... ပြောနေပုံက။ ပြောနေပုံက အင်မတန် အမြင်ကတ်စရာ ကောင်းလိုက်တာမှ တစ်ခြံလုံးက ပန်းတွေတောင် အကျည်းတန်ကုန်သည်ဟု ထင်ရသည်။

"ရှင် ... သွားသေလိုက်"

ကျေးက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်လိုက်သော်လည်း သူမရဲ့အေးစက်စက်စကားသံက ကျေးရဲ့နောက်ကျောမှာ ကပ်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူ ... တို့ကို ထပ်စော်ကားသွားပြန်ပြီနော်။ အဲဒီအတွက် ယူ့ အကြွေးထပ်တင်သွားပြီဆိုတာ သိထားရဲ့လား"

စုန်းမတစ်ယောက်ရဲ့ ခြိမ်းခြောက်သံလို ကျေးရဲ့ ကျောထဲက စိမ့်တက်သွားသော်လည်း မှားချင်သွားသည့် ခြေလှမ်းတွေကိုထိန်းကာ ဆက်လျှောက်လာခဲ့သည်။ ဒေါသလည်းထွက် ကြောက်လည်း ကြောက်နေသော ကျေးဟာ စိတ်ရှုပ်ထွေးရှုပ်ကာ မွန်းကျပ်လာသည်။ ဒါကြောင့် တုန်တုန်ယင်ယင်နှင့် ကားစက်နှိုး ရင်းမှ ထိုမိန်းမကို ပျစ်ပျစ်နှစ်နှစ် ရေရွတ်မိလေသည်။

"အရူးမ"

○ ❦ ○





## ၂၄

သူသည် အဝေးမှာ တစ်ယောက်တည်း ငေးနေသော ကျေးကို မြင်သောအခါ ရင်ထဲမှာ ဆွတ်ပျံ့သလို ဖြစ်သွားသည်။ ဒီကောင်မလေးဟာ ရာသီဥတုနှင့် ဆင်တူတဲ့ကောင်မလေးဟု သူ အမည်တပ်ချင်သည်။ သူမရဲ့စိတ်ခံစားချက်အတိုင်း နေထိုင်သူ မိန်းကလေးသည် တစ်ခါတစ်ရံတော့လည်း တောက်ပတဲ့ နေရောင်ခြည်လို နွေးထွေးစေကာ တစ်ခါတစ်ရံတော့လည်း မှောလွင့်နေတဲ့ မိုးတိမ်လို သာသာယာယာ ရှိလှသည်။ သူမရဲ့ခေတ်ဟာ တစ်ဖက်သားကို ကူးစက်စေအောင် အရှိအတိုင်း နေတတ်သော မိန်းကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဝေးကိုငေးနေသော ကျေးရဲ့ပုံစံဟာ တောင်ပြာတန်းတွေနှင့် ဆင်တူနေသည်။ တောင်ပြာတန်းရဲ့ လွှမ်းလွှမ်းဆွေးဆွေး ဒီနိုင်းလေး။ သူက သူမအနားသို့ ခြေသံမကြားအောင် တိုးကပ်သွားမိလျှင် တချောက်ချောက် အသံကနားထဲသို့ တိုးဝင်လာသည်။ ဘာလုပ်နေတာပါလိမ့်။ စူးစမ်းစိတ်ဖြင့် သူက ခါးကိုင်းကြည့်လိုက်လျှင် ချွတ်ခနဲ အသံမြည်သွားကာ သူမက လှည့်ကြည့်လာသည်။

"ဘာလုပ်နေတာလဲ ကျေးကျေး"

သူမက ဘာပြန်ဖြေရမှန်း မသိသလို ပခုံးတွန့်ပြသည်။ တချောက်ချောက် အသံမြည်ထွက်နေသော သူမရဲ့လက်ကို ကြည့်လိုက်တော့ ဘာလီစက့်လေးတစ်လုံး။

"ပုတီးစိပ်နေတာလား"

"အင်း ... ဟုတ်တယ်"

"ဘာတွေ စိပ်နေတာလဲ"

"သံဗုဒ္ဓေ"

"သံဗုဒ္ဓေ ! "





သူက သံယောင်လိုက်ရွတ်ရင်း သူမဘေးက နေရာလွတ်လေးမှာ တင်ပါးစွန်း ဝင်ထိုင်မိသည်။ သူမက ခုံတန်းလေးတစ်ခုမှာ ထိုင်နေတာလေ။

"မင်းကိုကြည့်ရတာ တစ်ခုခုကို အသည်းအသန် စိပ်နေရတဲ့ပုံပဲ"

"ဟုတ်တယ် ... ကျွန်မ သံဗုဒ္ဓေတစ်ထောင် စိပ်နေတာလေ"

"တစ်ထောင်တောင်။ ဘာလဲ ... အဓိဋ္ဌာန်လား"

"ဟုတ်တယ်"

"အဲဒါ တစ်ထောင်ပြည့်ရင် ဘာဖြစ်လဲ"

"အန္တရာယ်ကင်းတယ်လေ။ သူများ ကိုယ့်ကို အန္တရာယ်ပေးလို့မရဘူး။ ပြုစားလို့မရဘူး"

"ဟက် ... ဟက် ... ဘာလဲ ... စုန်းမတစ်ယောက် ပြုစားမှာ စိုးလို့လား"

သူ့ရဲ့ရည်သွမ်းသွေးပုံစံကို သူမက လှောင်ရကောင်းလားဟူသော ပုံစံဖြင့် မျက်လုံးပြူးကြည့်သည်။

"ရှင် ... ငရဲကြီးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... ငါက မင်း ပုတီးစိပ်တာကို လှောင်တာ မဟုတ်ပါဘူး။ လူလူချင်း အဲဒီလောက် ဂရုမစိုက်ဖို့ ပြောချင်တာပါ"

သူမက ပြောမည်ပြင်ထားသော နှုတ်ခမ်းတို့ကို ဖွင့်မည်လုပ်ပြီးမှ ပိတ်လိုက်သည်။ တစ်ခုခုကို ပြောချင်နေပုံရပါသည်။ ဒီကောင်မလေးဟာ ဟန်ဆောင်မကောင်းတာလား ဟန်ကို မဆောင်တတ်တာလားတော့ မသိ။

"မင်း ... တစ်ခုခုကို ပြောချင်နေသလိုပဲ။ ဘာပြောချင်တာလဲ"

"အင်း"

"ပြောပါ ကျေးကျေးကျော်။ မင်းမှာ ကိုယ်တို့ပဲရှိတာ၊ တို့တွေကို မပြောရင် မင်း ဘယ်သူ့ကို ပြောမှာလဲ။ မင်းမှာ ဘာအခက်အခဲပဲရှိရှိ ဘာစိတ်ညစ်စရာပဲရှိရှိ ကိုယ်ကိုပြောပြပါ"

"ကျွန်မ တစ်နေ့က စံမှီဦးကို ပျိုးခြံမှာ တွေ့ခဲ့တယ်"

"အင်း ... အဲဒီတော့"

"ကျွန်မတို့ကို သူနှောင့်ယှက်ဦးမှာတဲ့လေ"





"သြော် ... ကျေးရယ်။ မင်းက အဲဒါကို serious ဖြစ်နေတာလား။ သူ ပြောတိုင်း လျှောက်ယုံမနေစမ်းပါနဲ့ကွာ။ သူက ဂေါက်နေတာ"

"သူ ဂေါက်နေတာ အကြောင်းရောင်းပြီး ဂေါက်နေရင်တော့ ကျွန်မ ဘယ်ဂရုစိုက်မလဲ။ အခု သူက ငွေပုံပေါ်ထိုင်ပြီး ဂေါက်နေတာဆိုတော့လည်း ဂရုစိုက်ရတာပေါ့"

နှမ်းလျ အားလျှော့သံလေးဖြင့်ဆိုသော ကျေးကို ကြည့်ကာ သူ့ရင်ထဲမှာ ကရုဏာမြစ်တစ်စင်း ဖြတ်စီးသွားသည်။ စံမှီ ... စံမှီ ... ဒီဘဝတော့ ကုသိုလ်ကံပေးကောင်းလှပေမယ့် နောင်ဘဝတော့ သူများကို ဒုက္ခပေးထားတာ ဘာတွေ ဘယ်လိုခံရမလဲ မသိချေ။ လောလောဆယ်မှာတော့ ဒီကောင်မလေးကို သူ သနားနေသည်။ ရိုးသားစွာ ရုပ်တည်ရှန်းကန်နေသော မိန်းကလေး တစ်ယောက်ရဲ့ ရတက်မအေးမှုဟာ သူ့ကိုလည်း လာရိုက်ခတ်သည်ဟု ထင်ပါသည်။

"ဘာပဲဖြစ်ဖြစ်ပါ ကျေးရယ်။ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ သူ လုပ်ချင်တိုင်း ဘယ်လုပ်လို့ ရမလဲ။ အဲလောက်လည်း Stress မများပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အံရင်လိုပဲ ပျော်နေတာ မြင်ချင်တယ်"

သူ့ရဲ့ နောက်ဆုံး တိုးတိတ်သော စကားသံအဆုံးမှာ သူမက မျက်လုံးဝိုင်းတွေ ဖျတ်ခနဲ လက်သွားအောင် သူ့ကို မော့်ကြည်လာသည်။ ဒါပေမဲ့ သင်္ကါရမျက်ဝန်းတို့ဟာ ခဏပဲဖြစ်လျက် သူ မထင်ထားသော စကားကို ဆိုလာသည်။

"နေပါဦး ... ရှင်က ကိုယ့်ရည်းစားဘက်က မပါဘဲ ဘာလို့ ကျွန်မဘက်က ပြောပေးနေရတာလဲ"

"ကျွတ် ... ဘယ်က ကိုယ့်ရည်းစားရမှာလဲ"

"ရည်းစားလက်ကျန် သံယောဇဉ်တော့ ရှိမှာပေါ့"

"ဟား ဟား ... ဘာသံယောဇဉ်မှ မရှိတော့ဘူး"

"ဟွန်း ... ယောက်ျားတွေများ အပြောင်းအလဲ မြန်လိုက်တာ"

"အင်း ... အဲဒါတော့ မဟုတ်လောက်ပါဘူး။ မင်းက ကိုယ့်သာ ပြောနေတယ်၊ မင်းကျတော့ရော ဘာလို့ စံမိုးဦးဘက်က ပါနေရတာလဲ"

"အံမယ် ... မပါ,ပါဘူး။ ကျွန်မက ဖြစ်သင့်တာကို ပြောပြတာ"





"အဟား ... မင်းမှာ ဖြစ်သင့်တယ် မဖြစ်သင့်ဘူးဆိုတဲ့ ခွဲခြားတဲ့အတွေးမျိုး ရှိတယ်ပေါ့"

သူမက သူ့ကို ဒိုင်းခနဲ မျက်စောင်းထိုးသည်။ အဲဒီမျက်စောင်းကွယ်ပျောက်နေတာ နည်းနည်းတောင် ကြာခဲ့ပြီမို့ သူ့ရင်ထဲတွင် ပြင်ဦးလွင်ကို စရောက်ခါစက အချိန်တွေကို သတိရသွားမိသည်။ တလွဲတွေ လုပ်တတ်သော ကောင်မလေး၊ ဂျစ်တူးမလေး၊ သူပြောတာကို မကျေနပ်၍ မျက်ရည်ပေါက်ကြီးငယ်ကျကာ ငိုယိုအော်ဟစ်ခဲ့သော ကောင်မလေး အင်း ... ဒီကောင်မလေးဟာ ခုတော့လည်း မဆိုစလောက် ရင့်ကျက်လာပြီပဲ။

"ဟက် ဟက် ... ခုမှပဲ ကျေးကျေးကျော် အစစ်နဲ့တူသွားတော့တယ်"

"အောင်မာ ... ဘယ်ဟာက အတုလဲ"

"အခုနပုံက အတုလေ။ မျောက်မိုင် မိုင်နေတဲ့ပုံက မင်းနဲ့မှ မတူတာ မိုင်မနေနဲ့။ မျောက်အိုမကြီးနဲ့ တူနေမယ် ... ဟာ ... ဟ"

ပြောပြီးတာနှင့် သူက လျှာတစ်လစ်ထုတ်ကာ လှစ်ခနဲ ပြေးထွက်လာခဲ့သည်။ အငိုက်မိကျန်ခဲ့သော သူမက



www.burmeseclassic.com

www.burmeseclassic.com



အယ်ခနဲ ဖြစ်သွားပြီး ထိုင်ရာမှထကာ ဆွေ့ဆွေ့ခုန် အော်ဟစ်ရင်း ကျန်ရစ်ခဲ့သည်။

"ကြည့်စမ်း ... ရှင်တော့်လား ... တွေ့မယ် ... တွေ့မယ်"

"ဟား ... ဟား ... ဟား ... ဟား"

သူ့ရယ်သံက အနီးတစ်ဝိုက်မှာ ကြည်သာစွာ ပျံ့နှံ့သွားသည်ဟု ထင်ပါသည်။ ခပ်လှမ်းလှမ်းရောက်တော့ သူမကို လှည့်ကြည့်မိသည်။ သူမက သူ့ကို ခါးတစ်ဖက်ထောက်ပြီး လက်သီးထောင်ပြနေတာနှင့် ကြုံသည်။ သူက ခေါင်းမော့ကာ ထပ်ရယ်မိသည်။ ငယ်ထိပ်မှာ ဆံထုံး စုထုံးထားပြီး တီရှပ်ပန်းနုရောင် အတို၊ ပန်းရောင်ပွင့်ကြား ဘောင်းဘီတို့ဖြင့် ဘာပုံပေါက်နေမှန်း မသိသော်လည်း သူ့မျက်လုံးထဲမှာတော့ ချစ်ဖို့အကောင်းဆုံးပဲ ဖြစ်နေတော့သည်။

○ ❦ ○





## ၂၅

အခုတလောမှာ ကျေးတစ်ယောက် ပုတီးစိပ်၊ ဂါထာတွေရွတ်လွန်းလို့လားတော့မသိ။ အချိန်တွေသာ ကုန်လာသည်။ စံမှီဦးရဲ့အနှောင့်အယှက် တစ်စုံတစ်ရာကို တွေ့မလာရသေးချေ။ ဒါကြောင့် တစ်နေ့သောနံနက် ဘူဖေးဝိုင်းမှာတောင် နေခြည့်ကို တွေ့သောအခါ ပြောမိသေးသည်။

"ဘီအီး ... ခုတလော ကျွန်မ ဘုရားတရားတွေ အရမ်းလုပ်လို့လား မသိဘူးနော်။ စံမှီဦးရဲ့အနှောင့်အယှက်တွေ ဘာမှ ရောက်မလာသလိုပဲ"

သူက ပေါင်မုန့်တစ်ချပ်ကို လိမ္မော်ယိုသုတ်နေရင်းမှ ကျေးကို ပြုံးစစဖြင့် ငဲ့ကြည့်သည်။ တကယ်တော့ ပြုံးစစဆို



www.burmeseclassic.com

www.burmeseclassic.com



တာထက် ချစ်စနိုးလိုလို ဘာလိုလို အဲဒီလို သူ့မို့ ငုံကြည့်လျှင် ကျေး ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိဘဲ ခံစားရသည်။ ဝမ်းသာတာလိုလို ဝမ်းနည်းတာလိုလိုပါလေ။

"မင်း ကြည့်ရတာ စံမှီဦးကိုပဲ နေ့တိုင်း သတိရနေသလိုပဲနော်"

ကျေးက သူ့ကို မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ ထိုးမယ့်မျက်စောင်းဟာ မထိုးဖြစ်တော့ဘဲ သူ လုပ်နေတာကို မထင်မှတ်ဘဲ ငေးစိုက်မိသွားသည်။ သူက ပေါင်မုန့်ကို နှစ်ယောက်စာ သုတ်နေတာဖြစ်ပြီး ကော်ဖီကလည်း နှစ်ခွက်ဖျော်ထားတာကို တွေ့ရသည်။

"ကဲ ... စားလို့ရပြီ ဒေါ်ဘီအေ"

"ဘာ ... ဘီအေလဲ ... ရှင်နော်"

"ဟာ့ ဟ ... မင်းကျတော့ ကိုယ့်ကို ဘာလို့ ဘီအီးလို့ ခေါ်လဲ။ မသိရင် ကိုယ်ကပဲ ကဇော်သမား အရက်သမားကျနေတာပဲ၊ မခေါ်စမ်းပါနဲ့ကွာ အဲဒီနာမည်ကြီး"

အဲဒီလိုပြောသော သူ့မျက်နှာက ချိုမြမြ ဖြစ်နေတာကလည်း တစ်မျိုးတော့ ထူးဆန်းလှသည်။ အို ... ဘာမှန်းတော့





မသိပါ။ ဟိုတယ်က လူတွေကလည်း သူနဲ့ကျေးကို ကြည့်သောအကြည့်တွေဟာ တစ်မျိုးတစ်မယ် အဓိပ်ပယောင်တွေဟု ကျေးထင်သည်။

ဘာလိုလို အကြည့်တွေအောက်မှာ ကျေး ခလုတ်တိုက်ချင်လာသည်။ ခုလို သူက Breakfast ပြင်ပေးတာကို တစ်ဖက် က ကျေနပ်ကြည်နူးသော်လည်း တစ်ဖက်က အနေခက်စိတ်ကျဉ်းကျုတ်လှသည်။

"နေပါဦး"

"နေပါတယ် ... ဘယ်သွားမှာမို့လဲ၊ ဒီမှာ မင်းနဲ့အတူစားမှာပဲဟာ"

ကျေးက သူ့ကို ထပ်မံ၍ မျက်စောင်းထိုးမိပြန်သည်။ ကျေးဟာ စကားပြောလျှင် နေပါဦး ... မေးစရာလေးရှိတယ်၊ နေပါဦး ... မသိလို့ မေးပါရစေ အစရှိသဖြင့် နေပါဦး ဆိုသော စကားကို ခံပြီးမှ ပြောတတ်သော အကျင့်ရှိတာကို သူက ပြောင်တာဖြစ်သည်။

"ကျွန်မ စကား အကောင်းပြောမှာနော်"

"ခါတိုင်းကတော့ မကောင်းတာတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျေးက သူ့ကို ဘာဖြစ်နေတာလဲ ဟူသော အကြည့်ဖြင့် ခပ်တင်းတင်း ကြည့်မိလိုက်လျှင် သူက အိုခေ ... အိုခေ ပြောပါ ဟူသော သဘောဖြင့် လက်ဝါးထောင်ပြသည်။

"ရှင် ... ခုတလော ဘာဖြစ်နေတာလဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

သူက ပေါင်မုန့်ကို ပလုတ်ပလောင်းဝါးကာ ကော်ဖီကိုသောက်ရင်း ပြန်မေးသည်။ သူ အဲဒီလို မေးတော့လည်း ကျေးပါးစပ်က ပြောမထွက်ပြန်ဘူး။ ခုတလောမှာ ရှင် ဘာဖြစ်လို့ ကျွန်မကို ဂရုစိုက်နေတာလဲလို့ ကျေးက ဘယ်လိုပြောထွက် မေးရပါ့မလဲ။ အကျပ်ရိုက်ရလေသည်။

"ဘာလဲကွ ... ငါက ခုတလော ဘာဖြစ်နေလို့လဲ"

စကားပြောလျှင် သူ့ကိုယ်သူ ငါဖြစ်လိုက် ကိုယ်ဖြစ်လိုက်နှင့် ပြောနေသော သင်းကို ကျေးက မျက်လုံးစွေကြည့်မိကာ ဘယ်လိုစကားလုံး စ,ရပါ့ဟု စဉ်းစားအကြံထုတ်နေမိသည်။ အကြံထုတ်လို့ရ၍ ပါးစပ်ဖွင့်လိုက်စဉ်မှာပဲ သူ့ဖုန်းက ရုတ်တရက် ထမြည်ခဲ့လေသည်။





"ဟယ်လို"

"........."

"ဪ ... ဟုတ်လား။ အင်း ... အင်း ... ဟုတ်တာပေါ့၊ ဟုတ်ပြီလေ ဒါဆို ကျွန်တော် ခုပဲ ဆင်းခဲ့လိုက်မယ်၊ အိုခေ ... ဖြစ်တယ်"

ဆင်းခဲ့လိုက်မယ် !။ ကျေးက သူ့စကားကို စိတ်ထဲမှ သံယောင်လိုက်ရွတ်ပြီး ဘယ်သွားမလို့ပါလိမ့်ဟု တွေးတောနေမိသည်။ သူက ဖုန်းကိုချလိုက်ပြီးနောက် လက်ကျန်ပေါင်မုန့်ကို ကိုက်ဝါးကာ ကော်ဖီကို မော့်ရင်း ကျေးဘက်သို့ မေးတစ်ချက်ဆတ်ရင်း ...

"မနွံလေး ခဏ ဆင်းဦးမယ် ... ဘာမှာဦးမလဲ"

"မှာပါဘူး"

အဲဒီစကားများကို အနားက ဖြတ်သွားသော မချိုသဲက ကြားကာ အဟမ်း ... အဟမ်း လုပ်သွားသဖြင့် ကျေးမျက်နှာက ရဲသွားရသည်။ သူကတော့ ခပ်တည်တည်ပါပဲ။ ကော်ဖီကို လက်စသတ် ထပ်မော့ရင်း ...

"အချဉ်ပေါင်းစားမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ... ဘာကြီးမှန်း မသိပါဘူးကွာ။ မေးတဲ့စကားတွေကတော့ ရိုးရိုးသားသားပါပဲ။ ဘာထိကပါး ရိကပါးမှ ပါနေတာမဟုတ်။ ဒါပေမဲ့ ဘာဖြစ်လို့မှန်း မသိဘဲ သူ့စကားတွေဟာ အရမ်းတရင်းတနှီးကြီး ဆန်နေသည်ဟု ထင်သည်။ သမုဒယဟုတ်တယ်၊ သမုဒယနွယ်နေတယ်၊ တယုတယ ဆန်နေတယ်၊ သူ့ရဲ့ဘာလိုလို ကိုယ်က ဖြစ်နေတယ်လေ။

"စားချင်ပါဘူး"

ဟင်း ... ငါ ပြန်ဖြေတဲ့ အသံကလည်း မဟုတ်သေးပါဘူး။ ပြန်နွဲ့နေသလိုလို၊ စိတ်ကောက်နေသလိုလို ကျွတ် ဘာတွေလဲကွာ။ ဘာအခြေအနေကြီးလဲ။

"ဘာလို့လဲ ... မင်း အရမ်းကြိုက်တဲ့ အချဉ်ပေါင်းလေ။ ငွေးသီးပေါင်း မစားဘူးလား"

"အာ ... မစားဘူး။ မစားဘူး။ ဝယ်မလာနဲ့"

"ဝယ်လာမှာပဲ အပြောင်းလဲ မြန်မနေနဲ့။ အပြောင်းလဲမြန်နေရင် မကြိုက်ဘူး၊ သွားမယ် ... ကောင်းကောင်းနေခဲ့"

သူက ကျေးရဲ့ခေါင်းကို ဆတ်ခနဲပုတ်ကာ ပြောရင်းဆိုရင်း ချက်ချင်းပဲ ထထွက်သွားလျှင် ကျေးမှာ ဒေါပွပြီးကျန်ခဲ့





ရလေသည်။ သူကတော့ ကျေးတစ်ယောက် ခုန်ဆွ ခုန်ဆွ ဖြစ်ကျန်မှာကို သိနေသည့်အလား နောက်လှည့်မကြည့်ဘဲ လက်တစ်ဖက်တောင် ပြသွားခဲ့သေးသည်။ ခုန်နေသော ရင်ဘတ်ကို ထိန်းချုပ်ရင်း အံကြိတ်ကျန်ခဲ့သော ကျေးဟာ ရင်ထဲမှာ ဘယ်လိုဆန်းကြယ်ချိုမြိန်နေသလဲ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲဖြစ်လေသည်။

နူးညံ့နွေးထွေးတဲ့ အကြည့်တွေ၊ အရမ်းကြီး မချိုသော်လည်း စေတနာမေတ္တာပါသော စကားတွေ ဒီလောက်လေးနဲ့ကိုပဲ ဘာကြောင့်မှန်းမသိ တစ်နေ့တာ ပြည့်စုံခြင်းတွေဟာ ပြည့်ဝသလို ဖြစ်နေတာကြောင့် ကျေးအတွက်တော့ ခုတလောဟာ သာယာတဲ့ နေ့ရက်များပါပဲ။

သူ ဖျော်ပေးသွားတဲ့ ကော်ဖီရယ် ဟူသော အသိဖြင့် အရသာခံ တစိမ့်စိမ့် သောက်နေတုန်းမှာပဲ စားပွဲပေါ်မှာ တင်ထားသော ကျေးရဲ့ဖုန်းလေးထံမှ တီးလုံးသံ ထွက်ပေါ်လာသည်။ အသံကို နားထောင်လိုက်တာနဲ့ သူ့ဆီက မဟုတ်ဘူးဆိုတာတော့ ချက်ချင်းသိလေသည်။ သိဆို သူ့ Ring Tone က ကျေး ခံစားချက် သီချင်းလေး ထည့်ထားတာကိုး။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက သူ ဘေးနားမှာ ရှိခဲ့တုန်းက ကျေး ဖုန်းကို ခေါ်ကြည့်တော့ အဲဒီသီချင်း ထွက်လာခဲ့စဉ်က သူက မျက်မှောင်ကြီး ကြုတ်ပြီး မေးဖူးသည်။

{"အချစ်ဝတ္ထုတွေ ရုပ်ရှင်တွေ ကြည့်ပြီး xxx မင်းရဲ့စိတ်မှာ ချစ်သူပုံစံက xxx ဟောလီးဝုဒ်က မင်းသမီးတွေ အတိုင်းလား (ရပါတယ် xxx ရပါတယ်)

မီဂန်ဖောက်စ်လို ငါ့မှာ ဒါတွေမရှိ xxx အိပ်ကပ်တွေ ပြားနေ xxx ပိန်နေလို့ xxx မင်းလေးအတွက်တော့ xxx တို့က ပေစုတ်စုတ် xxx

အတင်းပြောတယ် xxx အပျင်းထူတယ် xxx အအိပ်ပုပ်တယ် xxx ဟုတ်တယ် ... ဒါပေမဲ့ xxx အကောင်းစား ရင်ဘတ်ဆီမှာ xxx ဖဲတစ်ချပ် မြင်တတ်ရင် xxx တွေ့လိမ့်မယ်"}

"အဲဒါ ဘာကြီးလဲ"

"ဟင် ... ဘာကြီးရမှာလဲ သီချင်းပေါ့၊ အသစ်လေ ... အသစ်"

"ဘာ အသစ်လဲ။ မင်းအတွက် ရေးပေးထားတဲ့ သီးသန့် သီချင်းအသစ်လား ... ဟက် ... ဟက် ... အဲဒီ သီချင်း





ကို မင်းက ငါ့အတွက် Ring Tone လုပ်ထားတယ်။ ဘာလဲ ... ငါ့ကို စောင်းထားတာပေါ့ ... ဟုတ်လား ...

ငါ့အတွက် မင်း ပေစုတ်စုတ် ကောင်မလေးဆိုတာ မင်းကိုယ်မင်းတော့ သိတယ်ပေါ့"

"ရှင် ... သေလို့ ရတယ် သိလား"

"ဟုတ်တယ်လေ ... မင်းက xxx xxx "

"အို ... မသိဘူး ... မသိဘူး။ ဘာမှလာမပြောနဲ့ ... ဘလာ ... ဘလာပဲ"

စကားကို နိုင်အောင် မပြောနိုင်တော့လျှင် ကျေး လုပ်နေကြ ထုံးစံအတိုင်း ဘလာ ဘလာဟု အော်ဟစ်ပစ်တတ်တာလည်း ကျေးရဲ့အကျင့်လို ဖြစ်နေခဲ့ပြီ။

အခုလည်း ကျေးဟာ တိုက်ဆိုင်မှုရှိတိုင်း သတိရနေသည်မှာ တစဉ်တဆက်ကြီး။ ဒါကြောင့် လာနေတဲ့ ဖုန်းကိုတောင် မေ့ပြီးမကိုင်မိသဖြင့် ဘေးက ဝိတ်တာလေးက ဖြတ်သွားရင်း သတိပေးရသည်။

"ဂျာလေး ... ဖုန်းလာနေတယ်လေ"

"ဟေး ... အေး ... ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက စိတ်တွေ ဘယ်ရောက်နေတာလဲ ဟူသော ပုံစံအကြည့်မျိုးဖြင့်ကြည့်ကာ စပ်ဖြဲဖြဲလုပ်သွားလျှင် ကျေးက မျက်စောင်းတစ်ချက်ထိုးပြီး ဖုန်းကို ဖွင့်ကိုင်လိုက်သည်။ အင်း ... ငါမသိတဲ့ ဖုန်းနံပါတ်ပါလား။ အမယ်လေး ... နံပါတ်ကတော့ ဂဏန်းလှလှပဲ။ 1 တွေချည်း ... ဟင်း လေလံဆွဲပြီး ပေးဝယ်ထားတဲ့ အရှုပ်ရှုပ်နံမှာ ... ခိ ခိ"

"ဟယ်လို ... အမိန့်ရှိပါ"

"ကျေးကျေးကျော်လား"

ဟင် ... တာဝတီံသာ ညှောင်နာနာပါလား။ သူမအသံကို ဖုန်းထဲက တစ်ခါမှ မကြားဖူးပေမယ့် ကြားဖူးတော့လည်း သူမအသံဟု ချက်ချင်းသိနေတာလည်း ဝင့်ကြွေးကြွေးရှိထင်ပါရဲ့။

"ဟုတ်တယ်"

သူမအသံကို ကြားတာနှင့် ကျေးအသံက ချက်ချင်းပဲ မာဆတ်သွားသည်။

"တို့ကို သိတယ်နော်"

"မသိပါဘူး ... ဘာလို့ သိရမှာလဲ"





"ဟား ဟား ... လိမ်တဲ့ပညာကို မကျွမ်းကျင်ဘဲနဲ့ ဟန်ဆောင်မနေစမ်းပါနဲ့၊ ဒီမှာ ... မင်းဆီကို သတိရလို့ ဆက်တယ်များ ထင်နေလား ...

အကြောင်းရှိလို့ ဆက်တာ"

"... ... ..."

ကျေးက ဘာမှပြန်မပြောမိသော်လည်း ဦးနှောက်ထဲက သွေးတွေကတော့ တိုးလာသည်ဟု ခံစားလာရလေသည်။ ဒီမိန်းမဟာ အကျိုးပြုဖို့ ကောင်းဖို့ ဆက်တာတော့ လုံးဝမဖြစ်နိုင်ဘူးဆိုတာ သိနေသည်။ မသိစိတ်ထဲမှာ အန္တရာယ်ရဲ့အငွေ့အသက်ကို ရနေ၏။

"နေခြည် မန္တလေးကို ဆင်းသွားတယ် မဟုတ်လား"

ကျေး ရင်ဘတ်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ သူမက ဆက်ပြောသည်။

"နေခြည် Accident တစ်ခု ဖြစ်လိမ့်မယ် ကျေးကျေးကျော်။ အဲဒါ မင်းကို လှမ်းပြောပြထားတာ"

"ရှင် ... ရှင် ... ဘာလုပ်လိုက်ပြန်ပြီလဲ။ ဟင် ... ရှင် ... တော်တော်စုတ်ပဲ့ ယုတ်မာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကြိုပြောပြတာ ယုတ်မာတာလား။ အိုခေ ... သတိပေးချင်လည်း လှမ်းပေးလိုက်ဦးပဲ။ ဒါပဲနော် ... Good luck"

အင်မတန် အော်ဂလီဆန်စရာ ကောင်းသော အသံဖြင့် သူမစကားသံ အဆုံးမှာ ကျေးက "အရူးမ"ဟု အကျယ်ကြီး အောင်လိုက်သော်လည်း သူမကတော့ ကြားမယ် မထင်ပါ။ ဒိုင်းနင်းရှမ်းထဲက လူတွေကသာ ကျေးကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်လာကြသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်သော ကျေးဟာ သူ့ဖုန်းကို အတုန်တုန် အလှုပ်လှုပ်ဖြင့် ကောက်နှိပ်မိသည်။ သို့သော် ဖုန်းက မဝင်။ ဆက်သွယ်မှုပြင်ပချည်း။ လေးငါးခါဖြစ်နေသောအခါ ကျေး စိတ်တွေ ဆောက်တည်ရာမရတော့။ ကားသော့ကို ဖျတ်ခနဲ ကောက်ကိုင်ကာ ဟိုတယ်ဝင်းထဲကနေ၍ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့သည်။ နာရီကို တစ်ချက်ကြည့်ရင်း ဒီအချိန်ဆို သူ ဘယ်ရောက်နေမလဲဟု တွေးမိသည်။

ဟို မိန်းမယုတ် သူ့ကားကို ဘာတွေများ လုပ်ထားတာပါလိမ့်။ ဘုရား ... ဘုရား ... ပြုခဲ့ဖူးသော အဓိဋ္ဌာန်များစွာရဲ့ တန်ခိုးတော်ကြောင့် သူ ဘာအန္တရာယ်မှ မတွေ့ပါစေနဲ့။





ကျေးက မောင်းလည်းမောင်း၊ တစ်ဖက်ကလည်း သူ့ကိုဖုန်းခေါ်နေမိသည်။ မရတစ်ချက် ရတစ်ချက်ဖြင့် နောက်တော့ ဖုန်းဝင်သွားသည်။

"အင်း ... ပြော ... ကျေး"

သုံးလုံးတည်း။ သုံးလုံးတည်း ရယ်ပေမယ့် အင်းဆိုတာရယ် ပြောဆိုတာရယ်နှင့် နောက်ဆုံး ကျေးဆိုတာရယ်မှာ နူးညံ့ကြည်ဖြူခြင်းတွေ ပါဝင်နေတာလေ။ ပြီးတော့ ကျေးဆီက ဖုန်းလာတာကို ဝမ်းသာသွားတဲ့ ပုံစံကြောင့် ကျေး ပို၀မ်းနည်းစိတ်ပူရသည်။

"ရှင် ဘယ်ရောက်နေတာလဲ"

"တယ်လီပေါ့နားလေ ... ဘာလို့လဲ"

သူက ပုံမှန်မဟုတ်သော ကျေးရဲ့အသံကို သတိထားမိဟန်ဖြင့် ပြန်မေးသည်။

"ရှင် ဆက်မသွားနဲ့၊ ကားရပ်လိုက်"

"ကားရပ်ရမယ် ! ဘာလို့လဲ။ မင်း ဘယ်ရောက်နေတာလဲ ကျေး။ လေသံတွေ တဂူးဂူးနဲ့ ကားမောင်းနေတာလား၊ ကားမောင်းရင်း ဖုန်းပြောနေတာလား ...



www.burmeseclassic.com

စိတ်မလှုပ်ရှားနဲ့လေ၊ ဘာဖြစ်လို့လဲ ကျေး"

"ကျွန် ... ကျွန်မဆီ စံမိုဦး ဖုန်းဆက်တယ်။ ရှင် ... ရှင် Accident တစ်ခု ဖြစ်မယ်တဲ့။ အဲ ... အဲဒါ ..."

"ကျွတ် ... ကျေး ကိုယ် ဘာမှမဖြစ်ဘူး၊ မင်း ကားဆက်မမောင်းနဲ့တော့ ကားကိုရပ်လိုက် ဘေးချရပ်လိုက်"

"အင်း ... အဲ ... အား"

"ကျေး ... ကျေး ... ဘာဖြစ်တာလဲ"

စိတ်လှုပ်ရှားခြင်းများစွာနှင့် လက်တစ်ဖက်က ဖုန်းပြောရင်း ကားမောင်းနေသော ကျေးသည် ရုတ်တရက် လမ်းပြောင်းပြန် စီးလာသော ဆိုင်ကယ်တစ်စီးကို မြင်တဲ့အခါမှာ ထိတ်လန့်ပြီး လုပ်မိလုပ်ရာဖြင့် လမ်းဘေးသို့ ဆွဲချလိုက်လျှင် ကားက အရှိန်မထိန်းနိုင်ဘဲ တရွတ်ဆွဲပါသွားပြီးနောက် ဓာတ်တိုင်နှင့် တည့်တည့်တိုက်မိကာ ကျေးရဲ့ခေါင်းမှာ ဒုတ်ခနဲမြည်သော ထုပုံမှု၊ နာကျင်မှု တစ်ခုကို ခံစားရပြီးနောက် လောကကြီးတစ်ခုလုံး အမှောင်ကျသွားခဲ့လေသည်။





"ဘီအေချစ်သူ"

ပန်းသည် နဖူးမှာ ပတ်တီးဖွေးဖွေး၊ ဆေးရှိန်ဖြင့် အိပ်မောကျနေသော ကျေးရဲ့မျက်နှာလေးကို ငေးရင်း ရင်ထဲမှာ နင့်လာသည်။ သူနှင့် ကျေးဟာ ဘာမှ မသက်ဆိုင်ကြသေးပေမယ့်လည်း ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့သဖြင့် ကျေးရဲ့လက်လေးတစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားမိသည်။ ကျေးသာ တစ်ခုခုဖြစ်သွားရင် စံမိုဦးကို သူ ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်။ ဒီလို အနှောင့်အယှက် ပေးနေတာတွေအတွက်လည်း တရားဥပဒေနည်းလမ်းနှင့် ဆောင်ရွက်သွားတော့မည်ဆိုတာ သူ သွားပြောပြီးပြီဖြစ်သည်။

တကယ်တော့ သူ့ကားကို စံမိုဦးက ဘာမှလုပ်မထားခဲ့ပါ။ စိတ်ပူပျာယာခတ်သော ကျေးကို တမင်အကွက်ဆင်

www.burmeseclassic.com



ပြီး ချောက်ချခဲ့တာဖြစ်သည်။ ဒီအတွက် ကျေးဟာ လမ်းဘေးခါတ်တိုင်ကို ဝင်တိုက်မိခဲ့ပြီး နဖူးပေါက်သွားခဲ့ရသည်။ တခြားအသက်အန္တရာယ် ကြီးကြီးမားမား မရှိခဲ့တာကိုပဲ မြတ်စွာဘုရားအား ကျေးဇူးအထပ်ထပ် တင်မိပါသည်။

ဒီလို ဖြစ်တော့မှပဲ ကျေးကို သူ ဘယ်လောက်မြတ်နိုးမိပြီဆိုတာ သိခွင့်ရတော့တာပါပဲ။ ချစ်တယ် ဆိုတာထက် ဒီကောင်မလေးကို ပိုသော သံယောဇဉ်တွေဖြင့် တွယ်တာမိခဲ့ရတာ တစ်နေ့တခြားလေ။ တရားဝင်ကြီး ဖွင့်ပြောဖို့ကျတော့လည်း ဒီအခြေနေလေးက နှလုံးသားကို တီမ်းမှုနစေသဖြင့် ငြိတွယ်နေခဲ့ရတာဖြစ်သည်။ ခုတော့ ကျေးကို အနီးကပ်စောင့်ရှောက်ချင်ခဲ့ပြီတည်း။ သူ ဖျစ်ညှစ်ထားသော ကျေးရဲ့လက်ချောင်းလေးများမှာ လှုးလွန့်လာကြသည်။

"ကျေး ... သတိရလာပြီလား"

"အင်း ... ရှင် ... ဘာမှမဖြစ်ဘူးနော်"

သူမ တစ်ယောက်လုံး လဲနေတာတောင် သူ့ကို စိုးရိမ်နေသေးရှာသော ကျေးရဲ့လက်ဖဝါးလေးကို သူ့ပါးပြင်မှာ ကပ်ထားမိသည်။





"ကျေးရယ် ... မင်းသာ တစ်ခုခု ဖြစ်သွားရင် ကိုယ် ဘာလုပ်ရမယ်တောင် သိတော့မှာ မဟုတ်ဘူး"

"အင်း"

"ကိုယ် စံမိုဦးကို သွားပြောပြီးပြီ။ တကယ်တော့ သူက မင်းစိတ်ပူအောင် တမင်ပြောလိုက်တာ"

"ကျွန်မကို အလွဲတွေ လုပ်တတ်မှန်း သိလို့ပေါ့လေ"

နွမ်းနွမ်းလှလှ ဆိုလာသော သူမရဲ့နဖူးက ဆံစလေးတွေကို သူက အသာသပ်ဖွပေးလိုက်မိသည်။ ပြီးတော့ ကြင်နာစွာဆိုမိပါသည်။

"မင်းက လွဲတဲ့နေရာမှာ ဘီအေဘွဲ့ ပေးရလောက်အောင် လွဲတယ်ဆိုပေမယ့် တစ်စုံတစ်ယောက်အတွက် အချစ်တွေပေးမယ်ဆိုရင်လည်း ချစ်သူမိန်းကလေးတွေထဲမှာ ဘီအေဘွဲ့ပေးရလောက်အောင် ချစ်တတ်တဲ့ မိန်းကလေးမျိုးဖြစ်မှာ ...

ကိုယ့်အတွက် ဘီအေချစ်သူလေး ဖြစ်ပေးပါလား၊ ကိုယ် မင်းကို တကယ်ကို ချစ်သွားလို့ပါ ... နော်"

www.burmeseclassic.com



သူ့ကို ငေးကြည့်လာသော ကျေးရဲ့မျက်ဝန်းတွေထဲမှာ စိုစွတ်တောက်ပလာသည်ဟု ထင်မိပါသည်။ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများက သူ့ကို တစ်ခုခု ပြောချင်ဟန်ဖြင့် ပြောထွက်မလာ။

"နော် ... ကျေး"

ကြည်ကြည်နူးနူး ပြုံးပြလိုက်ရင်း ခေါင်းတစ်ချက်ဆတ်ပြလိုက်ချိန်ဝယ် သူက ကျေးရဲ့လက်ဖမိုးလေးတစ်ဖက်ကို တရှိုက်မက်မက် နမ်းရှိုက်မိတော့သည်။ ဘာမှ မလိုပါဘူးလေ။ ယောကျ်ားတစ်ယောက်အတွက်တော့ ကိုယ့်ကို မေတ္တာစစ်နဲ့ချစ်ခဲ့သည့် မိန်းကလေးဆိုတာ သေချာလျှင် ကျန်တာတွေ ဘာမှများများစားစား' မလိုအပ်တော့ဘူး ထင်တာပဲ။

သူမရဲ့နှလုံးသားလေး ဖြူစင်နေလျှင် ဘာမှမလိုအပ်တော့တာ သေချာပါမည်။

**ဆုမြတ်မွန်မွန်**

6:45(P:M)

May. 17 th 2013.

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com